ကြေးမုံ
*The Mirror Daily*
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 18 March 2021 ၁၀၃၂၀

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီးနှင့် ရွှေတိဂုံစေတီတော်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် မတ် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ရုံးခန်း၌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက စေတီတော်မြတ်ကြီး၏ တည်ထားကိုးကွယ်မှုဆိုင်ရာ သမိုင်းကြောင်းများနှင့် ဘက်စုံပြုပြင် မွမ်းမံပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စေတီတော်မြတ်ကြီးအား ရဟန်းရှင်လူ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှု၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန်နှင့် စေတီတော်နှင့် ပတ်သက်၍ တိုးတက်စည်ပင်အောင် ဆောင်ရွက်စေလိုကြောင်း၊ စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များအား သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၁၇**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း နိုင်ငံခြားငွေစာရင်း(၃)ခုသို့ ပြည်ပနိုင်ငံများမှ NGO/INGO နှင့် အသင်းအဖွဲ့များဖြစ်သော အင်္ဂလန်နိုင်ငံ RBC Trustees(UK)မှ ပေါင်စတာလင် ၉ သိန်းကျော်နှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းနှင့် တရုတ်နိုင်ငံ Yunan International Non-Government Organization (YINGOs)မှ ယွမ် ၂၂ သန်းခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းကျော်အပါအဝင် အမေရိကန်နိုင်ငံမှ Suu Foundation ၊ မွန်ဂိုလီးယား၊ ချက်ရီပတ်ဗလစ်၊ အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်၊ အီတလီ၊ တူရကီ၊ စင်ကာပူ၊ အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံများနှင့် ထိုင်ဝမ်တို့မှ ကုမ္ပဏီများ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ပြည်တွင်းရှိ အလှူရှင်များ၏ နိုင်ငံခြားငွေများဖြင့် လှူဒါန်းငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ (၇,၉၀၀,၆၄၇.၇၁)(USD ၇ ဒသမ ၉ သန်းကျော်)ရှိပြီး ထုတ်ယူသုံးစွဲငွေ အမေရိကန်ဒေါ်လာ (၆,၈၁၃,၅၈၇.၃၈) (USD ၆ ဒသမ ၈ သန်းကျော်) ဖြစ်ကာ လက်ကျန်ငွေ အမေရိကန်ဒေါ်လာ (၁,၀၈၇,၀၆၀.၃၃) (USD ၁ သန်းကျော်) ဖြစ်သည်။

အဆိုပါကာလအတွင်း မြန်မာကျပ်ငွေစာရင်း(၁၃)ခုသို့ ပြည်တွင်း/ပြည်ပရှိ ငွေကျပ် သိန်း(၁၀၀)အထက် အလှူရှင်(၅၁)ဦးအပါအဝင် အလှူရှင်များ၏ လှူဒါန်းမှုငွေ အဝင်စာရင်း စုစုပေါင်းမှာ ကျပ်(၃၆,၇၃၆,၃၂၈,၆၆၆.၃၃) (ကျပ် ၃၆ ဒသမ ၇ ဘီလီယံကျော်) ဖြစ်ပြီး ငွေအထွက်စာရင်း စုစုပေါင်းမှာ ကျပ်(၃၀,၆၉၃,၄၂၇,၉၇၉) (ကျပ် ၃၀ ဒသမ ၆ ဘီလီယံကျော်)ဖြစ်ကာ လက်ကျန် ငွေကျပ်(၆,၀၄၂,၉၀၀,၆၈၇.၃၃) (ကျပ် ၆ ဒသမ ၀၄ ဘီလီယံကျော်) ဖြစ်ပါသည်။ ထို့အပြင် မြန်မာ့စီးပွားရေးဘဏ်(ကော့မှူး)၊ သမဝါယမဘဏ်(CB)၊ ဧရာဝတီဘဏ် (AYA)၊ ယူနိုက်တက်အမရာဘဏ်(UAB)နှင့် ကမ္ဗောဇဘဏ်(KBZ) တို့ရှိ စာရင်းရှင်အပ်ငွေ (Current Account) (၈)ခု၏ လက်ကျန်ငွေ စုစုပေါင်းမှာ ငွေကျပ် (၁၇,၈၂၄,၁၈၅) (ကျပ် ၁၇ ဒသမ ၈ သန်းကျော်) ဖြစ်ကြောင်း တွေ့ရှိရသည်။

သုံးစွဲငွေများအနက်မှ နေပြည်တော်၌ လရောင်တောစိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း (HTA)နှင့် အထောက်အပံ့အဆောက်အဦ (Facility Site)၏ မြေဧရိယာ (၁၀၁ ဒသမ ၃၃) ကေနှင့် လက်တွေ့စိုက်ခင်း မြေဧရိယာ (၂၃ ဒသမ ၈၅၅) ကေတို့၏

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မြန်သိ ချက်ချင်းဖြေရှင်းစနစ်ဖြင့် နွေရာသီ ကျေးလက်ဒေသရေရှားပါးမှုပြဿနာကို အချိန်မီဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်**
စာမျက်နှာ » ၄

**အသွင်ကူးပြောင်းမှုနှင့် နိုင်ငံ့အခြေအနေ အမှန်/အမှား ခွဲခြားရှုမြင်**
စာမျက်နှာ » ၆

**လမ်းပေါ်ထွက်ပြီး ရှေ့တန်းရောက်နေသော လူငယ်များသို့**
စာမျက်နှာ » ၁၀

ကြေးမုံ

# ဒီမိုကရေစီမပျက်စီးရေး ဥပဒေကိုလေးစားလိုက်နာ

မြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းနေသည့် နိုင်ငံဖြစ်သည်။ နိုင်ငံသားများအားလုံးသည် ဒီမိုကရေစီကို မြတ်နိုးကြသည်။ တန်ဖိုးထားကြသည်။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းတွင် လွတ်လပ်စွာပြောဆိုခွင့်၊ နေထိုင်ခွင့်၊ လုပ်ကိုင်ခွင့် ရှိကြပါသည်။ သို့သော် ထိုလွတ်လပ်မှုသည် သူတစ်ပါးကို မထိခိုက်စေရပါ။ မိမိနှင့် သဘောထား၊ အယူအဆ မတူသူများကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရချေ။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးလာခဲ့သည်မှာ ငါးနှစ်နှစ်ကြိမ်၊ ဆယ်နှစ်ရှိခဲ့ပြီ။ ဒီမိုကရေစီစနစ်နှင့် အတော်အသင့်ယဉ်ပါးလာခဲ့ပြီး လိုလားနှစ်သက်သော လွတ်လပ်ခွင့်များ ရရှိလာခဲ့သည်။ မြန်မာနိုင်ငံ၏ဒီမိုကရေစီ သက်တမ်းမှာ တိုတောင်းသေးသော်လည်း လွတ်လပ်ခွင့်မှာ ဒီမိုကရေစီသက်တမ်းရင့်သော နိုင်ငံများထက်ပင် ကျော်လွန်ရရှိနေကြပြီ ဖြစ်သည်။ ယခုအခါ ဒီမိုကရေစီအခွင့်အရေးကိုသော်လည်းကောင်း ၊ နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်ကိုသော်လည်းကောင်း အကြောင်းပြု၍ ဒီမိုကရေစီနှင့် မဆီလျော်သည့် ဥပဒေဘောင်ကျော်လွန်လုပ်ဆောင်မှုများကို တွေ့လာရသည်။

အစောပိုင်းတွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုများမှ ဆူပူဆန္ဒပြမှုများ ဖြစ်လာသည်။ ထိုမှတစ်ဆင့်တက်၍ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုလုပ်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေချိုးဖောက်မှုများရှိလာသည်။ ထိုမှတစ်ဆင့်တက်၍ အကြမ်းဖက်ဆူပူမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လုယက်ဖျက်ဆီးမှုများ၊ မီးရှို့မှုများ၊ အုပ်စုဖွဲ့အနိုင်ကျင့်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်စွဲ၍ အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီးတိုက်ခိုက်သတ်ဖြတ်မှုများအထိ ရှိလာသည်။ မင်းမဲ့စရိုက်ဆန်စွာ ပြုလုပ်မှုများရှိလာခဲ့သည်။ ဒီမိုကရေစီရရှိရေးဟု ကြွေးကြော်ပြီး ဒီမိုကရေစီဖျက်ဆီးမှုများ ပြုလုပ်လာသည်။

ထုတ်ပြန်ထားသော စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေတို့ကို မလိုက်နာလျှင် ဒီမိုကရေစီပျက်စီးစေရုံသာမက တိုင်းပြည်ပါ ပြိုကွဲပျက်စီးသွားနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဖျက်ဆီးခြင်း စသည့်ဥပဒေမဲ့ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါသည်။ ဥပဒေမဲ့ ပြုမူလုပ်ဆောင်မှုများကို နိုင်ငံတိုင်း၊ နိုင်ငံတိုင်း ထိရောက်စွာတားဆီးနှိမ်နင်းကြပါသည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ဘေးကင်းလုံခြုံခြင်းတို့ကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူများက ဥပဒေမဲ့ကျူးလွန်မှုများကို လက်မခံကြရုံသာမက နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ လက်မခံရှောင်ရှားကြဖို့ လိုပါသည်။ ဆူပူလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခြင်း၊ အားပေးအားမြှောက်ပြုခြင်းတို့ကို မပြုလုပ်ကြဖို့လိုအပ်ပါသည်။ ယခုအခါ လုံခြုံရေးအခြေအနေအရ နိုင်ငံတစ်ဝန်းတွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး ည ၈ နာရီမှ နံနက် ၄ နာရီအထိ အိမ်ပြင်မထွက်ရအမိန့် ထုတ်ပြန်ထားပါသည်။ ယင်းအမိန့်ကို နိုင်ငံသားတိုင်း လိုက်နာကြဖို့လိုပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ပြည်သူများ ဘေးအန္တရာယ်ကင်းရေးအတွက် ထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းအောင် ထိန်းထိန်းသိမ်းသိမ်း အလေးထားဆောင်ရွက်နေပါသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်ပါသည်။

ပြည်သူများအနေဖြင့် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေအရ ပုဒ်မ ၁၄၄ ကိုသော်လည်းကောင်း၊ စစ်အုပ်ချုပ်ရေးအာဏာကိုသော်လည်းကောင်း သိရှိနားလည်ကြရန်နှင့် လိုက်နာဆောင်ရွက်ကြရန်လိုပါသည်။ ထုတ်ပြန်ထားသောဥပဒေများကို အလေးထားလိုက်နာခြင်းမရှိပါက ဖမ်းဆီးအရေးယူ အပြစ်ပေးခြင်းခံရနိုင်သည်ကို သတိချပ်ရန်လိုပါသည်။ အထူးသဖြင့် စစ်အုပ်ချုပ်ရေးအာဏာသက်ရောက်သည့် မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသော အမိန့်များကို နားလည်သိရှိနေထိုင်ကြရန်လိုအပ်ပါသည်။ မသမာသူအဖျက်သမား၊ အကြမ်းဖက်ဆူပူ တိုက်ခိုက်သူများအန္တရာယ်ကိုလည်း အထူးသတိထားရန် လိုအပ်ပါသည်။

စစ်အုပ်ချုပ်ရေးအမိန့်အရ ဥပဒေဖောက်ဖျက်ကျူးလွန်သူများအား ဖမ်းဆီးအရေးယူခြင်း၊ တရားစီရင်ခြင်းတို့အား အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဆောင်ရွက်ကြသည်ကို ကိုယ်တွေ့ကြုံဖူးသူတိုင်း သိရှိကြပါသည်။ ပြစ်မှုကျူးလွန်မှု အတိမ်အနက်အလိုက် ပြစ်မှုဆိုင်ရာမှုခင်းပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ သေဒဏ် သို့မဟုတ် နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ် သို့မဟုတ် သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခံရနိုင်သည်ကို အထူးသတိပြုရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့်ပြည်သူများအားလုံး၏ အကျိုးစီးပွားအတွက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ရပ်ရွာတည်ငြိမ်အေးချမ်းမှုကို ဆိုးရွားစွာထိခိုက်စေသော မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကာ ထိထိရောက်ရောက်ဆောင်ရွက်နေပြီဖြစ်၍ ဒီမိုကရေစီမပျက်စီးရေး၊ တိုင်းပြည်မထိခိုက်ရေးကို အလေးထားကာ ထုတ်ပြန်ထားသောအမိန့်များကို လေးစားလိုက်နာကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၇

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၇-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၄၀၀ | ၁,၀၃၅ | ၉,၆၆၆,၇၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၁၆၂ | ၅၇၃,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၃ | ၆၂,၁၀၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၇.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၇.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၉.၅၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၃၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၆.၅၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၆၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၃.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၀.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၇.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၄၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လို

**CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ စစ်ဆေးအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ယင်ထားသည့် ဓာတ်ပုံများ အထူးသဖြင့် လူမှုကွန်ရက် မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများ ဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁၀၄ /၂၀၂၁**

**၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်**

**(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာဗညားအောင်မိုးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အဖြစ် ခန့်အပ်လိုက်သည်။

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❒ ရွှေဖိုးမှ**

ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီး ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဂေါပကအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်မည့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဂေါပကအဖွဲ့ဝင်များသည် စေတီတော်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန် လိုအပ်ကြောင်း၊ ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် လိုအပ်သည်များကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သာသနာရေးဆိုင်ရာများကို ဖြည့်စွက်ဆွေးနွေး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိ ရာထူး၊ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| ( က ) | ဦးအောင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ( ခ ) | ဦးမျိုးမင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးရွှေမော် | ညွှန်ကြားရေးမှူးချုပ်<br>ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| ( ခ ) | ဦးဉာဏ်ထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

## “ပြည်သူသို့ မေတ္တာရပ်ခံချက်”

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# မြန်မြန်သိ ချက်ချင်းဖြေရှင်းစနစ်ဖြင့် နွေရာသီ ကျေးလက်ဒေသရေရှားပါးမှုပြဿနာကို အချိန်မီဖြေရှင်းပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၇**
နွေရာသီ ရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၏ လက်ရှိ သောက်သုံးရေရရှိနိုင်မှု အခြေအနေမှာ ၇၇ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ကြောင်း၊ သို့ရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် ဆည်ရေကန်များ ဝင်ရေလျော့နည်းခြင်း၊ အပူချိန်တိုးမြင့်လာသဖြင့် ရေများလျော့နည်းခန်းခြောက်လာခြင်းများ ဖြစ်ပေါ်နေမှုကြောင့် နွေရာသီရေရှားပါးမှုပြဿနာများကို ဆက်လက်ကြုံတွေ့နိုင်ကြောင်း ခန့်မှန်းသုံးသပ်ချက်များအရ လိုအပ်သည့် လတ်တလောဖြေရှင်းရမည့်ကိစ္စရပ်များ၊ ကာလတိုနှင့် ကာလရှည် စီမံမှုများ ဆောင်ရွက်သွားရန် လိုအပ်သည့် အစီအစဉ်များနှင့် ရေဖြန့်ဝေမှုစံနှုန်းများတွင် အခြေအနေပေးသည့် ဒေသတိုင်း၌ ဒီဇယ်ရေတင်စနစ်မှ ဆိုလာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က နွေရာသီ ရေရှားပါးပြတ်လပ်နိုင်မှုအခြေအနေများ၊ ရေရှားပါးပြတ်လပ်ပါက ကာလတို၊ ကာလလတ်နည်းလမ်းများဖြင့် ရေရရှိအောင် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များ၊ ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နွေရာသီ ရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် နွေရာသီရေရှားပါးပြတ်လပ်နိုင်မှု အခြေအနေများနှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကိုလည်းကောင်း၊ ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယခင်က ပူပြင်းခြောက်သွေ့သော ဒေသများသာကြုံတွေ့ကြရသည့် ရေရှားပါးမှုပြဿနာသည် ရာသီဥတု ပြောင်းလဲလာမှုကြောင့် ယခုအခါ တောင်ပေါ်မြေပြန့်စသည့် နိုင်ငံတစ်ဝန်းကြုံတွေ့နေကြရကြောင်း၊ အဆိုပါ ပြဿနာအား အောင်မြင်စွာ ဖြေရှင်းကျော်လွှားနိုင်ရန် ဦးစီးဌာနတစ်ခုတည်းသာမက အခြားသက်ဆိုင်သည့် ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**အခက်အခဲကြုံတွေ့နိုင်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေး အချက်အလက် စီမံခန့်ခွဲမှုစနစ် (Rural Water Supply –Management Information System RWS–MIS)ကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး ကျေးရွာများ၏ လက်ရှိရေသုံးစွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေများကို ကောက်ယူဆောင်ရွက်လျက်ရှိရာ ယမန်နှစ် နွေရာသီကာလတွင် ကျေးရွာပေါင်း ၃၉၄ ရွာ၌ ရေရှားပါးမှုအခက်အခဲကြုံတွေ့နိုင်ကြောင်း မျှော်မှန်းစီစဉ်ခဲ့ပြီး လက်တွေ့တွင် ကျေးရွာပေါင်း ၃၄၇ ရွာ၌ ရေဖြန့်ဝေခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် နွေရာသီရေရှားပါးကျေးရွာပေါင်း ၃၀၀ ခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားရှိပြီး မြန်မြန်သိ ချက်ချင်းဖြေရှင်းစနစ်ဖြင့် နွေရာသီရေရှားပါးမှုပြဿနာကို အချိန်မီ ဖြေရှင်းပေးနိုင်ရန် ကြိုတင်သတင်းအချက်အလက်ရယူခြင်း၊ မိုဘိုင်းဖုန်းဖြင့် ကျေးရွာများနှင့် ချိတ်ဆက် ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၉၈၁ ခုကို ဆောင်ရွက်သွားမည်ဖြစ်၍ ကျေးရွာ ၁၉၃၂ ရွာရှိ လူဦးရေ ၁ ဒသမ ၄ သန်းခန့်ကို အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ခရီးသွားလာနိုင်အောင် မော်တော်ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အရာထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနရှိ နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်သူများ ကိုဗစ်-၁၉ ကာလအလွန် မွန်းကျပ်နေသော စိတ်ခံစားမှုများ လျော့ပါးပြီး စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်ချမ်းမြေ့စွာ ခရီးသွားလာ အပန်းဖြေနိုင်ရေးအတွက် အထူးအလေးထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်တွင်းခရီးသွားလုပ်ငန်းများကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ညွှန်ကြားထားရှိပြီး ပုဂံ- မန္တလေး- ပြင်ဦးလွင်- ငပလီ- ချောင်းသာနှင့် ငွေဆောင်ဒေသများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကြောင့် မွန်းကျပ်နေမှုအပေါ် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခရီးသွားလာနိုင်အောင် မော်တော်ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်း ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်များ အမြန်ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ညွှန်ကြားချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ ဟိုတယ်များ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနမှ ရေးဆွဲထားသည့် Enchanting Myanmar Health & Safety Protocols နှင့်အညီစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ထဲထဲဝင်ဝင်နှင့် ဦးဆောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနတာဝန်ခံများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိကိုယ်တိုင် အရာရာကို ချင့်ချိန်တွေးတောကြံဆပြီး လုပ်ငန်းတာဝန်များအား ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်သလို မိမိတို့ကြီးကြပ်ကွပ်ကဲမှုပြုသော ဝန်ထမ်းများကိုလည်း ပါတီနိုင်ငံရေးကင်းရှင်းပြီး ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များကို အလေးထား လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရာတွင် ဝန်ထမ်းအားလုံး ပူးပေါင်းပါဝင်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**မှာကြား**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနတာဝန်ခံများက ဌာနအလိုက် ဝန်ထမ်းခန့်အပ်ထားရှိမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များက ဌာနများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းစည်းမျဉ်းနှင့်အညီ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၇**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ နေပြည်တော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာ အချောထည် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ၊ လက်လုပ်လက်စား၊ အသေးစားနှင့် အငယ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသည့် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသည့် ကုန်ကြမ်းယူ၊ ကုန်ချောပေးလက်ခစားလုပ်ငန်း (Cutting, Making, Packaging) CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ ကော်မတီအတွင်းရေးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက ရန်ကုန်မြို့မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါဝင်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားရေးနှင့် ဦးတည်ချက်(၉)ရပ်တွင် ပါဝင်သည့် စီးပွားရေးဦးတည်ချက် (၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားကုမ္ပဏီများ၊ တိုင်းရင်းသားကုမ္ပဏီများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ဆောင်ရွက်နေသည့် (Cutting, Making, Packaging) CMP ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေး စစ်ဆေးဆောင်ရွက်နိုင်ရန် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း။

CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို အထောက်အကူပြုနိုင်ရန်အတွက် CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ၊ CMP လုပ်ခနှင့် အခွန်ကြီးကြပ်ရေးဆပ်ကော်မတီ၊ CMP သွင်းကုန်၊ ပို့ကုန်ဆိုင်ရာ ကြီးကြပ်ရေးဆပ်ကော်မတီ စသည့် ဆပ်ကော်မတီ သုံးခုနှင့် CMP လုပ်ငန်း အကြံပေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် CMP လက်ခစားလုပ်ငန်းများနှင့်ပတ်သက်၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် လိုအပ်သည့် တိုင်းဒေသကြီး/ပြည်နယ်များ၌ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

**ဖွဲ့စည်းဆောင်ရွက်လျက်ရှိ**

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီများက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြား၍ လိုအပ်သလို ကွင်းဆင်းစစ်ဆေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရ မိမိတို့ကော်မတီ၏ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ ဆက်လက်ဖွဲ့စည်းရန် သင့်/ မသင့် ယခုအစည်းအဝေးတွင် ဆွေးနွေးပေးစေလိုပါကြောင်း၊ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသည် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များက CMP စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်လိုကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သို့ လျှောက်ထားလာပါက သဘောထားမှတ်ချက်စိစစ် ပြန်ကြားဆောင်ရွက်ပေးခြင်းနှင့် CMP လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများ လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ၊ အခွန်ပေးဆောင်ခြင်း ရှိ/ မရှိ၊ အလုပ်သမားများကို လုပ်ခခံစားခွင့်များ အပြည့်အဝထုတ်ပေးခြင်း ရှိ/ မရှိ၊ စာရင်းဇယားများ စနစ်တကျထားရှိခြင်း ရှိ/ မရှိ စသည်တို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရပါကြောင်း။

မြန်မာနိုင်ငံတွင် CMP လက်ခစားလုပ်ငန်းကို အထည်ချုပ်လုပ်ငန်းများက စတင်ခဲ့ပြီး ဖိနပ်ချုပ်လုပ်ငန်း၊ ဦးထုပ်ချုပ်လုပ်ငန်း၊ ရော်ဘာပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ထရန်စဖော်မာ အပိုပစ္စည်းလုပ်ငန်း၊ မှန်ဘီလူးလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာလုပ်ငန်း၊ အသက်ကယ်လှေနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်း၊ ပီနံအိတ်လုပ်ငန်း၊ ဖဲပြားလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ သတို့သမီးဝတ်စုံလုပ်ငန်း၊ ဆံပင်တုလုပ်ငန်းနှင့် ကျောက်စိမ်းပန်းကပ်လုပ်ငန်း စသည့်လုပ်ငန်းအများအပြား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲလုပ်ကိုင်မှုများပြားလာပြီး လုပ်ငန်းများ အဆင်ပြေလွယ်ကူစေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးခဲ့သဖြင့် CMP လုပ်ငန်းများ ပိုမိုတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် CMP လက်ခစားစက်မှုလုပ်ငန်းများသည် အဓိကအားထားရသည့် လုပ်ငန်းများဖြစ်ပါကြောင်း။

CMP စက်မှုလုပ်ငန်းများ၏ လက်ရှိအခြေအနေ၊ CDM ပြုလုပ်သူများ၏ ခြိမ်းခြောက်မှု၊ မီးဘေးအပါအဝင် လုံခြုံရေးထိခိုက်မှုများ၊ ဘဏ်များတွင် ငွေသွင်းငွေထုတ်မှု အခက်အခဲများ၊ လုပ်ငန်းဆိုင်ရာ အားနည်းချက်များ၊ အားသာချက်များကိုလေ့လာ၍ လုပ်ငန်းများတိုးတက်နိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ပါက အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်ပြီး ကျွမ်းကျင်လုပ်သားများစွာ မွေးထုတ်ပေးနိုင်မည့်အပြင် နိုင်ငံတော်အတွက် အရင်းအနှီးနည်းပါးစွာဖြင့် နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများစွာ ဖန်တီးပေးနိုင်ခြင်း၊ နည်းပညာများရရှိခြင်း၊ နိုင်ငံတကာ ဈေးကွက်ဝေစုရရှိခြင်း၊ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် CMP လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် အလေးထားဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဆပ်ကော်မတီ (၃) ရပ်နှင့် CMP လုပ်ငန်းအကြံပေးကော်မတီဖွဲ့စည်းနိုင်ရေးနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကိုကိုလွင်က CMP စက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှုနှင့် CMP ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေးနှင့် ပြည်ပဈေးကွက်ဝေစုရရှိရေး ဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ အတည်ပြုဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ လက်ရှိတွေ့ကြုံနေရသည့် လုပ်ငန်းအခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည့် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အသွင်ကူးပြောင်းမှုနှင့် နိုင်ငံ့အခြေအနေ အမှန်/အမှား ခွဲခြားရှုမြင်

**မောင်သောမန**

(ယမန်နေ့မှ အဆက်)

### ဥပဒေများဖျက်သိမ်း

တိုင်းပြည်အကျိုးစီးပွားကို ရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေများကို NLD အစိုးရ နိုင်ငံ့တာဝန်ယူစဉ်က မရိုးဖြောင့်သော သဘောထားဖြင့် ဖျက်သိမ်းခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့် ဧည့်စာရင်းတိုင်ကြားခြင်းဆိုင်ရာဥပဒေတို့ကို ဖျက်သိမ်းခဲ့သည်။ အဆိုပါဥပဒေများသည် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်သည်။ ထိုဥပဒေများသည် ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်ရေးအတွက် မြို့ရွာများလုံခြုံရေးစနစ်ကောင်းမွန်အောင် ပြဋ္ဌာန်းထားသော ဥပဒေများဖြစ်သည်။

ထိုဥပဒေသုံးခုစလုံးသည် လုံခြုံရေးအတွက် အရေးကြီးသောဥပဒေများဖြစ်သည်။ ရှေးယခင်ခေတ်ကာလအဆက်ဆက်ကတည်းက ကျင့်သုံးလာခဲ့သော ဧည့်စာရင်းတိုင်ကြားသောစနစ်ကို NLD အစိုးရလက်ထက်တွင် ဖျက်သိမ်းပစ်နိုင်ခဲ့သည်ကို NLD လွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။ အဆိုပါဥပဒေများ ဖျက်သိမ်းရန် လွှတ်တော်သို့ တင်ပြချိန်က တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ့အကျိုးရည်မျှော်၍ ကန့်ကွက်ခဲ့ကြသည်ကို မှတ်မိကြဦးမည် ထင်ပါသည်။ သို့သော်လည်း မဲခွဲဆုံးဖြတ်ပြီး အင်အားများသူတို့ အနိုင်ရခဲ့သည်။ ယခင်က ရပ်ရွာများတွင် ဧည့်စာရင်းမတိုင်ပါက ထောင်ဒဏ်၊ ငွေဒဏ်ချမှတ်ခံရသဖြင့် မတရားဖိနှိပ်သော ဥပဒေဟု စွပ်စွဲကာ ဖျက်သိမ်းခဲ့ကြသည်။

### တိုင်းပြည်လုံခြုံရေးထိခိုက်

**အမှန်တွင် ဧည့်စာရင်းစနစ်ကို ကျင့်သုံးသောကြောင့် ရပ်ရွာများအတွင်း သူစိမ်းတစ်ရံဆံမည်သူရောက်ရှိနေသည်ကို ချက်ချင်းသိရှိနိုင်ပြီး ဥပဒေဖောက်ဖျက်သူများ၊ ဒုစရိုက်သမားများ၊ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်မည့်သူများကို အလွယ်တကူ ရှာဖွေတားဆီးနိုင်သည်။ ယခင်က နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ရှာဖွေဖမ်းဆီးနိုင်သဖြင့် ၎င်းတို့၏အကျိုးတစ်ခုတည်းကိုကြည့်ကာ ဖျက်သိမ်းခဲ့၍ မြို့ရွာများတွင် အကြမ်းဖက်သမားများ၊ ဒုစရိုက်သမားများ၊ တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသူများ အများအပြားရောက်ရှိလာပြီး ရပ်ရွာလုံခြုံရေး၊ တိုင်းပြည်လုံခြုံရေးကို ထိခိုက်လာခဲ့သည်ကို ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်သည်။**

ထို့အပြင် ပထမအစိုးရလက်ထက် ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော "မျိုးစောင့်ဥပဒေ" ဟု အမည်တွင်သည့် 'တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ'၊ 'မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ' နှင့် 'လူဦးရေတိုးပွားမှု ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ' တို့ကို ဖျက်သိမ်းရန် ကြိုးစားခဲ့သော်လည်း လက်ရှိအချိန်အထိ တည်ဆဲဥပဒေများအဖြစ်သာ ရှိနေသေးသည်။ အမှန်တကယ်တွင် ပြည်ထောင်စုအဆင့်ဥပဒေပြုသူများအနေဖြင့် နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအမြင်များ ကျယ်ပြန့်စွာရှိဖို့လိုအပ်ပြီး အရေးကြီးသော ဥပဒေများကို ဖျက်သိမ်းလိုက်ခြင်းက တိုင်းပြည် မည်သည့်အခြေအနေရောက်နိုင်သည်ကို သက်သေပြလျက်ရှိသည်။

### အမျိုးဘာသာသာသနာ

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားပြီး အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သည်။

> **နိုင်ငံတော်၏ ဘဏ္ဍာငွေဖြစ်သည့် နိုင်ငံတော်သမ္မတ အရေးပေါ်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၆၄၂၆ သန်း ထုတ်ယူသုံးပြီး ဆိုရှယ်လူမှုကွန်ရက်ပေါ်မှ ပြည်သူလူထု၏ လွတ်လပ်စွာ ဝေဖန်ရေးသားပြောဆိုမှုများကို ထိန်းချုပ်ခဲ့ပါသည်။ လွတ်လပ်စွာဆန္ဒဖော်ထုတ်မှု၊ လွတ်လပ်စွာပြောဆိုမှု၊ ဟောပြောမှု၊ စီတန်းလှည့်လည်မှုများကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားတားဆီးခဲ့သလို ဥပဒေကြောင်းအရလည်း ရှာဖွေဖမ်းဆီးအရေးယူခဲ့သည်ကိုလည်း တွေ့ရသည်။ ပြည်သူ့အစိုးရဟူသော လက်ထက်တွင် ယခင်ပထမ ဒီမိုကရေစီအစိုးရလက်ထက်သာလွန်၍ အရေးယူတားဆီးမှုများပြုလုပ်ခဲ့သည်။ ပြည်သူ့အစိုးရလက်ထက်တွင် မီဒီယာသမားများအား ဖမ်းဆီးအရေးယူမှု ယခင်အစိုးရကာလထက် ပိုမိုများပြားခဲ့ကြောင်း လေ့လာသူတို့က တင်ပြကြ။**

နိုင်ငံ၏ လူ့ဘောင်အသိုက်အဝန်းများတွင် ဘာသာတရားကိုအခြေခံ၍ ရပ်တည်ရှင်သန်နေကြသည်။ NLD ပါတီနှင့် အစိုးရအနေဖြင့် ယင်းအချက်ကို မျက်ကွယ်ပြုခဲ့သည်။ အာဏာရပါတီနှင့် အစိုးရသည် ဘာသာခြား၊ လူမျိုးခြားတို့နှင့် ရည်ရွယ်ချက်ကြီးမားစွာ ပတ်သက်ခဲ့သည်။ ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းရန်အတွက် ကိုဖီအာနန် ကော်မရှင်အစီရင်ခံစာတွင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကိုပြင်ဆင်၍ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားပေးရန် အစီအစဉ်လမ်းကြောင်းပေးလာခဲ့သည်။ သို့သော် မြန်မာနိုင်ငံအတွက် ထိလွယ်ရှလွယ်အန္တရာယ်များသော ထိုဥပဒေပြင်ဆင်ရေးကို ရှောင်ကွင်း၍ ဥပဒေဖျက်သိမ်းခြင်း၊ ပြဋ္ဌာန်းခြင်း၊ စာချုပ်လက်မှတ်ရေးထိုးခြင်းတို့ကို လုပ်ဆောင်လာခဲ့သည်။

**နိုင်ငံတော်၏ ဘဏ္ဍာငွေဖြစ်သည့် နိုင်ငံတော်သမ္မတ အရေးပေါ်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၆၄၂၆ သန်း ထုတ်ယူသုံးပြီး ဆိုရှယ်လူမှုကွန်ရက်ပေါ်မှ ပြည်သူလူထု၏ လွတ်လပ်စွာ ဝေဖန်ရေးသားပြောဆိုမှုများကို ထိန်းချုပ်ခဲ့ပါသည်။ လွတ်လပ်စွာဆန္ဒဖော်ထုတ်မှု၊ လွတ်လပ်စွာပြောဆိုမှု၊ ဟောပြောမှု၊ စီတန်းလှည့်လည်မှုများကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားတားဆီးခဲ့သလို ဥပဒေကြောင်းအရလည်း ရှာဖွေဖမ်းဆီးအရေးယူခဲ့သည်ကိုလည်း တွေ့ရသည်။ ပြည်သူ့အစိုးရဟူသော လက်ထက်တွင် ယခင်ပထမ ဒီမိုကရေစီအစိုးရ လက်ထက်သာလွန်၍ အရေးယူတားဆီးမှုများပြုလုပ်ခဲ့သည်။ ပြည်သူ့အစိုးရလက်ထက်တွင် မီဒီယာသမားများအား ဖမ်းဆီးအရေးယူမှု ယခင်အစိုးရကာလထက် ပိုမိုများပြား**ခဲ့ကြောင်း လေ့လာသူတို့က တင်ပြကြသည်။

### ဗုဒ္ဓဘာသာအသင်းအဖွဲ့ဖျက်သိမ်း

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအစဉ်အလာအရ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးကို ဆောင်ရွက်ကြသည့် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၊ အမျိုးသား နိုင်ငံရေးအင်အားစုများကို အမျိုးမျိုးဖိအားပေး ဖယ်ရှားအရေးယူနိုင်အောင် ဆောင်ရွက်ခဲ့သည်။ အမျိုးဘာသာ သာသနာအရေးကို ဆောင်ရွက်သော YMBA အသင်းကိုပင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဗုဒ္ဓဘာသာရဟန်းတော်များက ဦးဆောင်ဖွဲ့စည်းထားသော အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ)ကို ဓမ္မစက်ဖြင့် ဖျက်သိမ်းပစ်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ မြို့နယ်အလိုက် ထူထောင်ထားသော (မဘသ)ဆိုင်းဘုတ်များကို ဖြုတ်သိမ်းရန် ပြုလုပ်ခဲ့သည်။

အဆိုပါအသင်းအဖွဲ့အရေးကိစ္စကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရမည် ဖြစ်သော်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (မဟန) ကို ဖြေရှင်းခိုင်းခဲ့သည်။ အမှန်တကယ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အရ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်၊ ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဥပဒေတွင်ပါရှိသည့် လွတ်လပ်စွာဖွဲ့စည်းခွင့်၊ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ စသည်တို့ကို ဦးစွာဖျက်ပြီးမှသာလျှင် နိုင်ငံတော်အစိုးရအနေဖြင့် (မဘသ) ကို ဖျက်သိမ်းခြင်း၊ ဆိုင်းဘုတ်ဖြုတ်သိမ်းခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

### ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်

နိုင်ငံတော်ကို တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ခဲ့သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေး လေးကြိမ်ကျင်းပနိုင်ခဲ့ပြီး အခြေခံမူအချို့ကို ချမှတ်နိုင်ခဲ့သည်။ သို့သော် ငြိမ်းချမ်းရေးခရီးလမ်းမှာ အလှမ်းဝေးနေဆဲ ဖြစ်သည်။ တပ်မတော်ကို အလေးမထားဘဲ အတေးအမှတ်ထားသော အစိုးရအဖွဲ့အနေဖြင့် မည်သည့်နည်းဖြင့် ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်နိုင်ပါမည်နည်း။ ငြိမ်းချမ်းရေးကို တပ်မတော်၊ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးစားပွဲဝိုင်းတွင် ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည် ဆုံစည်းနိုင်ပါမှ ငြိမ်းချမ်းရေးခရီး နီးမည်ဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေးကို ကြွေးကြော်ကာ အစိုးရတာဝန်ယူခဲ့သောအဖွဲ့သည် လက်ရှိတွင် နိုင်ငံတော်၏လိုအပ်ချက်အရ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေသော တပ်မတော်ကို ဘေးဖယ်ကာ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ်ထင်ရာကိုယ်လုပ်ခဲ့သည်။ နောက်ဆက်တွဲအကျိုးဆက်ကြောင့် နိုင်ငံတော်နှင့် ပြည်သူ ထိခိုက်နစ်နာရသည့် အဖြစ်မျိုးရောက်နေသည်ကို လက်တွေ့မြင်တွေ့နိုင်ပေသည်။ ငါးနှစ်တာကာလအတွင်း အမျိုးသားရေး စရိုက်လက္ခဏာများ ဖျက်ဆီးခြင်းခံခဲ့ရသည်။ အမျိုးဘာသာသာသနာကို မှေးမှိန်အောင် လုပ်ဆောင်ခဲ့သည်။ ရှေးအစဉ်အဆက် အမွန်အမြတ်ထားခဲ့သော ဗုဒ္ဓသာသနာတော် တန်းညှိခြင်း ခံခဲ့ရသည်။

### ကိုယ်တိုင်မဲဆွယ်စည်းရုံး

အတိုက်အခံပါတီဘဝက ယခင်အာဏာရပါတီ ပထမအစိုးရကို ရိပ်ဖမ်းသံဖမ်းပင် မဲဆွယ်စည်းရုံးခွင့်မရအောင် ဝေဖန်ထောက်ပြခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပထမအကြိမ် ရွေးကောက်ပွဲနီးသောကာလတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သမ္မတစစ်ဆေးသည့်သတင်းကို အစိမ်းရောင်သစ်ပင်များ အသားပေးပြီး မဲဆွယ်စည်းရုံးပါသည်ဟု ပြစ်တင်ပြောဆိုခဲ့သည်။ ကိုယ်တိုင်အစိုးရဖြစ်လာသောအခါ မီဒီယာများ၊ လူမှုကွန်ရက်များကိုအသုံးချကာ အခြားပါတီများ မဲဆွယ်စည်းရုံးအခွင့်အရေးများကို လျစ်လျူရှုပြီး ခေါင်းဆောင်များ ကိုယ်တိုင် မဲဆွယ်စည်းရုံးခဲ့သည်။

ပထမအာဏာရပါတီအစိုးရ မဲဆွယ်စည်းရုံးခြင်းမပြုနိုင်အောင် ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည့် အတိုက်အခံပါတီသည် အစိုးရအာဏာရလာသောအခါ ကိုယ်တိုင်မဲဆွယ်စည်းရုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြောင့်ကျကျချိုးဖောက်ခဲ့သည့်အပြင် ဝန်ထမ်းများ ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဆိုသည့်အချက်ကို လျစ်လျူရှုခဲ့ပြီး ပါဝင်ပတ်သက်စေခဲ့သည်။ ပါတီနိုင်ငံရေးမှ လူထုတော်လှန်ရေးအဖြစ် အသွင်ပြောင်းပေးခဲ့ခြင်းမှာ အဆိုးရွားဆုံးဖြစ်သည်။

ပြည်သူလူထုအားသည်သာ အဓိကပါ၊ ပြည်သူလူထုကို အားကိုးပါသည် စသည်ဖြင့် အစိုးရကိုယ်တိုင် ဦးဆောင်စွမ်းဆောင်ခြင်းမရှိဘဲ မကြာခဏ ပြည်သူကိုသာ တိုင်တည်နေရသည့် အစွမ်းအစကို ခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ ပြည်သူ့အကျိုးကို လက်တွေ့လုပ်ဆောင် မပြသနိုင်ဘဲ နှုတ်ပြောစကားဖြင့် စည်းရုံးနိုင်ခဲ့ခြင်းသည် ကိုယ်ကျိုးစီးပွား၊ ပါတီအကျိုးစီးပွားအတွက် ထိရောက်မှုရှိစေခဲ့သည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအား တပ်မတော်အပေါ်အထင်အမြင်လွဲမှားအောင်ဖန်တီးပြီး လမ်းမှားပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

**စာမျက်နှာ ၇ သို့ ❖**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံအုပ်ချုပ်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်း(မြို့နယ်အဆင့်)သို့ သွားရောက်ကြည့်ရှု

**နေပြည်တော် မတ် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကျောက်ချပ်)တို့၌ ဖွင့်လှစ်ပို့ချနေသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ စီမံအုပ်ချုပ်ရေး (စီမံ၊ ဘဏ္ဍာ၊ ပညာ) အရည်အသွေးမြှင့်မွမ်းမံသင်တန်း (မြို့နယ်အဆင့်) သို့ သွားရောက်ကြည့်ရှုသည်။



**ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိ**

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ကျောင်းများပိတ်ထားရသည်မှာ တစ်နှစ်ဝန်းကျင် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေး အခြေခံစည်းမျဉ်းစည်းကမ်း ၂၂ ချက်နှင့်အညီ စိစစ်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ ပညာရေးမှူးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်ပြီး ဧပြီလဆန်းမှစတင်၍ ပါရဂူတန်းများကို လည်းကောင်း၊ မေလဆန်းမှစတင်၍ နောက်ဆုံးနှစ်ဘွဲ့သင်တန်းများကိုလည်းကောင်း ပြန်လည်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထိုသို့ဖွင့်လှစ်ပေးခြင်းဖြင့် သက်ဆိုင်ရာ ဘွဲ့အသီးသီးရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။

ကျောင်းအုပ်ကြီးများအနေဖြင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ မိမိကျောင်း၏ အထွေထွေလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန်ဖြည့်ဆည်းဆောင်ရွက်စေလိုပါကြောင်း၊ ကျောင်းစာကြည့်တိုက်များအတွက် လိုအပ်သော စာအုပ်စင်၊ စာအုပ်ဗီရိုများ၊ သုတ၊ ရသစာအုပ် စာစောင်များ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ကျောင်းများအားလုံးတွင် ကျောင်းသား၊ ဆရာ အချိုးအရ ကျောင်းအတွက် လိုအပ်သော ပရိဘောဂပစ္စည်းများ၊ ရေ၊ မီး၊ ပြည့်စုံမှု တူညီရန်လိုသကဲ့သို့ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ပြည့်စုံကောင်းမွန်မှုများလည်း တူညီရန်လိုအပ်ပါကြောင်း၊ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်ကြမည့် ကျောင်းသား ကျောင်းသူများကို ကျေးလက်မြို့ပြ၊ ဆင်းရဲချမ်းသာ စသည့်မည်သည့် ခွဲခြားမှုမျှမရှိစေဘဲ ညီမျှသော သင်ယူမှုအခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ ကျောင်းအုပ်ကြီးများအနေဖြင့် အရည်အသွေးမြှင့်မွမ်းမံသင်တန်းတွင် စီမံ၊ ဘဏ္ဍာနှင့် ပညာကဏ္ဍ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာဆွေးနွေးကာ မိမိတို့၏ စီမံအုပ်ချုပ်မှုအရည်အသွေးကို မြှင့်တင်လျက် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသူ သင်တန်းသား ကျောင်းအုပ်ကြီးများက လုပ်ငန်းလိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၇**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရခိုင်ပြည်နယ်အတွင်း ကာလရှည်ဖြစ်ပွားခဲ့သော ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော လူမှုအသိုက်အဝန်းအားလုံး အကျိုးဖြစ်ထွန်းစေရေးအတွက် အစိုးရအဆက်ဆက် ဖြေရှင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ပြောင်းလဲတိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ရှေ့ဆက်၍ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရခိုင်ပြည်နယ်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွဲ့စည်းခဲ့မှု၊ အဆိုပါကော်မရှင်များ၏ ရခိုင်ပြည်နယ်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ကော်မတီ၏ အကြံပေးအဖွဲ့၏ အကြံပြုချက်များ၊ အကြံပြုချက်ကဏ္ဍများအလိုက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြည်သူသို့ အစီရင်ခံစာ ပြုစုထုတ်ပြန်ခဲ့မှုများ၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သုံးသပ်တွေ့ရှိချက် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

ပြည်သူချစ်သော နိုင်ငံ့ခေါင်းဆောင်တစ်ဦးသည် လမ်းမှားနေသော ပြည်သူများအား လမ်းမှန်ပေါ်သို့ရောက်အောင် တည့်မတ်ပေးရမည်ဖြစ်သော်လည်း ၁၉၈၈ ခုနှစ်မှ ယနေ့ကာလထိတိုင် မေတ္တာရပ်ခံခြင်း၊ ဖျောင်းဖျခြင်း၊ သွန်သင်ခြင်း၊ တည့်မတ်ပေးခြင်းမရှိသည်မှာ ပင်ကိုစရိုက်လက္ခဏာအဖြစ် ဆန်းစစ်ကြည့်နိုင်ပါသည်။

**တိုင်းတစ်ပါးလူမျိုးခြားလေးစား**

အထူးသဖြင့် အမျိုးဘာသာသာသနာ၊ ယဉ်ကျေးမှု စရိုက်လက္ခဏာကြီးမားသော မြန်မာတို့၏ လူမှုဘဝ ဓလေ့ထုံးတမ်းစဉ်လာများကို ပျက်စီးစေအောင် ကြိုးပမ်းခဲ့သည်မှာ ဝမ်းနည်းစရာဖြစ်သည်။ နိုင်ငံခြားသား တိုင်းတစ်ပါးသားကို အားကိုးခြင်း၊ ဦးစားပေးခြင်း၊ အမျိုးဘာသာကို ပစ်ပယ်ခြင်း၊ တိုင်းပြည်အတွက် အဓိကအားထားရမည့် တပ်မတော်ကို ပစ်ပယ်ခြင်း၊ ချိုးနှိမ်လိုခြင်း၊ မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်၍ တိုင်းပြည်လုံခြုံရေးဆိုင်ရာဥပဒေများကို ဖျက်ဆီးခြင်းတို့သည် တစ်ချိန်သောအနာဂတ်တွင် မြန်မာနိုင်ငံအဖြစ်မှ မြန်မာနစ္စတန်အဖြစ်သို့ သက်ဆင်းသွားမည့်အန္တရာယ်ကိုပါ သတိပြုရမည်ဖြစ်သည်။ ပြည်သူများကို ဦးထိပ်ထား၍ ပြည်သူကို စည်းရုံးကာ မိမိတို့ပါတီ အင်အားကြီးထွားလာအောင် တည်ဆောက်နေခြင်းသည် ဒီမိုကရေစီမျက်နှာဖုံးစွပ်၍ တစ်ပါတီအာဏာရှင်စနစ်ကို ဖော်ဆောင်နေခြင်းသာဖြစ်သည်။

NLD အစိုးရအနေဖြင့် ပြဿနာတစ်ရပ်ကို ပြေလည်အောင် ဖြေရှင်းနိုင်ပါလျက်နှင့် တပ်မတော်အပေါ် ထားရှိသည့်စိတ်ရင်းကို မအောင့်နိုင်၊ မချုပ်တည်းနိုင်ဘဲ ထိပ်တိုက်ရင်ဆိုင်ပြလိုက်ခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ အကျိုးစီးပွားကို မထောက်ရှုဘဲ ဝန်းရံသူပြည်သူများ၊ မသိနားမလည်သော ပြည်သူများ၊ ဖျက်လိုဖျက်ဆီးလုပ်တတ်သော ပြည်သူများအားဖြင့် နိုင်ငံပုံရိပ်ကို ကျဆင်းအောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

NLD ပါတီ၏ အဓိကရည်ရွယ်ချက်မှာ မိမိပါတီမှအပ အခြားပါတီများအားလုံး လုံးဝပျောက်ကွယ်ရေး၊ လွှတ်တော်ထဲမှ တပ်မတော်သားကိုယ်စားလှယ်အားလုံးဖယ်ရှားရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရေး၊ တပ်မတော်ကို မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍမှ ဖယ်ထုတ်ရေး၊ အမျိုးဘာသာသာသနာကို အခြားနှင့် ရောထွေးတန်းညှိရေးပင်ဖြစ်သည်ဟု သုံးသပ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် ဒီမိုကရေစီပန်းတိုင်သို့ရောက်ရှိရေး၊ တိုင်းပြည်နှင့် လူထုကောင်းစားရေးအတွက် အသွင်ကူးပြောင်းမှုကို ရိုးသားဖြောင့်မတ်သောစေတနာဖြင့် ပါဝင်ဆောင်ရွက်နေခြင်းလော၊ မိမိပါတီအာဏာရရှိရေး၊ မိမိပါတီ အားကောင်းခိုင်မာလာရေးအတွက် အသွင်ကူးပြောင်းမှုတွင် ပါဝင်ဆောင်ရွက်နေခြင်းလောဟူသည့် မေးခွန်းတို့ကို သေချာစွာ အဖြေရှာကာ အသွင်ကူးပြောင်းမှုနှင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော အခြေအနေအမှန်/ အမှားကို ခွဲခြားရှုမြင်နိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ စေပိုင်ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်၏ ထွက်ဆိုချက်အား သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၁၇**

၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အမေရိကန်ဒေါ်လာ ၆ သိန်းနှင့် အကယ်ဒမီရွှေ ၇ ပိဿာ (၁၁ ဒသမ ၄၃၁ ကီလိုဂရမ်) အားပေးအပ်ခဲ့ကြောင်း ထုတ်ပြန်ရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်။

စုံစမ်းစစ်ဆေးရန်လိုအပ်သော ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ၎င်းတို့နှင့် ပတ်သက်ဆက်နွှယ်သည့် စီးပွားရေးလုပ်ငန်းရှင်များအား ထပ်မံစစ်ဆေးခဲ့ရာ စေပိုင်ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်က " ကျွန်တော်ကတော့ စေပိုင်ကုမ္ပဏီပိုင်ရှင် ဥက္ကဋ္ဌ ဦးမောင်ဝိတ် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ စေပိုင်ဆောက်လုပ်ရေးကုမ္ပဏီကို ၂၀၁၄ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ယနေ့အချိန်အထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို လုပ်ကိုင်ဆောင်ရွက်နေစဉ်အတွင်း ကျွန်တော့်ရဲ့လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များကို ငွေကြေးကူညီခြင်း၊ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ်မှာ ကျွန်တော့်ရဲ့ ကုမ္ပဏီဝန်ထမ်းတစ်ဦးက မိတ်ဆက်ပေးလို့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း အလုပ်လုပ်ကိုင်ဆောင်ရွက်ပေးနေတဲ့ ဒေါ်ခင်ခင်ဦးနဲ့ ရင်းနှီးခဲ့ပါတယ်။

၂၀၁၈ ခုနှစ် မေလခန့်မှာ ဒေါ်ခင်ခင်ဦးရဲ့ အကူအညီနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သူ့အိမ်မှာ သွားရောက်ကန်တော့ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် အမေရိကန်ဒေါ်လာတစ်သိန်းကို စက္ကူလက်ဆောင်အိတ်ငယ်ထဲ ထည့်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်ကိုယ်တိုင် ဦးရှောက်စန်းနဲ့ ဦးလှမျိုးမိသားစုရှေ့မှာပဲ ပေးအပ်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်မှာလည်း အဲဒီအတိုင်းပါပဲ။ အမေရိကန်ဒေါ်လာတစ်သိန်းခွဲကို ဒေါ်အောင်ဆန်းစုကြည်အိမ်မှာပဲ ကိုယ်တိုင် စက္ကူလက်ဆောင်အိတ်ငယ်ထဲထည့်ပြီး ဒေါ်ဆောင်ဆန်းစုကြည်ကို ပေးအပ်ခဲ့ပါတယ်။



၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာလည်း အရင်အတိုင်းပါပဲ။ အမေရိကန်ဒေါ်လာ ငါးသောင်းကို ဒေါ်အောင်ဆန်းစုကြည်အိမ်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို ထပ်မံပေးအပ်ခဲ့ပါတယ်။ ဧပြီလမှာလည်း အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲကို စက္ကူအိတ်နဲ့ထည့်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်တိုင် သွားရောက်တွေ့ဆုံပြီး ပေးအပ်ခဲ့ပါတယ်။ အဲဒီလိုပေးတဲ့အချိန်တွေမှာ အနားမှာ ဘယ်သူမှမရှိပါဘူး" ဟု ထွက်ဆိုခဲ့သည်။

အထက်ပါထွက်ဆိုချက်များအရ ဦးမောင်ဝိတ်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံ ၂၀၁၈ ခုနှစ်၊ မေလတွင် ပထမအကြိမ် အမေရိကန်ဒေါ်လာ တစ်သိန်း၊ ၂၀၁၉ ခုနှစ်၊ မေလတွင် ဒုတိယအကြိမ် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် တတိယအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ငါးသောင်းနှင့် ဧပြီလတွင် စတုတ္ထအကြိမ်အဖြစ် အမေရိကန် ဒေါ်လာနှစ်သိန်းခွဲ စုစုပေါင်း အမေရိကန်ဒေါ်လာငါးသိန်းခွဲအား ၎င်းကိုယ်တိုင် လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ စေပိုင်ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်၏ ထွက်ဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် အဂတိလိုက်စားမှုများရှိကြောင်း ပဏာမစိစစ်တွေ့ရှိရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဖော်ထုတ်စစ်ဆေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ❍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ

မြေဖိုးငွေပေးသွင်းစရိတ်များအပါအဝင် သီဟမင်းဆွေကုမ္ပဏီဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အဦများနှင့် ဆက်စပ်လုပ်ငန်းများ (တန်ဖိုးကျပ် ၃၇,၁၇၁.၂၃ သိန်း) (ကျပ် ၃ ဒသမ ၇၁ ဘီလီယံကျော်) အားသုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးချုပ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၆၀) ရှိ မြေနှင့်အဆောက်အဦအား တစ်လလျှင် ငွေကျပ် ၁၅ သိန်းဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက် အထိ ၅ နှစ်ငှားရမ်းဖွင့်လှစ်ခဲ့ပါသည်။ ရန်ကုန်မြို့ရှိ ဖောင်ဒေးရှင်းရုံးချုပ် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်းနှင့်ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များရှိ ကာလတန်ဖိုးသတ်မှတ်ပေးသည့် စံနှုန်းများနှင့် အခွန်စည်းကြပ်နှုန်းထားများအရ တွက်ချက်မည်ဆိုပါက တစ်နှစ်လျှင် ငွေကျပ် (၂၆၀၇ ဒသမ ၁၀)သန်း (ကျပ်၂ ဒသမ ၆ ဘီလီယံ) နစ်နာမှုရှိကြောင်း၊ အလားတူ ပုဂ္ဂလိက အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှားလုပ်ငန်းများ၏ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ငှားရမ်းခနှုန်းထားများအရ တွက်ချက်မည်ဆိုပါက တစ်နှစ်လျှင် ငွေကျပ်(၁,၄၄၀.၃၈၉) သန်း (ကျပ် ၁.၄ ဘီလီယံ) နစ်နာမှုရှိကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သုံးသပ်ချက်အရ သိရှိရပါသည်။

ငှားရမ်းခသတ်မှတ်ရာတွင် နိုင်ငံပိုင်မြေအဆောက်အဦတည်ရှိရာဒေသ၏ ကာလပေါက်ဈေးနှုန်းအတိုင်းသတ်မှတ်ရန်၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေး အထောက်အကူပြုစေရန် ဦးစားပေးဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ပါက ငှားရမ်းခကို ကာလပေါက်ဈေးဖြင့် သတ်မှတ်ခြင်းကို လျှော့ပေါ့စဉ်းစားနိုင်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ညွှန်ကြားချက်အရ ဖော်ပြထားသော်လည်း အဆိုပါညွှန်ကြားချက်မှာ လူမှုရေးအဖွဲ့အစည်းနှင့် သက်ဆိုင်မှုမရှိကြောင်း တွေ့ရှိရသည်။

နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း(HTA)၊ Facility Site၊ လက်တွေ့စိုက်ခင်းတို့နှင့်ပတ်သက်၍ တစ်ဧက ငွေကျပ်သိန်း(၅၀)နှုန်းဖြင့် ဝယ်ယူခွင့်ပြုခဲ့ခြင်းနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော် သီရိ(၅)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြေရောင်း/ဝယ်ခြင်းအပေါ် အခွန်စည်းကြပ်ရန်နှုန်းထားများအရ လမ်းကျယ်သတ်မှတ်နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ် (၂၆,၄၃၇.၆၇၅)သန်း (ကျပ် ၂၆ ဒသမ ၄၃ ဘီလီယံ)၊ အတွင်းလမ်း သတ်မှတ်နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ် (၁၈,၁၅၁.၈၂၅)သန်း (ကျပ် ၁၈ ဒသမ ၁၅ ဘီလီယံ)ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် သက်သာမှုရရှိခဲ့ကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သုံးသပ်ချက်အရတွေ့ရှိရသည်။

နေပြည်တော်၊ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း (Horticulture Training Academy-HTA)၌ (၁၀၅x၆၄) ပေနှင့်(၁၄၄x၅၆)ပေရှိ L ပုံသဏ္ဌာန် (၁)ထပ်တိုက် အထောက်အပံ့အဆောက်အဦ (Facility Site) ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဖောင်ဒေးရှင်းပိုင်မြေဧရိယာပေါ်တွင် ကျပ် ၁ ဒသမ ၀၆ ဘီလီယံ အကုန်အကျခံ၍ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရန်အတွက် လူနေအိမ်ဆောက်လုပ်ပြီး နောင်တစ်ချိန်တွင် ပြတိုက်အဖြစ် အသုံးပြုရန်ရည်ရွယ်ခဲ့ကြောင်း သီဟမင်းဆွေကုမ္ပဏီ၏ ထွက်ဆိုချက်အရ သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်ပိုင်မြေသုံးစွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ထိုက်သင့်သည့် အခကြေးငွေမရရှိဘဲ နစ်နာမှုရှိခြင်း၊ ဖောင်ဒေးရှင်းပိုင် အလှူငွေများကိုအသုံးပြု၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ နေထိုင်ရန် လူနေအိမ်အဆောက်အဦ ဆောက်လုပ်ခြင်းမှာ ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမြင့်တင်ရေးတို့နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသည့် ဘဏ္ဍာရန်ပုံငွေသုံးစွဲမှုမျိုးဖြစ်သဖြင့် မူလရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိခြင်းတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သုံးသပ်ချက်အရ စစ်ဆေးတွေ့ရှိခဲ့ရပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အလှူငွေလက်ခံရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်ငွေအခြေအနေများအား အသေးစိတ်စစ်ဆေးလျက်ရှိရာ စစ်ဆေးပြီးစီးပါက အသေးစိတ်အချက်အလက်များ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သုခတော်ဝင်အိမ်ရာတွင် ဒုတိယအဆင့် ဆောက်လုပ်ပြီးစီးသည့် တိုက်များမှ ငွေပေးသွင်းပြီးသော မြေညီထပ် အခန်း ၃၀၊ ပထမထပ် ၂၂ ခန်းနှင့် ဒုတိယထပ် ၁၄ ခန်း စုစုပေါင်း ၆၆ ခန်းတို့အား မဲနှိုက်နေရာချထားခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၇**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ သုခတော်ဝင်အိမ်ရာတွင် ဒုတိယအဆင့် ဆောက်လုပ်ပြီးစီးသည့် တိုက်များမှ ငွေပေးသွင်းပြီးသော မြေညီထပ် အခန်း ၃၀၊ ပထမထပ် ၂၂ ခန်းနှင့် ဒုတိယထပ် ၁၄ ခန်း စုစုပေါင်း ၆၆ ခန်းတို့အား မဲနှိုက်နေရာချထားခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သုခတော်ဝင်အိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ငွေပေးသွင်းပြီးသော တိုက်ခန်းဝယ်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သုခတော်ဝင်အိမ်ရာ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက မဲနှိုက်မည့် မဲအရေအတွက်များကို စိစစ်ရေတွက်ခြင်း၊ လျှောက်ထားသည့် အမှတ်စဉ်အလိုက် တစ်ဦးချင်း မဲနှိုက်နေရာချထားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၇၅၅၈၈ ဦး၊ အတွင်းလူနာ ၄၀၆၉ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။



ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၄၂၆ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၈၂၅ ဦး စုစုပေါင်း ၅၂၅၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၉၁၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၉၃၇ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၄၈၄၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လမ်းပေါ်ထွက်ပြီး ရှေ့တန်းရောက်နေသော လူငယ်များသို့

ရွှေယွန်း

မြန်မာနိုင်ငံကို ငယ်ရွယ်သောနိုင်ငံဟု တင်စားခေါ်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ့လူဦးရေအချိုးအစားအရ လူငယ်အသက်အပိုင်းအခြား များပြားသောကြောင့်ပင်။ လူငယ်နှင့်ပတ်သက်၍ "ယနေ့ လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် ဆိုရိုးစကားသည် မြန်မာနိုင်ငံတွင် ထင်ရှားသည်။ ထို့ပြင် “လူငယ်တို့သည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်” ဆိုသည်ကို နိုင်ငံရေးသမားတိုင်း ထပ်တလဲလဲ အသုံးပြုများ၍ ရင်းနှီးကျွမ်းဝင်လှသည့် စကားတစ်ခု။

### လမ်းပြဆုံးမမှု

သို့သော် လူငယ်များ တောက်ပသည့် အနာဂတ်ပိုင်ဆိုင်နိုင်ရန်အတွက် မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းတို့၏ လမ်းပြဆုံးမမှုက အရေးကြီးသည်ကိုလည်း မေ့ထား၍ မရပါ။ ယနေ့ မြန်မာ့နိုင်ငံရေးအခြေအနေတွင် လူငယ် Generation Z ၏ အခန်းကဏ္ဍကို အရေးတယူရှိလှ၏။ လူငယ်များ လမ်းပေါ်တက်စေ၍ နိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်စေမှုက နေရာပေး၊ အရေးပေး ပါဝင်စေသည်ဟု ထင်ရသော်လည်း ရာနှုန်းပြည့် မှန်ကန်မှု မရှိနိုင်ပါ။

လူငယ်တို့သည် တက်ကြွသည်၊ သင်ယူလေ့လာမှု အားကောင်းသည်၊ ဖန်တီးနိုင်မှု အားကောင်းသည်မှန်သော်လည်း အတွေ့အကြုံအားဖြင့် အားနည်းပါသေးသည်။ အတုမြင် အတတ်သင်ဆိုသလို အတတ်မြန်ဆိုသော်လည်း မြင်သမျှ မှန်သည်ဟု ဆုံးဖြတ်မှု မရှိစေလိုပါ။ "ပထမအရွယ် ပညာရှာ" ဆိုသည့် စကားအတိုင်း လူငယ်အရွယ်သည် ဘဝဖြတ်သန်းမှုတွင် မပင်မပန်း မတောင့်မတ နေထိုင်ရှင်သန်နိုင်ရန် အသိပညာ၊ အတတ်ပညာ အားကောင်းအောင် ရှာဖွေရမည့် အရွယ်သာဖြစ်သည်။

### ကိုယ်တိုင်သာ ဆုံးဖြတ်ကြရမည်

အသိပညာ၊ အတတ်ပညာရှာဖွေရင်း ဘဝအောင်မြင်ရေး ကြိုးပမ်းရမည့် လူငယ်များသည် ယနေ့ ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို ကိုယ်တိုင်လေ့လာသုံးသပ်၍ မှန်သည်၊ မှားသည်ကို ကိုယ်တိုင်သာ ဆုံးဖြတ်ကြရမည်ဖြစ်သည်။ လူငယ်အများစု အသုံးပြုရာ ဖေ့စ်ဘွတ်သည် လူငယ်များအတွက် မှန်ကန်သည့် ရှေ့ဆောင်လမ်းပြ မဖြစ်နိုင်ပါ။ ထို့အတူ ဖေ့စ်ဘွတ်ပေါ်မှ အကြောင်းအရာတိုင်းသည် မှန်ကန်မှု မရှိနိုင်ပါ။ လူငယ်များအတွက် အရာရာတိုင်းကို အဘက်ဘက်မှ လေ့လာသုံးသပ်စဉ်းစားပြီးမှသာ ဆုံးဖြတ်လုပ်ကိုင်သင့်သည့် အချိန်ဆိုလျှင်လည်း မမှားပေ။

### စိတ်မကောင်းဖွယ်

လက်ရှိ မြန်မာ့နိုင်ငံရေး မတည်ငြိမ်သေးသည့် အချိန်ကျမှ လူငယ်များကို ပွဲထုတ်၍ ဒိုင်းကာများသဖွယ် အသုံးပြုကာ ဆန္ဒပြမှုများသည် မှန်ကန်သည်ဟု မထင်။ သို့သော် ဆန္ဒပြမှုများအတွင်း လူငယ်များသည် မိမိကိုယ်ကို ထင်ပေါ်စေလိုသည့် ဝတ်စားဆင်ယင်မှုများဖြင့် တွေ့မြင်နေရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ ဤနေရာတွင် လူငယ်များကို အသုံးချသည့် ခါတော်မီ ကြီးပွားရေးသမားများ၏ အတ္တကလည်း မသေးပေ။ မိမိကြီးပွားရေး တစ်ခုသာ တွေးခေါ်ရာ လူတချို့သည် ယခုအချိန်တွင်ပင် ဦးထုပ်များ၊ (ဒေါင်း) အလံများ၊ အိတ်များ စသဖြင့် ပုံစံအမျိုးမျိုးထုတ်လုပ်၍ ကိုယ်ကျိုးစီးပွားရှာနေသည်ကိုလည်း တွေ့မြင်ရ၏။ ဖေ့စ်ဘွတ်ပေါ်မှာသာ စိတ်မကောင်းဟန်၊ ဝမ်းနည်းဟန်ပြု၍ စီးပွားရှာသည့် ခါတော်မီ ကြီးပွားရေးသမားများ၏ စီးပွားရှာနည်းကိုလည်း သတိချပ်စေချင်ပါသည်။

**လက်ရှိ မြန်မာ့နိုင်ငံရေးမတည်ငြိမ်သေးသည့်အချိန်ကျမှ လူငယ်များကို ပွဲထုတ်၍ ဒိုင်းကာများသဖွယ် အသုံးပြုကာ ဆန္ဒပြမှုများသည် မှန်ကန်သည်ဟု မထင်။ သို့သော် ဆန္ဒပြမှုများအတွင်း လူငယ်များသည် မိမိကိုယ်ကို ထင်ပေါ်စေလိုသည့် ဝတ်စားဆင်ယင်မှုများဖြင့် တွေ့မြင်နေရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ ဤနေရာတွင် လူငယ်များကို အသုံးချသည့် ခါတော်မီ ကြီးပွားရေးသမားများ၏ အတ္တကလည်း မသေးပေ။ မိမိကြီးပွားရေးတစ်ခုသာ တွေးခေါ်ရာ လူတချို့သည် ယခုအချိန်တွင်ပင် ဦးထုပ်များ၊ (ဒေါင်း) အလံများ၊ အိတ်များ စသဖြင့် ပုံစံအမျိုးမျိုး ထုတ်လုပ်၍ ကိုယ်ကျိုးစီးပွားရှာနေသည်ကိုလည်း တွေ့မြင်ရ၏။ ဖေ့စ်ဘွတ်ပေါ်မှာ သာ စိတ်မကောင်းဟန်၊ ဝမ်းနည်းဟန်ပြု၍ စီးပွားရှာသည့် ခါတော်မီ ကြီးပွားရေး သမားများ၏ စီးပွားရှာနည်းကိုလည်း သတိချပ်စေချင်ပါသည်။**

### နည်းလမ်းတစ်ခုသာဖြစ်

ထို့အတူ ဖေ့စ်ဘွတ်ပေါ်မှာသာလျှင် နိုင်ငံနှင့်လူမျိုးကို ချစ်တတ်သည့် လူတစ်စုကလည်း လူငယ်များကို လမ်းပေါ်ထွက်လာစေရန် မပြတ်လှုံ့ဆော်၍ ၎င်းတို့ ကိုယ်တိုင်က နောက်ကွယ်ကသာ တည်ရှိနေသည်ကိုလည်း ဆင်ခြင်သတိပြုစေလိုပါသည်။ ပုံစံအမျိုးမျိုးဖြင့် လူငယ်များ လမ်းပေါ်တက်၍ ဆန္ဒပြစေရန် လှုံ့ဆော်ကာ ရှေ့တန်းကျကျ နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံလာစေမှု အခြေအနေများသည် လူငယ်များ၏ အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေမည်ကို အားပေးသည့် နည်းလမ်းတစ်ခုသာဖြစ်နေသည်။

### အရေးကြီး

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်လိုသည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစံနှုန်းများကို လူငယ်များ လေးစားလိုက်နာတန်ဖိုးထားမှုရှိရန် အရေးကြီးသည်။ အခွင့်အရေးအတွက် ဒီမိုကရေစီဟု သုံးနှုန်းပြီး လိုက်နာရမည့် စည်းကမ်းများကို မသိကျိုးကျွံပြုလျှင် အနှစ်သာရပြည့်ဝမှု မရှိနိုင်ပါ။ ဒီမိုကရေစီနှင့် ဆန့်ကျင်၍ စည်းကမ်းမလိုက်နာမှုများကြောင့် ရရှိလာမည့် အကျိုးဆက်များကိုလည်း စဉ်းစားရမည်ဖြစ်ပါသည်။ ဥပဒေပြင်ပ၊ စည်းကမ်းပြင်ပမှ ဆောင်ရွက်မှုများသည် အကျိုးရလဒ်ကောင်း ထွက်နိုင်မည်မဟုတ်ပါ။

ဒီမိုကရေစီနည်းလမ်းအရ ဆန္ဒထုတ်ဖော်ပြောဆိုခွင့်သည် လူတိုင်းတွင် အပြည့်အဝရှိသည်။ ဒီမိုကရေစီစံနှုန်းနှင့်အညီ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်များကို လူငယ်များ လုပ်ဆောင်နိုင်သော်လည်း ဒီမိုကရေစီစံနှုန်းများကို လိုက်နာကျင့်သုံးမှု မရှိသူများ၏ ပါဝင်မှုများကြောင့် အကြမ်းဖက်အရိုင်းဆန်သည့် အခြေအနေသို့ အချိန်မရွေး ရောက်ရှိသွားနိုင်ပါသည်။

### တွဲဖက်ပါလာ

လက်ရှိအခြေအနေတွင် တစ်လကျော်ကြာမြင့်လာပြီဖြစ်သည့် CDM လှုပ်ရှားမှုများနှင့်အတူ ဒီမိုကရေစီကို သွေဖည်နေသည့် လုပ်ရပ်များက တွဲဖက်ပါလာပြီဖြစ်သည်။ ထိုသို့သော အခြေအနေ အချိန်အခါတွင် ရှေ့တန်းက ပါဝင်နေသည့် လူငယ်ထုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိပ်တိုက်တွေ့ဆုံမှု ပိုမိုများပြားလာမည်ဖြစ်သည်။ ထိပ်တိုက်တွေ့ဆုံမှုမှ မည်သည့်ကောင်းကျိုးတရားကိုမျှ ရရှိနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် လူငယ်များအနေဖြင့် လူငယ်များ၏ အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေနိုင်သည့် အပြုအမူ၊ လှုပ်ရှားဆောင်ရွက်မှုများကို စဉ်းစားဆင်ခြင်သင့်ပါသည်။ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျှင် ကျန်ရစ်သူ ကိုယ့်မိသားစုအတွက် ရင်ကျိုးဖွယ်ရာဖြစ်သည်။ ထို့ပြင် သူရဲကောင်းအဖြစ် ဖန်တီးမြှောက်ပင့်အားပေးမှုများကို နားယောင်ပြီး လူငယ်များ၏ လုပ်ရပ်ကို သွန်သင်ဆုံးမလမ်းမှန်ပြခြင်း၊ တားဆီးဟန့်တားခြင်းမရှိသည့် မိဘမောင်ဖွားများအနေဖြင့်လည်း မထင်မှတ်ဖွယ်ရာများနှင့် တွေ့ကြုံရသည့်အခါ ဒေါသကို သူတစ်ပါးအပေါ် မပုံချဘဲ မိမိတို့အပြစ်အတွက် မိမိတို့သာ တာဝန်ယူရမည်ဖြစ်ပါသည်။

**လက်ရှိအခြေအနေတွင် တစ်လကျော် ကြာမြင့်လာပြီဖြစ်သည့် CDM လှုပ်ရှားမှုများနှင့်အတူ ဒီမိုကရေစီကို သွေဖည်နေသည့် လုပ်ရပ်များက တွဲဖက်ပါလာပြီဖြစ်သည်။ ထိုသို့သော အခြေအနေအချိန်အခါတွင် ရှေ့တန်းက ပါဝင်နေသည့် လူငယ်ထုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိပ်တိုက်တွေ့ဆုံမှု ပိုမိုများပြားလာမည်ဖြစ်သည်။ ထိပ်တိုက်တွေ့ဆုံမှုမှ မည်သည့်ကောင်းကျိုးတရားကိုမျှ ရရှိနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် လူငယ်များအနေဖြင့် လူငယ်များ၏ အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေနိုင်သည့် အပြုအမူ၊ လှုပ်ရှားဆောင်ရွက်မှုများကို စဉ်းစားဆင်ခြင်သင့်ပါသည်။ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျှင် ကျန်ရစ်သူ ကိုယ့်မိသားစုအတွက် ရင်ကျိုးဖွယ်ရာဖြစ်သည်။ ထို့ပြင် သူရဲကောင်းအဖြစ် ဖန်တီးမြှောက်ပင့်အားပေးမှုများကို နားယောင်ပြီး လူငယ်များ၏ လုပ်ရပ်ကို သွန်သင်ဆုံးမလမ်းမှန်ပြခြင်း၊ တားဆီးဟန့်တားခြင်း မရှိသည့် မိဘမောင်ဖွားများအနေဖြင့်လည်း မထင်မှတ်ဖွယ်ရာများနှင့် တွေ့ကြုံရသည့်အခါ ဒေါသကို သူတစ်ပါးအပေါ် မပုံချဘဲ မိမိတို့အပြစ်အတွက် မိမိတို့သာ တာဝန်ယူရမည်ဖြစ်ပါသည်။**

လူငယ်များကိုယ်တိုင်လည်း ရှေ့တန်းရောက်အောင် နောက်ကွယ်မှ လှုံ့ဆော်နေမှုများ၊ ဥပဒေနှင့်မညီသော ချိုးဖောက်မှုများဖြစ်အောင် မြှောက်ပင့်ပေးနေမှုများကို သတိထားကြည့်မြင်တတ်ရန်လိုပါသည်။ လူငယ်များကို နောက်ကွယ်ကသာ မြှောက်ပင့်လှုံ့ဆော်၍ လမ်းပေါ်ထွက်မလာသူများသည် နောက်ကျောထိုးမည့် ဓားများသာ ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် သတိတရား၊ အသိတရား၊ အရိုတရားတို့ဖြင့် ပစ္စုပ္ပန်အခြေအနေများကို စဉ်းစားသုံးသပ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၄ ဒသမ ၂ သန်းကျော်ရှိပြီဖြစ်

**အစ္စတန်ဘူလ် မတ် ၁၇**

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၄ ဒသမ ၂ သန်းကျော် ရှိသွားပြီဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinovac Biotech မှ ထုတ်လုပ်သည့် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခဲ့ခြင်း ဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၇ ရက်တွင် ကြေညာခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၏ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် အောက်တွင် တူရကီနိုင်ငံသား ၁၂ ဒသမ ၂ သန်း ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ ပေးပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၇ ဒသမ ၉ သန်းရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လူဦးရေ ၁၆ သန်းကျော်နေထိုင်သည့် တူရကီ နိုင်ငံ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူလ်တွင် အသက် ၆၅ နှစ်အထက် ရှိသူများအကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးမှု ရာခိုင်နှုန်းမှာ ၇၁ ရာခိုင်နှုန်းရှိသွားပြီဖြစ်ကြောင်း အစ္စတန်ဘူလ်မြို့တော်ဝန် အလီယာလီကာယာ က ပြောကြားခဲ့သည်။

လူဦးရေ ၈၃ သန်းရှိသည့် တူရကီနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလလယ်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် အသက်အရွယ်ကြီးသူများကို ဦးစားပေးထိုးနှံ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ပါကစ္စတန်နိုင်ငံ လက်ခံရရှိ

**အစ္စလာမ္မာဘတ် မတ် ၁၇**

ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံအစိုးရမှ လှူဒါန်းသည့်ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးဒုတိယအသုတ်ကို မတ် ၁၇ ရက်တွင် လက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ပါကစ္စတန်နိုင်ငံ၏ မြို့တော် အစ္စလာမ္မာဘတ်အနီးရှိ နော်ခန်း လေတပ် အခြေစိုက်စခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် ပါကစ္စတန်ဝန်ကြီးချုပ်၏ ကျန်းမာရေးအထူးလက်ထောက် ဖိုဆယ်ဆူတန်က ပါကစ္စတန်နိုင်ငံသို့ တရုတ်နိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အသစ်ရောက်ရှိလာသည့် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဒုတိယအသုတ်သည် ပါကစ္စတန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အတွက် မရှိမဖြစ်အရေးပါကြောင်းနှင့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ထိရောက်မှု ရှိကြောင်းနှင့် ဘေးကင်းလုံခြုံမှုရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထောက်ပံ့မှုသည် တရုတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံ အကြား တောင့်တင်းခိုင်မာသည့် ဆက်ဆံရေးကို ပြသခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့ သည်။ ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံအစိုးရက လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို လက်ခံရရှိခဲ့ပြီး နောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ဒုတိယအစီအစဉ်ကို မတ် ၁၀ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အသက် ၆၀ နှင့် အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် နိုင်ငံခြားသားများနှင့် နိုင်ငံသားအချို့အတွက် ပြည်ဝင်ခွင့် တားမြစ်

**မနီလာ မတ် ၁၇**

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာသည့်အတွက် နိုင်ငံခြားသားများနှင့် နိုင်ငံသားအချို့ကို နိုင်ငံအတွင်း ဝင်ရောက်ခြင်းမှ ယာယီဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တားမြစ်ချက်အရ နိုင်ငံခြားသားများနှင့် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ ပြန်လာသော ဖိလစ်ပိုင်နိုင်ငံသားအချို့ကို မတ် ၂၀ရက်မှစ၍ ဧပြီ ၁၉ ရက်အထိ နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း ယမန်နေ့ညက ဖိလစ်ပိုင် ကိုဗစ် -၁၉ ရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ဖိလစ်ပိုင်ကိုယ်ဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအဖွဲ့သည် နိုင်ငံအတွင်း နိုင်ငံတကာမှ ခရီးသည်များ ဝင်ရောက်မှုကို တစ်ရက်လျှင် ၁၅၀၀ အထိ ကန့်သတ်ထားရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား ညွှန်ကြားထားသည်။ သို့သော် ပြည်ပနိုင်ငံများမှ အစိုးရအရာရှိများ၊ သံတမန်များနှင့် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး နိုင်ငံသို့ ပြန်လာသည့် ဖိလစ်ပိုင်နိုင်ငံသားများကိုမူ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် နိုင်ငံအတွင်း နိုင်ငံခြားသား ခရီးသည်များ ဝင်ရောက်ခွင့်ကို အချိန်အတန်ကြာ တားမြစ်ပိတ်ပင်ထားသော်လည်း ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ရှိသော နိုင်ငံခြားသားအချို့အတွက်မူ ၎င်း၏တံခါးကိုဖွင့်ပေးထားသည်။ သို့သော် ယခုအခါ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်မားလာပြီး ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်းလည်း မြင့်မားလာခဲ့သည်ကို တွေ့ရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၈၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ထိုရောဂါကူးစက်ခံရသူပေါင်း ၆၃၅၆၉၈ ဦးရှိလာခဲ့သည်။ ထို့ပြင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၈ ဦး ထပ်မံသေဆုံးခဲ့ရာ ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၂၈၆၆ ဦးရှိလာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနမှထုတ်ပြန်သည့် နောက်ဆုံး ကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် မြို့တော်မနီလာနှင့် ပတ်ဝန်းကျင်ဒေသ၌ မြို့ကြီး ၁၆ မြို့ရှိသည့်အနက် ၁၅ မြို့တွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားခဲ့ပြီး ယင်းရောဂါကူးစက်မှု၏ ၂၇ ရာခိုင်နှုန်းခန့်မှာ နိုင်ငံတကာမှလာသော ခရီးသည်များတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**




# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ သစ်ပင်စိုက်ပျိုးရေးအစီအမံချမှတ်

**ဆစ်ဒနီ မတ် ၁၇**

၂၀၅၀ ပြည့်နှစ်တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၏ ၄၀ ရာခိုင်နှုန်းအား သစ်ပင်များဖြင့် ဖုံးလွှမ်းပြီး သာယာသော နေရာ ဖြစ်လာစေရန်အတွက် သစ်ပင်ထောင်ပေါင်းများစွာ စိုက်ပျိုးမည့် အစီအစဉ်ကို ယနေ့ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးရေး အစီအစဉ်အတွက် ဩစတြေးလျဒေါ်လာ ၃၇၇ သန်းလျာထားပြီး သစ်ပင်အရေအတွက် ၇၀၀ အား နှစ်စဉ်စိုက်ပျိုးသွားမည်ဟု သိရသည်။ အဆိုပါအစီအစဉ်သည် ဆစ်ဒနီမြို့တွင် အစိမ်းရောင် ဥယျာဉ်များ များပြားလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါမြို့တွင် အစိမ်းရောင်ခေါင်မိုးများနှင့် နံရံများကိုလည်း စိမ်းလန်းရေးအစီအစဉ်အရ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့တွေဟာ ရာသီဥတု ပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကို ခံစားနေရပြီး အပူချိန်တွေကလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်နေပါတယ်"ဟု ဆစ်ဒနီမြို့တော်ဝန်က လိုဗာမိုရီက ပြောကြားသည်။ သစ်ပင်များ စိုက်ပျိုးခြင်းအားဖြင့် လေထုညစ်ညမ်းမှုကိုလည်း လျှော့ချရာရောက်ပြီး ရာသီဥတု ဆိုးရွားမှုများကိုလည်း ထိန်းသိမ်းနိုင်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# မြောက်ကိုရီးယားအရေး ဆွေးနွေးရန် အမေရိကန်ထိပ်တန်းတာဝန်ရှိသူများ တောင်ကိုရီးယားသို့ ရောက်ရှိ

**ဆိုးလ် မတ် ၁၇**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်နှင့် ကာကွယ်ရေးဝန်ကြီး ဩစတင်းတို့သည် မြောက်ကိုရီးယားအရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် တောင်ကိုရီးယားနိုင်ငံသို့ ယနေ့ရောက်ရှိခဲ့ကြောင်း သိရသည်။

**ညှိနှိုင်းဆွေးနွေး**

အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများသည် မတ် ၁၈ ရက်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားသော ၂+၂ ဟု ခေါ်သည့် အစည်းအဝေးအပါအဝင် မြောက်ကိုရီးယားအရေးနှင့် နှစ်နိုင်ငံ၏ မဟာမိတ် ခိုင်မာတောင့်တင်းစေရေးဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အမေရိကန် ထောက်လှမ်းရေးတပ်ဖွဲ့က မြောက်ကိုရီးယားအစိုးရသည် သမ္မတဂျိုးဘိုင်ဒင်အစိုးရကာလအတွင်း ၎င်း၏ ပထမအကြိမ် စစ်လက်နက်စမ်းသပ်မှု ပြုလုပ်ဖွယ်ရှိသည်ဟု ချင့်ချိန်တွက်ချက်ခဲ့ပြီးနောက် ယခုကဲ့သို့ အမေရိကန်နှင့် တောင်ကိုရီးယား တာဝန်ရှိသူများအနေဖြင့် ညှိနှိုင်းဆွေးနွေးရန် လူကိုယ်တိုင်တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ညီမအရင်းနှင့် အနီးကပ်လက်ထောက်တစ်ဦးဖြစ်သူ ကင်ယိုဂျုံက ဆက်လက်ပြုလုပ်နေသော အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရှုတ်ချပြီး တစ်ရက်အကြာတွင် တောင်ကိုရီးယားနိုင်ငံသို့ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိကြခြင်းဖြစ်သည်။

**တိုက်တွန်းခဲ့**

အမေရိကန်တာဝန်ရှိသူများသည် တောင်ကိုရီးယားသို့ မသွားမီ ဂျပန်နိုင်ငံသို့ သုံးရက်ကြာခရီးဖြင့် သွားရောက်လည်ပတ်ခဲ့ပြီး ဂျပန်တာဝန်ရှိသူများနှင့်အတူ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးဆိုင်ရာ ၎င်းတို့၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသလို မြောက်ကိုရီးယားအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ၎င်း၏တာဝန်ဝတ္တရားများကို လိုက်နာရန် တိုက်တွန်းခဲ့ကြကြောင်း သိရသည်။



ဘလင်ကင်၊ ဩစတင်း၊ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချုံအီယူယောင်နှင့် ကာကွယ်ရေးဝန်ကြီး ဆုဝုခ်တို့သည် ၂+၂ အစည်းအဝေးမတိုင်မီ တစ်ဦးချင်းစီ တွေ့ဆုံဆွေးနွေးကြရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား-ကျိုဒိုနယူးစ်၊ ဘာသာပြန်-ဂျေတီ**



# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ဥရုဂွေးနိုင်ငံ လက်ခံရရှိ

**မွန်တီဗီဒီယို မတ် ၁၇**
ဥရုဂွေးနိုင်ငံသည် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အထောက်အကူဖြစ်စေမည့် တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအသုတ်ကို မတ် ၁၆ ရက်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သယ်ဆောင်လာသည့် ကုန်တင်လေယာဉ်သည် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဥရုဂွေးနိုင်ငံ ကာရက်စကိုအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဥရုဂွေးနိုင်ငံသည် တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဥရုဂွေးနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူထားပြီဖြစ်ကြောင်းလည်း သိရသည်။ ဥရုဂွေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခဲ့ရာတွင် ပြီးခဲ့သည့် တစ်ပတ်အတွင်းက ဥရုဂွေးနိုင်ငံသမ္မတ အာဂျီမွန်နှင့် ကျန်းမာရေးဝန်ကြီး ဒန်နီယယ်ဆာလီနက်စ်တို့သည်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

**ဦးစားပေးထိုးနှံ**

ဥရုဂွေးနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ အသက် ၅၀ မှ အသက် ၇၀ အရွယ်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဥရုဂွေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၂၆၈၂ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၁၇ ဦးရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရဝမ်ဒါနိုင်ငံက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ပြောကြား

**ကီဂါလီ မတ် ၁၇**
ရဝမ်ဒါနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ဆိုးကျိုးနှင့်စပ်လျဉ်း၍ အတည်ပြုချက်မရရှိခဲ့ခြင်းကြောင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ရဝမ်ဒါနိုင်ငံ ကျန်းမာရေးဝန်ကြီး ဒန်နီယယ်ဂါမီဂျီက မတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ဥရောပနိုင်ငံတချို့သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ တချို့တွင် သွေးခဲမှုပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆိုပါ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် စပ်လျဉ်း၍ ဘေးကင်းလုံခြုံမှုဆိုင်ရာ ပြန်လည်သုံးသပ်မှုများပြုလုပ်ခဲ့ပြီးနောက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုရန် တိုက်တွန်းခဲ့သည်။

“AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဟာ ကာကွယ်ဆေးထိုးနှံပြီးသူတွေကြားမှာ သွေးခဲမှုပြဿနာတစ်စုံတစ်ရာတွေ့ရှိရကြောင်း အခိုင်အမာပြောကြားနိုင်၊ အထောက်အထားပြသနိုင်ခဲ့တာမရှိဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့တာကြောင့် ရဝမ်ဒါနိုင်ငံက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုသွားမှာပါ”ဟု ရဝမ်ဒါနိုင်ငံ ကျန်းမာရေးဝန်ကြီး ဂါမီဂျီက ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီး ဂါမီဂျီ၏ ပြောကြားချက်အရ ရဝမ်ဒါနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သုံးသိန်းကျော် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ရဝမ်ဒါနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးစလုံးကို လက်ခံရရှိထားပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမတိုင်မီ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းမတိုင်မီ နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကိုလည်းကောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရဝမ်ဒါနိုင်ငံ၌ မတ် ၁၆ ရက်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၁၄၀၁၅ ဦး ရှိခဲ့ကြောင်း ရဝမ်ဒါ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ကိုဗစ်-၁၉ ရောဂါဆိုင်ရာအရေးပေါ်အခြေအနေကို မတ် ၂၁ ရက်တွင် အဆုံးသတ်ရန် ဂျပန်ဝန်ကြီးချုပ် စီစဉ်




**တိုကျို မတ် ၁၇**

ဂျပန်နိုင်ငံ၏ မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို မတ် ၂၁ ရက်တွင် အဆုံးသတ်ရန် စီစဉ်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာအရေးပေါ်အခြေအနေအဆုံးသတ်ရေးနှင့် စပ်လျဉ်း၍ မတ် ၁၇ ရက်တွင် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝန်ကြီး နီရှိမူရာ ယာဆူတိုရှိနှင့် ကျန်းမာရေးဝန်ကြီး တာမူရာနိုရီဟီဆာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။

ယင်းသို့ ဆွေးနွေးခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို မတ် ၂၁ ရက်တွင် အဆုံးသတ်သွားရန် စီစဉ်ထားကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာအရေးပေါ်အခြေအနေ အဆုံးသတ်ရေးနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များကို ရယူပြီးပါက မတ် ၂၀ ရက်တွင် နောက်ဆုံးထား၍ ဆုံးဖြတ်ချက် ချမှတ်သွားမည်ဖြစ်ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ်ဆူဂါက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ထိရောက်မှုရှိကြောင်း ကနေဒါ ပြောကြား

**အော့တဝါ မတ် ၁၇**

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ထိရောက်မှုရှိကြောင်း ကနေဒါအမျိုးသား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြံပေးကော်မတီက ယမန်နေ့တွင် ပြောကြားသည်။ အဆိုပါကာကွယ်ဆေးသည် အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ထိရောက်မှုရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ဖြစ်တတ်သော ဖျားနာမှုများကိုလည်း တိုက်ဖျက်နိုင်ကြောင်း သိရသည်။

အစောပိုင်း တွေ့ရှိချက်များအရ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ထိရောက်မှုမှာ Pfizer နှင့် Moderna ကာကွယ်ဆေးများထက် ပိုမိုနည်းပါးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထို့ကြောင့် ကနေဒါအမျိုးသား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြံပေးကော်မတီက နိုင်ငံအတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအား Pfizer နှင့် Moderna ကာကွယ်ဆေးများကိုသာ ထိုးနှံရန် မူလက ပြောကြားခဲ့သည်။ ဂျာမနီ၊ ပြင်သစ်၊ အီတလီနှင့် စပိန်နိုင်ငံတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူသူများတွင် သွေးခဲသည့် ပြဿနာဖြစ်လာပြီးနောက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို ရပ်ဆိုင်းခဲ့သည်။

AstraZeneca ဆေးဝါးကုမ္ပဏီက ဥရောပနှင့် ဗြိတိန်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၁၇ သန်းတွင် သွေးခဲမှုပြဿနာ မတွေ့ရှိရကြောင်း ပြောကြားသည်။ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒေါက ပြောကြားသည်။ မိမိတို့နိုင်ငံရဲ့ ဆေးဝါးပညာရှင်တွေဟာ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သုတေသနပေါင်းများစွာပြုလုပ်ပြီး သုံးစွဲရန် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၀၀ ခန့် ထပ်မံတွေ့ရှိ

**နယူးဒေလီ မတ် ၁၇**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၉၀၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၄၃၈၇၃၄ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၁၈၈ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် လက်ရှိအချိန်တွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၅၉၀၄၄ ဦး ရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။



ထို့အပြင် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၀၄၅၂၈၄ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လက်တလောအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသောလူနာ ၂၃၄၄၀၆ ဦး ကျန်ရှိသေးသည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတင်ခြင်းခံရသော လူနာ ၁၀၉၇၄ ဦးရှိရာ ၎င်းတို့အနက် ၈၂၆၇ ဦးသည် နိုင်ငံ၏ အနောက်တောင်ဘက် မဟာရာ့ရှ်ထရာပြည်နယ်မှဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၃၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

အိန္ဒိယကျန်းမာရေးအာဏာပိုင်များသည် မတ် ၁၆ ရက် တစ်ရက်တည်းအတွင်း လူဦးရေ ၈၆၄၃၆၈ တို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ခြင်းနှင့်အတူ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် လူဦးရေ ၂၂၉၂၄၉၇၈၄ တို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးဝါးသုတေသနကောင်စီမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။


လက်ရှိအချိန်အထိ မြို့တော်နယူးဒေလီတစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း ၁၀၉၃၉ ဦး ရှိလာကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အီတလီနိုင်ငံတွင် အသွားအလာကန့်သတ်မှုများ ပြန်လည်ချမှတ်

**ပါဒိုဗာ မတ် ၁၇**

အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသဖြင့် ဒေသအများအပြားတွင် အသွားအလာကန့်သတ်မှုများ ပြန်လည်ချမှတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ လူဦးရေများပြားသော ဒေသ ၁၀ ခုနှင့် ထရန်တိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တို့အား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုဆိုင်ရာ အနီရောင်အဆင့်ဒေသများအဖြစ် သတ်မှတ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဧပြီလအစောပိုင်းအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ အီတလီနိုင်ငံမြောက်ပိုင်း ဗီနီတိုဒေသတွင် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၀၁ ဦး တွေ့ရှိခဲ့ပြီး ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များသို့ ပို့ဆောင်ကုသရသော လူနာအရေအတွက်လည်း မြင့်တက်ခဲ့ကြောင်း သိရသည်။



ဗီနီတိုဒေသအုပ်ချုပ်ရေးမှူး လူကာဇာကဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများမြင့်တက်လာကြောင်း ပြောကြားသည်။ ယခုကဲ့သို့ ရောဂါဖြစ်ပွားမှုမြင့်တက်နေတဲ့အချိန်မှာ ဆေးရုံတွေကို အသင့်ပြင်ဆင်ထားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ဒေသအတွင်းရှိ အဝတ်အထည်ဆိုင်များကို ပိတ်ထားပြီး ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေး စည်းမျဉ်းချိုးဖောက်သူများအား ဒဏ်ငွေ ယူရိုငွေ ၄၀၀ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၂၁၃၉၃၆၄၂ ဦး

သေဆုံးသူ
၂၆၈၄၄၈၂ ဦး

ပြန်လည်ကျန်းမာလာသူ
၉၇၈၈၁၉၄၆ ဦး

# ဦးမန်းဝင်းခိုင်သန်း(ဘ)ဦးမန်းသန်းရှိန်ကို ဥပဒေနှင့်အညီ တရားစွဲဆို

**နေပြည်တော် မတ် ၁၇**
ဦးမန်းဝင်းခိုင်သန်း(ဘ)ဦးမန်းသန်းရှိန်ကို ဥပဒေနှင့်အညီ တရားစွဲဆိုထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ ဦးမန်းဝင်းခိုင်သန်း(ဘ)ဦးမန်းသန်းရှိန်သည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်နေသော တရားမဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၏ ခေတ္တဒုတိယသမ္မတအဖြစ် ခန့်အပ်ခြင်းကိုလက်ခံပြီး နိုင်ငံတော်အစိုးရအား သစ္စာဖောက်ဖျက်ကာ လူမှုကွန်ရက်မှ နေ၍ စင်ပြိုင်အစိုးရသဖွယ် နိုင်ငံတော်အကြီးအကဲတစ်ဦးကဲ့သို့ မိန့်ခွန်းပြောကြားခြင်း၊ ၎င်း၏ပြောကြားချက်များတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (အစိုးရ)အား ဆန့်ကျင်ဖြိုဖျက်ရန် လှုံ့ဆော်တိုက်တွန်းမှုများ ပြုလုပ်သဖြင့် ၎င်းအားရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁) ဖြင့် မတ် ၁၇ ရက်တွင် မြဝတီခရိုင်တရားရုံးသို့ တရားစွဲဆိုထားရှိရာ ရာဇဝတ်ကြီးမှုအမှတ် (၂၁/၂၀၂၁) ဖြင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးကျော်မိုးထွန်းကို ဥပဒေနှင့်အညီ တရားစွဲဆို

**နေပြည်တော် မတ် ၁၇**
ဦးကျော်မိုးထွန်းကို ဥပဒေနှင့်အညီ တရားစွဲဆိုထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးကျော်မိုးထွန်းသည် ဖေဖော်ဝါရီ ၂၆ ရက်က နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် အထွေထွေညီလာခံ အလွတ်သဘောအစည်းအဝေးတက်ရောက်စဉ် ၎င်းသည် NLD ဦးဆောင်သည့် ရွေးကောက်ခံအစိုးရကို ကိုယ်စားပြုကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၏ သတင်းစကားကို အစည်းအဝေး၌ ထည့်သွင်းပြောကြားသည်။ ယင်းသို့ ပြောကြားရာတွင် တပ်မတော်အစိုးရကို ဆန့်ကျင်ရန်၊ ထိုသို့ ဆန့်ကျင်မှုများအား နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများပေးရန်၊ CRPH ကို ထောက်ခံရန်၊ ဖမ်းဆီးခံရသူခေါင်းဆောင်များကို ပြန်လွှတ်ပေးရန်နှင့် စစ်အာဏာသိမ်းမှု အဆုံးသတ်ရေးဆောင်ရွက်နေမှုများ ဆက်လက်ဆောင်ရွက်ရန် ထည့်သွင်းပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။

၎င်းသည် နိုင်ငံတော်မှပေးအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း၊ နိုင်ငံတော်အစိုးရအား ကိုယ်စားပြုခြင်းမရှိသည့် တရားမဝင် အဖွဲ့အစည်းအား သစ္စာခံလျက် ကူညီကိုယ်စားပြု ဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ ၎င်းအား ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပြီး ဖြစ်သည်။

ဦးကျော်မိုးထွန်းသည် နိုင်ငံတော်အား သစ္စာဖောက်ဖျက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(အစိုးရ)ကို ဖြိုဖျက်ရန်အားထုတ်လုပ်ဆောင်ခြင်း၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်ဖြိုဖျက်ရန် တိုက်တွန်းလှုံ့ဆော်ခြင်းကြောင့် ၎င်းအား မတ် ၁၇ ရက်တွင် ဒက္ခိဏခရိုင်တရားရုံးသို့ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂) ဖြင့် တရားစွဲဆိုထားရှိရာ ရာဇဝတ်ကြီးမှုအမှတ် (၃၂/၂၀၂၁) ဖြင့် လက်ခံစစ်ဆေးလျက်ရှိပြီး ဒက္ခိဏခရိုင်တရားရုံးမှ ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သိရသည်။

**သတင်းစဉ်**




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၂၈ စီး၊ သွင်းကုန် ၉၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် မတ် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၆၅၀ သန်း)တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သော Safety Helment & Chemical Respirator + Goggle 2Pc Set Industrial Safety Equipment၊ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများ အရွယ်စုံနှင့် ပစ္စည်းသယ်ဆောင်လာသောယာဉ် တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၇**
တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။


မော်ဖြိုး(ခ)ကိုဖြိုးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးပမာဏ အများအပြား သယ်ဆောင်ရောင်းဝယ်မည်ဖြစ်ကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် မတ် ၁၆ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ဟုတ်ကျေးရွာအနီး၌ မော်ဖြိုး(ခ)ကိုဖြိုးမောင်းနှင်လာသည့် ယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ် သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် အိုက်မန်းနေထိုင်သည့် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဝမ်လုံကျေးရွာရှိ နေအိမ်အား ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ အိုက်မန်းမှာ ထွက်ပြေး တိမ်းရှောင်သွားသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ဖြန့်ဝေနေမှုများအပေါ် မိဘပြည်သူများအနေဖြင့် နားမယောင်မိစေရေး သတိပြုကြစေလို

**နေပြည်တော် မတ် ၁၇**
အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌနှင့် သတ္တမအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်သိမ်တော်ကြီး၌ မတ် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အကြိုညှိနှိုင်းအစည်းအဝေးများကို ကျင်းပလျက်ရှိသည်။

ထိုသို့ အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်နေမှုများကို အကြောင်းပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဘာသာသာသနာထွန်းကားပြန့်ပွားမှုကို မလိုလားသည့် မီဒီယာအချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က လူမှုကွန်ရက်စာမျက်နှာများတွင် **“လုံခြုံရေးတပ်ဖွဲ့ဝင်များက သံဃမဟာနာယက ဆရာတော်ကြီးများကို အကျယ်ချုပ်ဖြင့် ဖမ်းဆီးချုပ်နှောင်ဖို့စီစဉ်နေကြောင်း၊ ဆရာတော်ကြီးများ၏ဘွဲ့အမည်များကိုအသုံးပြု၍ ထုတ်ပြန်ချက်အတုများ ထုတ်လာနိုင်ကြောင်း”** စသည့် မဟုတ်မမှန်သတင်းများကို ပျံ့နှံ့အောင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဘာသာရေးအရ တည်တံ့ထွန်းကားနေမှုကို မလိုလားမရှုဆိတ်သူများက ယခုကဲ့သို့ ဘာသာရေးခေါင်းဆောင်များ၊ သက်ဆိုင်ရာဘာသာအလိုက် ယုံကြည်ကိုးကွယ်နေကြသူများကို နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်နေကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ရှေးယခင်ကတည်းကပင် အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ပြီး သာသနာတော်ထွန်းကားပြန့်ပွားအောင် အစဉ်အဆက် သယ်ပိုးထမ်းဆောင်လျက်ရှိပြီး ယခုကဲ့သို့ သံဃမဟာနာယကဆရာတော်ကြီးများအား ဖမ်းဆီးချုပ်နှောင်မည်ဟု မဟုတ်မမှန်သတင်းဖြန့်ဝေနေမှုများကို မိဘပြည်သူများအနေဖြင့် နားမယောင်မိစေရေး သတိပြုကြစေလိုကြောင်း အသိပေးအပ်ပါသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းစွာ ဆန္ဒပြကြပါတယ် ဆိုသူများသို့

**မောင်ဖြူလေး**

မီဒီယာတွေကလည်း ပြောကြရေးကြတယ်၊ ငြိမ်းချမ်းစွာဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်နှိမ်နင်းတယ်တဲ့။ အနောက်နိုင်ငံကြီးတချို့ကလည်း ဒီမိုကရေစီပြန်လည်ရရှိရေး တောင်းဆိုဆန္ဒပြသူတွေကို လုံခြုံရေးအဖွဲ့တွေက အကြမ်းဖက်တုံ့ပြန်တာဟာ စာရိတ္တပျက်ပြား၊ ကျင့်ဝတ်ချိုးဖောက်မှုလို့ စွပ်စွဲကြတယ်။ ပြည်တွင်းမှာလည်း အပြစ်မဲ့တဲ့ ပြည်သူတွေကို ရက်ရက်စက်စက် နှိပ်စက်ဖြိုခွင်းတယ်လို့ အော်ဟစ်နေကြတယ်။

အဲဒီတော့ ငြိမ်းချမ်းစွာ ဆန္ဒပြတယ်ဆိုတာ ဟုတ်၊ မဟုတ် ကိုယ့်ကိုယ်ကိုယ် သေချာပြန်ဆန်းစစ်ကြဖို့ လိုလာပြီထင်တယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေကြပါတယ်ဆိုတဲ့သူတွေ ပြန်စဉ်းစားကြရအောင်ပါ။

လူစုလူဝေးနဲ့ လမ်းတွေပိတ်၊ တာယာကွင်းတွေမီးရှို့၊ အတားအဆီးတွေနဲ့ကာ၊ လေးခွ၊ ဂျင်ကလိ၊ ဓာတ်ဆီပုလင်း၊ လက်လုပ်မိုင်း၊ လုပ်သေနတ်စတဲ့ အန္တရာယ်ရှိတဲ့ ပစ္စည်းတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို အခက်အခဲတွေ့အောင်လုပ်၊ ဒုက္ခပေးနေ၊ စိုးရိမ်ကြောင့်ကြမလုံမခြုံ ကြောက်လန့်အောင်လုပ်နေကြတာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလား။

ရဲစခန်းတွေကို လူအုပ်နဲ့စီးနင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အသက်သေသည်အထိ ခုတ်ထစ်ပစ်ခတ်ရန်မူ၊ အစိုးရရုံးအဆောက်အအုံတွေ၊ ပြည်သူပိုင်စီးပွားရေးလုပ်ငန်းတွေ၊ ပုဂ္ဂလိကပိုင်စက်ရုံ အလုပ်ရုံတွေ မီးရှို့ဖျက်ဆီးနေကြတာ၊ မီးလောင်ရာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ မီးသတ်ကားတွေ မဝင်နိုင်အောင် အထပ်ထပ်ပိတ်ဆို့တားဆီးပြီး အုပ်စုနဲ့ထင်တိုင်းကြဲနေကြတာ ငြိမ်းချမ်းစွာဆန္ဒပြတာလား။

CDM ဆိုပြီး ငါနဲ့မတူ ငါ့ရန်သူလုပ်၊ ဆန္ဒမပြလိုသူတွေကို ခြိမ်းခြောက်အကျပ်ကိုင်၊ တာဝန်သိပြည်သူလူထုကို Social Punishment ဆိုပြီး အရှက်တကွဲ အကျိုးနဲဖြစ်အောင်လုပ်၊ နောက်ဆုံးအဆင့် လူသတ်အကြမ်းဖက်၊ ကမ်းကုန်အောင် မိုက်ရိုင်းစော်ကား အကျင့်ပျက်နေကြတာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလား။

ဘဏ်တွေမဖွင့်နိုင်အောင်လုပ်၊ နိုင်ငံ့ဝန်ထမ်းတွေကို ရုံးတွေအထိလာပြီး အော်ဟစ်ဆဲဆို၊ ရုံးတွေကို ဖျက်ဆီး၊ တံခါးပိတ်မီးရှို့၊ CDM အောင်မြင်ရင် အစိုးရယန္တရားပျက်ပြီး ထွက်ပြေးစေရမယ် ကြွေးကြော်အကြမ်းဖက်နေတာတွေ၊ မသိနားမလည်တဲ့ ကျောင်းသားအရွယ်လူငယ်တွေ လမ်းပေါ်တက်ပြီး ရှေ့ကတင်ပေးနေတာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလား။

ပြောရရင် အများကြီးပါ၊ ပြောမဆုံးပေါင်တောသုံးထောင်ဆိုသလိုပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို နည်းမျိုးစုံဖောက်ဖျက်ကျူးလွန်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့

> ❖ **ဘဏ်တွေမဖွင့်နိုင်အောင်လုပ်၊ နိုင်ငံ့ဝန်ထမ်းတွေကို ရုံးတွေအထိလာပြီး အော်ဟစ်ဆဲဆို၊ ရုံးတွေကို ဖျက်ဆီး၊ တံခါးပိတ်မီးရှို့၊ CDM အောင်မြင်ရင် အစိုးရယန္တရားပျက်ပြီး ထွက်ပြေးစေရမယ် ကြွေးကြော်အကြမ်းဖက်နေတာတွေ၊ မသိနားမလည်တဲ့ ကျောင်းသားအရွယ်လူငယ်တွေ လမ်းပေါ်တက်ပြီး ရှေ့ကတင်ပေးနေတာ ငြိမ်းချမ်းစွာဆန္ဒပြတာလား။**
>
> ❖ **ပြောရရင်အများကြီးပါ၊ ပြောမဆုံးပေါင်တောသုံးထောင်ဆိုသလိုပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို နည်းမျိုးစုံ ဖောက်ဖျက်ကျူးလွန်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင်၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူလူထုကို ကျီးလန့်စာစား အထိတ်တလန့် မလုံမခြုံဖြစ်အောင် လုပ်နေကြတာ အများကြီးပါ။ ဒါတွေဟာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလားဗျာ။**

တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင်၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူလူထုကို ကျီးလန့်စာစား အထိတ်တလန့် မလုံမခြုံဖြစ်အောင် လုပ်နေကြတာ အများကြီးပါ။ ဒါတွေဟာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလားဗျာ။

ငြိမ်းချမ်းစွာ ဆန္ဒပြနေကြပါတယ်ဆိုတဲ့သူတွေ တစ်ခုလောက်ထပ်စဉ်းစားကြရအောင်ပါ။

ဒီအကြမ်းဖက်ဆန္ဒပြဆူပူမှုဖြစ်အောင်လုပ်နေသူတွေ ခင်ဗျားတို့ရှေ့မှာ မားမားမတ်မတ် ရပ်နေသလား၊ လူလုံးပြခေါင်းဆောင်နေပါသလား၊ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားလို့ နောက်ကွယ်က ညွှန်ကြားနေသူတွေကို မြင်ဖူးကြပါရဲ့လား၊ ဘာရည်ရွယ်ချက်၊ ဘာမျှော်လင့်ချက်၊ ဘာယုံကြည်ချက်နဲ့ ဒီလို ဆူပူအကြမ်းဖက်မှုတွေဖြစ်အောင် စည်းရုံးလှုံ့ဆော် မြှောက်ပင့်ပေးနေတယ်ဆိုတာကိုရော တွေးမိကြပါသလား၊ နောက်ကွယ်မှာ ပါဝင်ပတ်သက်သူတွေ၊ တရားမဝင် အထောက်အပံ့ပေးနေတာတွေကို သတိထားမိကြပါရဲ့လား၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်နားနေရမှန်းမသိတဲ့ ဥပဒေကို ဖောက်ဖျက်ကျူးလွန်တဲ့ တရားမဝင်အဖွဲ့တွေကို ယုံကြည်နေကြပါသလား။

ဒီနေ့ တကယ်ဒုက္ခရောက်နေတာက ပြည်သူလူထုပါ။ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေတာ ပြည်သူလူထုပါ။ ကြောက်ကြောက်လန့်လန့်ရောယောင်ပြီး ပါမိရာက ထိခိုက်ဒဏ်ရာရ သေဆုံးကြတာ ပြည်သူလူထုပါ။ အပြစ်မဲ့တဲ့ ကျောင်းသားကျောင်းသူ လူငယ်တွေပါ။ ပြည်သူတွေ ဘက်ပေါင်းစုံက ဆင်းရဲဒုက္ခရောက်နေပါပြီ။

ဒါကြောင့် မကောင်းတဲ့အနိဋ္ဌာရုံတွေ အဆုံးသတ်သင့်ပါပြီ။ နိုင်ငံနဲ့ ပြည်သူလူထု ဆင်းရဲဒုက္ခရောက်အောင် အဓိပ္ပာယ်မဲ့ လုပ်ရပ်တွေ မရှိသင့်တော့ပါ။ မကောင်းတဲ့အကျင့်စရိုက်နဲ့ လူငယ်တွေကို လမ်းမှားရောက်အောင်၊ စိတ်ဓာတ်ပျက်ပြားရိုင်းစိုင်းအောင် ဖြားယောင်းသွေးဆောင်လှုံ့ဆော်မှုတွေ မလုပ်သင့်ကြတော့ပါ။

တစ်ဖက်က မြှောက်ပေးနေတာတွေကိုပဲ နားထဲဝင်နေမယ့်အစား၊ ယုံကြည်သက်ဝင်နေမယ့်အစား ယနေ့နိုင်ငံတော်ဘာဖြစ်နေလဲ၊ အဖြစ်မှန်က ဘာလဲ၊ တာဝန်ယူထားတဲ့ အဖွဲ့အစည်းက ဘာတွေလုပ်နေလဲ၊ ဘယ်လိုပြောနေလဲ၊ ဘယ်လိုတာဝန်ယူတာဝန်ခံမှုတွေ လုပ်နေလဲဆိုတာတွေကို အဖြစ်မှန်နဲ့ယှဉ်ပြီး မစဉ်းစားကြတော့ဘူးလား။ သတိတရား၊ ဆင်ခြင်တုံတရားလေးတွေနဲ့ လုပ်သင့်တယ်လို့ရော မတွေးကြတော့ဘူးလားဗျာ။

ပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒ၊ ပြည်သူတစ်ရပ်လုံးရဲ့သဘောထားလို့တော့ ဝါးလုံးရှည်နဲ့ ရမ်းမပြောကြပါနဲ့။ မှားပါတယ်။ မဟုတ်ပါဘူး။ ကန့်ကွက်ပါတယ်။ ဒီနေ့ဖြစ်နေတဲ့ ဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေကို မကြိုက်တဲ့လူတွေအများကြီးပါ။ သဘောမတူသူတွေ အများကြီးပါ။ ဒီလောက်ထိ ရုပ်ပျက်ဆင်းပျက် ပြည်သူလူထုဒုက္ခရောက်အောင် လုပ်နေတာကို လက်ရှိအစိုးရဘာကြောင့် ထိထိရောက်ရောက် ပြတ်ပြတ်သားသား မလုပ်တာလဲလို့ ပြောနေသူတွေ တစ်ပုံတစ်ပင်ပါပဲ။ ဒါကိုလည်း သဘောပေါက်လက်ခံပါ။ နားလည်ပေးပါ။

ဒါကြောင့် နိုင်ငံနဲ့ ပြည်သူလူထုအတွက် အကျိုးလုံးဝမရှိတဲ့ အလုံးစုံပျက်သုဉ်းရေး၊ ထိပ်တိုက်ရင်ဆိုင်ရေးတွေကို ရပ်ကြပါစို့ဗျာ။ အေးအေးချမ်းချမ်း၊ ငြိမ်းငြိမ်းချမ်းချမ်း နေချင်ကြတဲ့ ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးကြပါစို့ဗျာ။ လုပ်ရင်းလုပ်ရင်း မှားသည်ထက်မှားလာတာမျိုးတွေ ရှောင်ကြပါစို့လားဗျာ။ အတွေးသန့်သန့်၊ အမြင်ကြည်ကြည်နဲ့ သုံးသပ်ဆင်ခြင်ပြီး နိုင်ငံနဲ့ ပြည်သူလူထုကောင်းရာကောင်းကျိုးကို စဉ်းစားလုပ်ဆောင်ကြပါစို့လားဗျာ။

နိုင်ငံတော်ကြီး ငြိမ်းချမ်းပါစေ၊ ပြည်သူများ အေးချမ်းပါစေ။

## ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနၛ ယခုနှစ် နွေစပါးရာသီတွင် မျိုးသန့်မျိုးစေ့(မိဘအဆင့်)များ ပိုမိုပွားများခြင်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း) စပါးသီးနှံသုတေသနဌာနခွဲ၊ စပါးသီးနှံသုတေသနဗဟိုဌာနသည် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ဒေသအသီးသီးအတွက် သင့်လျော်ပြီး အထွက်ကောင်း၍ ရောဂါပိုးမွှားဒဏ်ခံနိုင်သော စပါးမျိုးသစ်များ၊ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် စပါးမျိုးသစ်များ၊ ဈေးကွက်ဝင် အရည်အသွေးကောင်း စပါးမျိုးသစ်များနှင့် အာဟာရဓာတ် ပြည့်ဝသော စပါးမျိုးသစ်များ ရရှိရန်အတွက် သုတေသနလုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ယခုနှစ် နွေစပါးရာသီၛ အရည်အသွေးကောင်း စပါးမျိုးသစ်များဖြစ်သည့် ဝိုင်ကြူအာ- ၁၁ (YQR-11)၊ ကိုမိုင်ပါးလ် (Ko My Pearl)၊ ရေအနည်းလိုစပါးမျိုးများဖြစ်သည့် ဝိုင်အေအာ-၁၄ (YAR-14) စပါးမျိုးများအပါအဝင် အခြားထုတ်ဝေပြီး စပါးမျိုးသစ် ခြောက်မျိုးကိုလည်း အမြုတေအဆင့်မှ မိဘမျိုးစေ့အဆင့်သို့ မျိုးသန့်များအား သတ်မှတ်စံချိန်စံညွှန်းများဖြင့် စနစ်တကျ စိုက်ပျိုးခြင်း၊ သတင်းအချက်အလက်မှတ်တမ်းများ ကောက်ယူခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR) သည် နှစ်စဉ်ဈေးကွက်၏ တောင်သူများ ကြိုက်နှစ်သက်သော စပါးမျိုး ၁၈ မျိုးတို့ကို မိဘမျိုးစေ့(BS)အဖြစ် ပွားများ၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်ကုမ္ပဏီများထံ ဖြန့်ဝေပေးလျက်ရှိသည်။ ၎င်းမှတစ်ဆင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်အဆင့်များအရ ဆင့်ပွားမျိုးစေ့(FS)၊ မျိုးသန့်မျိုးပွားမျိုးစေ့(RS)၊ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ (CS)အဆင့်များသို့ ဆက်လက်ပွားများ၍ တောင်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိသည်။ ဆက်လက်၍ စနစ်တကျ မျိုးပွားရန် သုံးစွဲမည်ဆိုပါက မိုးစပါး၊ နွေစပါး စိုက်ဧက ၁၄ သန်းကျော်အတွက် မျိုးကောင်းမျိုးစေ့ အလုံအလောက်ရရှိနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ(စိုက်ပျိုးရေး)

# သွေးထိုးလှုံ့ဆော်နေတာတွေ ရပ်တန်းကရပ်သင့်ပြီ။ ကြားထဲကပြည်သူတွေသာ ထိခိုက်နစ်နာရသလို ပြည်သူပိုင်ပစ္စည်းတွေ ဆုံးရှုံးနစ်နာရတာပဲ အဖတ်တင်ပါတယ်။

ဦးအာကာ

**နိုင်ငံတစ်ဝန်းတွင် ခေါင်းစဉ်အမျိုးမျိုးတပ်ကာ CDMလှုပ်ရှားမှုများနှင့်အတူ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလာမှုကြောင့် စားဝတ်နေရေး၊ ကျန်းမာရေး စသည့်အခက်အခဲမျိုးစုံနှင့် ကြုံတွေ့နေရသော ပြည်သူများ၏ ရင်တွင်းစကားသံများကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။**

"အခုရက်ပိုင်းမှာ ဆန္ဒပြမှုတွေနဲ့အတူ အကြမ်းဖက်လုပ်ရပ်တွေပါလုပ်ဆောင်လာတဲ့အတွက် ကျွန်မတို့လို ဈေးအရောင်းအဝယ်သမားတွေအတွက် အတော်ဒုက္ခရောက်ရပါတယ်။ ကျွန်မကတော့ ဈေးရုံထဲမှာ ဆိုင်ခန်းဖွင့်ပြီး ဈေးရောင်းတဲ့သူတစ်ဦးပါ။ အခုလို ဆန္ဒပြမှုတွေကြောင့် နယ်ကဈေးလာဝယ်တဲ့သူတွေကလည်းလာမဝယ်ရဲကြတော့ အရောင်းအဝယ် အတော်ပါးပါတယ်။ ပြီးတော့ ကျွန်မတို့ ဈေးရုံထဲက ဈေးရောင်းသူအတော်များများကလည်း ဆန္ဒပြနေကြတဲ့အထဲမှာ ပါဝင်နေကြပါတယ်။ ကျွန်မတို့ ဈေးတစ်ရုံလုံးကိုလည်း ဆန္ဒပြမှုတွေမှာ ပါဝင်ရမယ်၊ မပါဘဲ ဈေးလာဖွင့်လို့ရှိရင် တခြားဆိုင်ခန်းတွေက ပစ္စည်းပျောက်ရင် ဈေးလာဖွင့်တဲ့သူရဲ့တာဝန်လို့ ခြိမ်းခြောက်ပါတယ်။ အဲဒါနဲ့ ကျွန်မတို့လည်း ဆန္ဒပြတဲ့အထဲလည်း မပါချင်၊ ဈေးဖွင့်တော့လည်း တစ်ခုခုဖြစ်ရင် ကိုယ့်တာဝန်ဖြစ်မှာစိုးလို့ အိမ်မှာပဲ နေနေရပါတယ်။ ဒီလိုကြီးသာ ဈေးမဖွင့်ရတဲ့ရက်တွေများလာသလို ဈေးဖွင့်တော့လည်း ဈေးဝယ်သူတွေမလာရဲတဲ့ရက်တွေများလာပြီး အရောင်းအဝယ်တွေပါးလာတော့ ကျွန်မတို့ ဈေးရောင်းတဲ့သူတွေမှာ စားဝတ်နေရေးအတွက် ခက်ခဲလာပါတယ်။ လက်လုပ်လက်စားသမားတွေဆို ပိုဆိုးမှာပါ။ အဲဒါကြောင့် မြန်မာပြည်ကြီးအမြန်အေးချမ်းပြီး အရောင်းအဝယ်တွေကောင်းစေချင်၊ စီးပွားရေးဖွံ့ဖြိုးလာစေချင်ပါပြီ"ဟု ဈေးရုံအတွင်းဆိုင်ခန်းဖွင့်ကာ ဈေးရောင်းချသူ ဒေါ်ယဉ်ယဉ်က ပြောသည်။

နေရာအနှံ့အပြားတွင် CDM လှုပ်ရှားမှုများပြုလုပ်ကြသလို CDM လှုပ်ရှားမှုတွင် မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း Social bullying လုပ်အကျပ်ကိုင်ခြိမ်းခြောက်မှုများ ရှိလာသည်ကို တွေ့ရသည်။

"ကျွန်မကတော့ GTC (အစိုးရနည်းပညာကောလိပ်)မှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာမတစ်ဦးပါ။ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းတွေပိတ်ထားရပေမယ့် ကျွန်မတို့ ဆရာ ဆရာမတွေကတော့ နေ့စဉ်ကျောင်းကို ပုံမှန်လက်မှတ်သွားထိုးရပါတယ်။ အခုတော့ CDM လှုပ်ရှားမှုတွေ ဖြစ်ပေါ်နေတော့ ဆရာ ဆရာမအချို့က CDM မှာပါဝင်ပြီး ကျောင်းကို လက်မှတ်လာမထိုးကြတော့ပါဘူး။ သူတို့ ခံယူချက်နဲ့ သူတို့ CDM မှာပါဝင်တာကိုတော့ ကျွန်မ မပြောလိုပါဘူး။ ဒါပေမယ့် CDM မှာမပါဝင်တဲ့ တခြား ဆရာ ဆရာမတွေကို အကျပ်ကိုင်ပြီး CDM မှာ ပါဝင်ဖို့ပြောတာကိုတော့ ကျွန်မ လက်မခံနိုင်ပါဘူး။

ကျွန်မတို့ဌာနခွဲမှာက ဆရာ ဆရာမအင်အား ၁၅ ဦးပဲ ရှိပါတယ်။ အဲဒီထဲကမှ CDM လုပ်သူက ၁၂ ဦး ရှိပါတယ်။ ကျွန်မရယ်၊ ဌာနမှူးရယ်၊ အခြား နည်းပြဆရာမတစ်ဦးရယ်ပဲ CDM မှာ မပါဝင်တာပါ။ အဲဒါကျွန်မတို့ကို CDM မှာပါဝင်ဖို့ လက်မှတ်ထိုးရမယ်လို့ဆိုပါတယ်။ မပါရင် မိသားစုဓာတ်ပုံနဲ့တကွ ကျွန်မရဲ့ ဖေ့စ်ဘွတ်အကောင့်ကိုတွဲပြီး ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာ Public နဲ့တင်ပြီး Social bullying လုပ်မယ်လို့ ခြိမ်းခြောက်ပါတယ်။ ကျွန်မလည်း ဘာလုပ်လို့လုပ်ရမှန်းမသိတာနဲ့ နောက်ရက်မှ လက်မှတ်ထိုးပေးမယ်လို့ပြောပြီး နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျွန်မရဲ့ အစ်မကို အကြံဉာဏ်တောင်းပါတယ်။ အစ်မက "ဘာမှ လက်မှတ်ထိုးစရာမလိုဘူး။ ငါတို့က နိုင်ငံ့ဝန်ထမ်းတွေ။ ဘယ်အစိုးရတက်တက် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမှာက ငါတို့တာဝန်ပဲ။ ပြီးတော့ နိုင်ငံ့ဝန်ထမ်းဆိုတာ ပါတီ၊ နိုင်ငံရေးကင်းရှင်းရမယ်လို့ နိုင်ငံ့ဝန်ထမ်းဥပဒေမှာပါပြီးသား။ အဲဒီတော့ ကိုယ်လုပ်စရာရှိတာသာဆက်လုပ်၊ ဘာမှစိုးရိမ်သောကများမနေနဲ့။ ထပ်ပြီး အကျပ်ကိုင်မယ်ဆိုရင် တိုင်ကြားနိုင်တဲ့ ဖုန်းနံပါတ်တွေ သတင်းစာတွေမှာ ဖော်ပြထားတာပဲ။ အဲဒီကိုသာ ဖုန်းဆက်လိုက်"လို့ ပြောပါတယ်။ အဲဒါနဲ့ ကျွန်မလည်း ဉာဏ်ရှိသလို သူတို့ကိုပြောပြီး အတတ်နိုင်ဆုံး လွှတ်အောင်ရှောင်ခဲ့ပါတယ်။ အခုပြောသံကြားတာကတော့ Social bullying လုပ်မယ်လို့ ခြိမ်းခြောက်တဲ့ ဆရာမကို ဖမ်းဆီးထိန်းသိမ်းထားတယ်လို့ ကြားပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ CDM လှုပ်ရှားမှုတွေ မြန်မြန်ပြီးဆုံးပြီး ကျောင်းတွေပြန်ဖွင့်မယ့်ရက်ကိုပဲ မျှော်လင့်မိပါတယ်"ဟု GTCမှ ကထိက ဒေါ်မြင့်မာလာက ပြောသည်။

နိုင်ငံတစ်ဝန်းတွင် CDM လှုပ်ရှားမှုများကြောင့် ပြည်သူများအနေဖြင့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသလို ကျန်းမာရေးအခက်အခဲနှင့်လည်း ရင်ဆိုင်နေရသည်ကိုလည်း ကြားသိခဲ့ရပါသည်။

"ကျွန်မကတော့ အညာက ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်ဆုံရာကြားမှာရှိတဲ့ ရွာလေးတစ်ရွာမှာ နေထိုင်တဲ့သူပါ။ ကျွန်မမှာ ဆီးချိုရောဂါနဲ့ ကျောက်ကပ်ရောဂါခံစားနေရပါတယ်။ အရင်က မြို့ကဆေးခန်းကိုသွားပြီး တစ်လနှစ်ခါ ပုံမှန်ဆေးပြဖြစ်ပါတယ်။ ဆရာဝန်က နှစ်ပတ်စာ စားဆေးပုံမှန်ပေးပြီး ဆေးကုန်မှ ဆေးခန်းကိုသွားပြတာပါ။ အဲဒီလို ပုံမှန်ပြဖြစ်တဲ့အတွက် ရောဂါကသက်သာနေပါတယ်။ ဒါပေမယ့် အခုရက်ပိုင်း မြို့ကြီးတွေမှာ ဆန္ဒပြမှုတွေ ဖြစ်ပွားနေတော့ ကျွန်မအနေနဲ့ ဆေးခန်းကိုပြဖို့ အခက်အခဲဖြစ်လာပါတယ်။ ပုံမှန်ပြနေကျဆေးခန်းကလည်း ပိတ်ထားတော့ ဆေးခန်းသွားမပြရပါဘူး။ စားဆေးကိုပဲ ဈေးကို လူကြုံနဲ့မှာပြီး စားနေရပါတယ်။ ပြည်သူ့ဆေးရုံကို သွားပြဖို့ဆိုတာကလည်း ဆေးရုံမှာရှိတဲ့ ဆရာဝန်တွေက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို ပြည့်ဝစွာမထမ်းဆောင်ဘဲ ဆန္ဒပြနေကြတော့ သွားပြလို့မရပါဘူး။ တစ်ခါတလေ ဆီးချိုတက်လာရင် ရွာမှာရှိတဲ့ ဆေးဆရာနဲ့ပဲ ပြနေရပါတယ်။ ကျွန်မတို့ရွာမှာက ဆေးပေးခန်းလည်း မရှိသလို တိုက်နယ်ဆေးရုံတွေနဲ့လည်းအလှမ်းဝေးတော့ ဖျားတာနာတာလောက်ဆိုရင် ရွာမှာကုနေတဲ့ဆေးဆရာနဲ့ပဲ ကုကြရတာပါ။ အခုကျွန်မလည်း အဲဒီဆရာနဲ့ပဲ ပြနေရပါတယ်။ ပုံမှန်ဆေးခန်းမပြရတော့ ရောဂါကပြန်ဖြစ်လာပါတယ်။ အဲဒါကြောင့် ကျွန်မကတော့ ဆေးခန်းတွေ မြန်မြန်ပြန်ဖွင့်သလို ဆေးရုံကြီးတွေက ဆရာဝန်တွေလည်း ပြန်ပြီးအလုပ်ဆင်းစေချင်လှပါပြီ"ဟု မြစ်ဆုံကြားမှ ကျေးရွာသူ ဒေါ်ကြည်အေးက ပြောသည်။

"ကျွန်တော်တို့ ရပ်ကွက်တွေမှာ အခုဆိုရင် ညဘက်တွေပါထွက်ပြီး ဆန္ဒပြမှုတွေရှိလာပြီ။ အကြမ်းဖက်မှုတွေပါဖြစ်လာတော့ ညဘက်ဆို အေးအေးချမ်းချမ်းနဲ့ အိပ်စက်ရတယ်လို့မရှိပါဘူး။ အမြဲနားစွင့်ပြီးနေရပါတယ်။ ရန်ကုန်မှာဆိုလည်း အခု မီးရှို့မှုတွေပါ ဖြစ်လာပြီဆိုတော့ ကျွန်တော်တို့မြို့တွေကိုလည်း စိုးရိမ်မိပါတယ်။ ကျွန်တော်ပြောချင်တာကတော့ အခုလိုလုပ်နေကြတာဟာ ကိုယ့်ပြည်သူကို ကိုယ်ပြန်ပြီး သတ်နေသလိုပါပဲ။ အခု ဆန္ဒပြမှုတွေမှာလည်း ထိခိုက်ဒဏ်ရာရကြ၊ သေဆုံးကြရတဲ့သူတွေဟာ ကျွန်တော်တို့ ပြည်သူတွေပါပဲ။ ဘယ်နိုင်ငံရေးသမား၊ ဘယ်သွေးထိုးလှုံ့ဆော်သူမှ ရှေ့ထွက်ဆန္ဒမပြပါဘူး။ အဲဒါကြောင့် ပြည်သူတွေကို ဆူပူမှုတွေဖြစ်အောင် အွန်လိုင်းကနေ သွေးထိုးလှုံ့ဆော်နေတဲ့သူတွေကို ပြောချင်ပါတယ်။ သွေးထိုးလှုံ့ဆော်နေတာတွေ ရပ်တန်းကရပ်သင့်ပါပြီ။ ကြားထဲက ပြည်သူတွေသာ ထိခိုက်နစ်နာရသလို ပြည်သူပိုင်ပစ္စည်းတွေ ဆုံးရှုံးနစ်နာရတာပဲ အဖတ်တင်ပါတယ်"ဟု နယ်မြို့လေးတစ်မြို့မှ ပြည်သူတစ်ဦးဖြစ်သူ ဦးအာကာက ပြောသည်။

**ပြည်ငြိမ်းချမ်း**

---

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

## အေးချမ်းစွာ ဘုရားဝတ်ပြုခွင့် ရချင်ပါတယ် ...

**စာတည်းမှူး ဒကာကြီး ...**

ဘုန်းကြီးက ဗဟန်း ခြောက်ထပ်ကြီးဘုရားနားက ကျောင်းတိုက်တစ်တိုက်မှာ သီတင်းသုံးပါတယ်။ နေ့စဉ်လိုလို ဘုန်းကြီးတို့ ဝဋ်ဒုက္ခခံနေရတာတွေကို တင်ပြချင်လို့ အခုလို စာရေးလိုက်ရပါတယ်။

ဒကာကြီးတို့ သိကြတဲ့အတိုင်း ဘုန်းကြီးတို့ဟာ ဒကာ၊ ဒကာမတွေ လှူဒါန်းလိုက်တဲ့ ဆွမ်းကွမ်းတွေ ဘုဉ်းပေးစားသုံးပြီးရင် သတ္တဝါအားလုံးအပေါ် မေတ္တာပို့ကြရတယ်။ ဘုရားရှင်ချမှတ်ထားတဲ့ ဝိနည်းသိက္ခာပုဒ်တွေကို လိုက်နာပြီး ဘုရားရှင်ကို ရှိခိုးပူဇော်ကြရပါတယ်။ ဒါတွေဟာ နေ့စဉ် ဘုန်းကြီးတို့ ပြုကျင့်ရတဲ့ အလုပ်တွေပါပဲ။

အခုတော့ အဲဒီအလုပ်တွေကို အေးအေးချမ်းချမ်းမလုပ်ရလို့ အင်မတန် စိတ်မကောင်းဖြစ်ရပါတယ်။ ဗုဒ္ဓဘာသာနိုင်ငံမှာ ဗုဒ္ဓသားတော်တွေဟာ ဗုဒ္ဓဘာသာအလုပ်တွေကို စိတ်ဖြောင့်ဖြောင့်မလုပ်ရတာလောက် ဝမ်းနည်းစရာကောင်းတာ ရှိသေးရဲ့လား။

ဘာဖြစ်လို့ မလုပ်နိုင်တာလဲလို့ ဒကာကြီးတို့မေးလာရင် သိအောင် ပြောပြချင်တယ်။

ဘုန်းကြီးတို့ ညစဉ် ဘုရားရှိခိုး မေတ္တာပို့ရမယ့်အချိန်တိုင်းမှာ အနီးအနားက အိမ်တွေက သံပုံးတွေတီးကြတယ်။ ဆူညံအော်ဟစ်ကြတယ်။ အစိုးရ ဆန့်ကျင်ရေးသီချင်းတွေ အော်ဆိုကြတယ်။ အသံမျိုးစုံနဲ့ အော်ဟစ်ဆဲဆိုနေကြတာဟာ ညစဉ် ၈ နာရီလောက်ကနေ ည ၁၀ နာရီလောက်အထိပါပဲ။

ဘုန်းကြီးတို့ နားလည်ထားတဲ့ ဒီမိုကရေစီဆိုတာ သူတစ်ပါးကို နားလည်တာ၊ သူတစ်ပါးဆန္ဒကို လေးစားတာ၊ သူတစ်ပါးရဲ့ အခွင့်အရေးကို မထိပါးဘဲ မိမိအခွင့်အရေးကို တောင်းဆိုတာ၊ မိမိဖြစ်ချင်တာတစ်ခုတည်းကို ဦးစားမပေးဘဲ မိမိဖြစ်ချင်တာရော အခြားလူတွေ ဖြစ်ချင်တာကိုပါ ညှိနှိုင်းပေးတာ၊ တစ်နည်းအားဖြင့် အခြားလူတွေရဲ့ ရပိုင်ခွင့်တွေကို လေးစားတန်ဖိုးထားတာ၊ မတူကွဲပြားမှုတွေကို နားလည်လက်ခံပေးတာတွေပါပဲ။

အခုတော့ အဲဒီလို မဟုတ်ဘဲ မိမိလုပ်ချင်တာမလုပ်ရရင် ရန်ရှာတယ်။ အစိုးရဒလန်လို့ သတ်မှတ်ပြီး ပြဿနာရှာတယ်။ မိမိနဲ့မတူရင် ရန်မူတယ်။ အင်မတန် ဆိုးသွမ်းတဲ့ လူ့အသိုင်းအဝိုင်းတွေ ဖြစ်နေကြပါပြီ။

အဆိုးဆုံးကတော့ ဘုန်းကြီးတို့ ကျောင်းအနီးက ရေအရင်းအမြစ်ဌာနမှ ဝန်ထမ်းတွေ ညစဉ် သံပုံးတွေတီးလိုက်၊ အစိုးရဆန့်ကျင်ရေးကြွေးကြော်သံတွေ အုပ်စုဖွဲ့အော်လိုက်နဲ့ ဖြစ်ချင်သလို ဖြစ်နေကြတာပါပဲ။ သူတို့ဟာ နိုင်ငံတော်လစာကိုစား၊ နိုင်ငံတော်အိမ်ရာမှာနေပြီး နိုင်ငံတော်အစိုးရကို အခုလို ညတိုင်းဆန့်ကျင်တဲ့ ကြွေးကြော်သံတွေ အော်နေတာကို တာဝန်ရှိသူတွေ မသိကြဘူးလား။ မထိန်းပေးတော့ဘူးလား။ သူတို့ကြောင့် ဘုန်းကြီးတို့ ဘုရားဝတ်ပြုဖို့ ခက်နေပါပြီ။

သက်ဆိုင်ရာ တာဝန်ရှိသူများ ထိန်းပေးကြပါ။ ထိထိရောက်ရောက် အရေးယူပေးကြပါ။ နိုင်ငံရေးလုပ်မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းမလုပ်ခိုင်းကြပါနဲ့။ အနီးအနားက ဘုန်းကြီးတို့ ညတိုင်း ဒုက္ခရောက်နေလို့ပါ။ ဘာပဲဖြစ်ဖြစ် ညစဉ် အေးအေးချမ်းချမ်း ဘုရားဝတ်ပြုခွင့်ရအောင် ကူညီပေးကြပါလို့ စာတည်းမှူးမှတစ်ဆင့် အကူအညီတောင်းခံအပ်ပါတယ်။

**ဆရာတော် ဦးအာလောက(ဗဟန်း)**

---

**အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်**

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၇**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် လောက်ကိုင်မြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ဟိုပုံးမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ် ရွာငံမြို့၊ ဘန်းယဉ်မြို့၊ ကွန်ဟိန်းမြို့၊ လင်းခေးမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ မောက်မယ်မြို့၊ မိုးနဲမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်နှင့် ဖရူဆိုမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နှင့် မိုင်းဆတ်မြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ မအူပင်ခရိုင်နှင့် လပွတ္တာခရိုင်များအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုသတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနဆိုင်ရာဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မတ် ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၇-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၁၃,၄၇၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၉၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၅၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၂၃၄၀၁၅ | ၂၂၃၅၉၀၄၅ | ၅၄၉၄၃၄ |
| ၂။ | ဘရာဇီး | ၁၁၆၀၉၆၀၁ | ၁၀၂၀၄၅၄၁ | ၂၈၂၄၀၀ |
| ၃။ | အိန္ဒိယ | ၁၁၄၃၈၇၃၄ | ၁၁၀၄၅၂၈၄ | ၁၅၉၀၇၉ |
| ၄။ | ရုရှား | ၄၄၁၈၄၃၆ | ၄၀၂၄၉၇၅ | ၉၃၃၆၄ |
| ၅။ | ဗြိတိန် | ၄၂၆၈၈၂၁ | ၃၅၄၈၇၃၁ | ၁၂၅၆၉၀ |
| ၆။ | ပြင်သစ် | ၄၁၀၈၁၀၈ | ၂၇၅၃၅၀ | ၉၁၁၇၀ |
| ၇။ | အီတလီ | ၃၂၅၈၇၇၀ | ၂၆၁၉၆၅၄ | ၁၀၃၀၀၁ |
| ၈။ | စပိန် | ၃၂၀၀၀၂၄ | ၂၈၅၇၇၁၄ | ၇၂၅၆၅ |
| ၉။ | တူရကီ | ၂၉၁၁၆၄၂ | ၂၇၃၄၈၆၂ | ၂၉၆၂၃ |
| ၁၀။ | ဂျာမနီ | ၂၅၉၄၆၇၅ | ၂၃၈၃၆၀၀ | ၇၄၄၃၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၃၇၂၈၃ | ၁၂၆၆၆၇၃ | ၃၈၉၁၅ |
| ၂။ | ဖိလစ်ပိုင် | ၆၃၆၅၉၈ | ၅၆၁၀၉၉ | ၁၂၈၆၆ |
| ၃။ | မလေးရှား | ၃၂၇၂၅၃ | ၃၁၀၉၅၈ | ၁၂၂၀ |
| ၄။ | မြန်မာ | ၁၄၂၁၉၀ | ၁၃၁၇၅၁ | ၃၂၀၃ |
| ၅။ | စင်ကာပူ | ၆၀၁၃၇ | ၅၉၉၈၄ | ၃၀ |
| ၆။ | ထိုင်း | ၂၇၄၀၂ | ၂၆၃၃၉ | ၈၈ |
| ၇။ | ဗီယက်နမ် | ၂၅၆၇ | ၂၁၉၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၅၀၅ | ၈၄၀ | ၁ |
| ၉။ | ဘရူနိုင်း | ၂၀၂ | ၁၈၆ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒဂုံမြို့နယ်နှင့် ဆိပ်ကြီး/ခနောင်တိုမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မဲရုံပေါင်း ၂၆ ရုံ | ၃၅၈၇၁ | ၂၇၃၉၀ | ၅၂၁ | ၁၈ | ၁၀၃၀ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မဲရုံပေါင်း ၈၇ ရုံ | ၁၄၁၄၄၂ | ၁၀၀၇၅၀ | ၆၁၄၅ | ၁၂၆ | ၅၃၄၆ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မဲရုံပေါင်း ၃၇ ရုံ | ၇၀၉၉၉ | ၆၂၉၅၆ | ၁၅၀၅ | ၄၀ | ၂၃၂၂ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မဲရုံပေါင်း ၁၃ ရုံ | ၂၁၀၀၄ | ၂၀၉၄၃ | ၃၇၃ | ၃ | ၃၂၈ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီး/ ခနောင်တိုမြို့နယ် မဲရုံပေါင်း ၃၅ ရုံ | ၂၆၀၅၅ | ၂၅၅၇၄ | ၃၆၅၁ | ၆ | ၄၀၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒဂုံမြို့နယ်နှင့် ဆိပ်ကြီး/ ခနောင်တိုမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၁၉၈ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၁၁၆၅၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၅၀၅၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၆၅၉၆၊ မြေပြင်လက်ကျန် ၁၀၉၆၇၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၃၀၅၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၁၃၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်းတို့ကိုတွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပုဇွန်တောင်မြို့နယ် | ၂၆ | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |
| ၂ | လှိုင်မြို့နယ် | ၈၇ | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |
| ၃ | ကမာရွတ်မြို့နယ် | ၃၇ | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |
| ၄ | ဒဂုံမြို့နယ် | ၁၃ | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |
| ၅ | ဆိပ်ကြီး/ ခနောင်တို မြို့နယ် | ၃၅ | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |
| | စုစုပေါင်း | ၁၉၈ | ၃၁၁၆၅၁ | ၁၉၅၀၅၅ | ၁၁၆၅၉၆ | ၁၀၉၆၇၃ | ၁၃၀၅၉ | ၆၁၃၆ |

### ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ မဲရုံပေါင်း ၂၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၉၉၈၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၀၀၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၉၈၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၆၁၆၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၆၄၅၀ | ၂၂၂၈၀ | ၁၄၁၇၀ | ၁၃၃၃၃ | ၁၃၇၈ | ၅၄၁ |
| ၂ | မြို့နယ်မဲလက်မှတ် | ၃၅၃၇ | ၇၂၁ | ၂၈၁၆ | ၂၈၂၈ | - | ၁၂ |
| | စုစုပေါင်း | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |

၆။ ပုဇွန်တောင်မြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်ရှိ မဲရုံ ၂၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၃၇၈ ပျောက်ဆုံးနေပြီး ၅၄၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၈၁၆ ဖြစ်သော်လည်း မြေပြင်တွင် ၂၈၂၈ ကျန်ရှိနေသည်။

၇။ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | ရပ်ကွက်အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၅ | ၅၃၀၀ | ၂၄၀၆ | ၂၈၉၄ | ၂၃၇၂ | ၅၇၁ | ၄၉ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၄ | ၇၅၀၀ | ၄၀၈၃ | ၃၄၁၇ | ၃၃၅၂ | ၆၅ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၂ | ၂၃၅၀ | ၁၇၉၉ | ၅၅၁ | ၇၀၈ | ၂၀ | ၁၇၇ |
| ၄ | အမှတ်(၄)ရပ်ကွက် | ၁ | ၅၅၀ | ၄၄၀ | ၁၁၀ | ၈၅ | ၂၅ | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၂ | ၂၅၀၀ | ၁၇၀၀ | ၈၀၀ | ၇၂၀ | ၈၀ | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၁ | ၁၃၅၀ | ၁၀၆၅ | ၂၈၅ | ၂၅၅ | ၃၀ | |
| ၇ | အမှတ်(၇)ရပ်ကွက် | ၄ | ၅၉၀၀ | ၃၇၈၃ | ၂၁၁၇ | ၂၀၀၅ | ၁၂၇ | ၁၅ |
| ၈ | အမှတ်(၈)ရပ်ကွက် | ၂ | ၃၄၀၀ | ၂၄၂၇ | ၉၇၃ | ၁၁၆၃ | ၃၀ | ၂၂၀ |
| ၉ | အမှတ်(၉)ရပ်ကွက် | ၃ | ၄၄၀၀ | ၃၀၀၈ | ၁၃၉၂ | ၁၄၂၂ | ၅၀ | ၈၀ |
| ၁၀ | အမှတ်(၁၀)ရပ်ကွက် | ၂ | ၃၂၀၀ | ၁၅၆၉ | ၁၆၃၁ | ၁၂၅၁ | ၃၈၀ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၂၆ | ၃၆၄၅၀ | ၂၂၂၈၀ | ၁၄၁၇၀ | ၁၃၃၃၃ | ၁၃၇၈ | ၅၄၁ |
| | မြို့နယ်မဲလက်ကျန် | | ၃၅၃၇ | ၇၂၁ | ၂၈၁၆ | ၂၈၂၈ | | ၁၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |

### လှိုင်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်၊ မဲရုံပေါင်း ၈၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၉၂၁၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၁၃၂၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၅၇၈၉၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၃၀၄၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ပျောက်ဆုံး/အပိုစိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၅၉၅၀ | ၈၉၁၃၄ | ၅၆၈၁၆ | ၄၈၈၈၀ | ၇၉၃၆ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၁၈၆ | ၂၁၈၆ | - | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၇၉ | - | ၁၀၇၉ | ၄၁၆၄ | - | ၃၀၈၅ |
| | စုစုပေါင်း | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |

၉။ လှိုင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်ရှိ မဲရုံပေါင်း ၈၇ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၇၉၃၆ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် စုစုပေါင်းမှာ ၁၀၇၉ ဖြစ်သော်လည်း မြေပြင်တွင် မဲလက်မှတ် ၄၁၆၄ တွေ့ရှိရသဖြင့် မဲလက်မှတ်အပို ၃၀၈၅ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၀။ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၆ | ၁၂၆၅၀ | ၈၀၁၇ | ၄၆၃၃ | ၄၅၃၀ | ၁၀၃ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၇ | ၁၀၆၀၀ | ၆၅၁၀ | ၄၀၉၀ | ၃၃၄၂ | ၇၄၈ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၄ | ၅၀၅၀ | ၂၄၂၂ | ၂၆၂၈ | ၁၅၇၇ | ၁၀၅၁ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၃ | ၄၂၀၀ | ၂၆၈၄ | ၁၅၁၆ | ၁၄၂၁ | ၉၅ | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၄ | ၇၁၀၀ | ၄၀၃၀ | ၃၀၇၀ | ၂၇၆၈ | ၃၀၂ | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၄ | ၄၅၀၀ | ၂၇၉၈ | ၁၇၀၂ | ၁၅၀၇ | ၁၉၅ | |
| ၇ | အမှတ်(၇)ရပ်ကွက် | ၈ | ၁၄၆၅၀ | ၉၅၀၅ | ၅၁၄၅ | ၄၅၂၈ | ၆၁၇ | |
| ၈ | အမှတ်(၈)ရပ်ကွက် | ၄ | ၄၄၅၀ | ၂၈၂၉ | ၁၆၂၁ | ၁၄၂၀ | ၂၀၁ | |
| ၉ | အမှတ်(၉)ရပ်ကွက် | ၅ | ၇၄၅၀ | ၄၃၄၇ | ၃၁၀၃ | ၃၀၅၃ | ၅၀ | |

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

| စဉ် | အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁၀ | အမှတ်(၁၀)ရပ်ကွက် | ၆ | ၇၂၀၀ | ၃၉၈၆ | ၃၂၁၄ | ၂၄၈၅ | ၇၂၉ | |
| ၁၁ | အမှတ်(၁၁)ရပ်ကွက် | ၆ | ၈၆၀၀ | ၅၃၃၄ | ၃၂၆၆ | ၂၉၉၄ | ၂၇၂ | |
| ၁၂ | အမှတ်(၁၂)ရပ်ကွက် | ၇ | ၁၄၃၀၀ | ၈၆၇၇ | ၅၆၂၃ | ၄၇၆၃ | ၈၆၀ | |
| ၁၃ | အမှတ်(၁၃)ရပ်ကွက် | ၉ | ၂၀၄၀၀ | ၁၂၆၆၇ | ၇၇၃၃ | ၆၆၈၂ | ၁၀၅၁ | |
| ၁၄ | အမှတ်(၁၄)ရပ်ကွက် | ၃ | ၄၃၅၀ | ၂၅၂၄ | ၁၈၂၆ | ၉၇၆ | ၈၅၀ | |
| ၁၅ | အမှတ်(၁၅)ရပ်ကွက် | ၃ | ၄၃၀၀ | ၂၅၈၆ | ၁၇၁၄ | ၁၄၆၄ | ၂၅၀ | |
| ၁၆ | အမှတ်(၁၆)ရပ်ကွက် | ၈ | ၁၆၁၅၀ | ၁၀၂၁၈ | ၅၉၃၂ | ၅၃၇၀ | ၅၆၂ | |
| ရပ်ကွက်ချုပ်စုစုပေါင်း | | ၈၇ | ၁၄၅၉၅၀ | ၈၉၁၃၄ | ၅၆၈၁၆ | ၄၈၈၈၀ | ၇၉၃၆ | |
| မြို့နယ်ကြိုတင်မဲ | | | ၂၁၈၆ | ၂၁၈၆ | - | - | - | |
| မြို့နယ်မဲလက်ကျန် | | | ၁၀၇၉ | - | ၁၀၇၉ | ၄၁၆၄ | - | ၃၀၈၅ |
| မြို့နယ်ချုပ်စုစုပေါင်း | | | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |

## ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တွင် မဲရုံပေါင်း ၃၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၇၀၆၄၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၃၉၉၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ် အပို/ပျောက်ဆုံးများတွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၂၈၁၆ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၈၀၅ ကို တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၉၃၂၄ | ၄၂၈၂၆ | ၂၆၄၉၈ | ၂၅၄၆၇ | ၂၈၁၆ | ၁၇၈၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၆၆ | ၁၁၆၆ | - | ၂၀ | - | ၂၀ |
| | စုစုပေါင်း | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |

၁၂။ ခရိုင်မှထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် ၇၀၆၄၆ ဖြစ်ပြီး မြို့နယ်မှ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်မှာ ၆၉၄၈၀ ဖြစ်ပါသည်။ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲရုံများသို့ ထုတ်ပေးသော ဆန္ဒမဲလက်မှတ်မှာ ၆၉၃၂၄ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မဲလက်မှတ်အရေအတွက် ၁၅၆ မှာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများထံတွင် အသုံးမပြုဘဲ ပျောက်ဆုံးနေသော မဲလက်မှတ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ထုတ်ပေးစာရင်းအရ မဲရုံ ၁၀ ရုံတွင် လျော့နည်းပျောက်ဆုံးမှုများရှိပြီး မြို့နယ်အရန်လက်ကျန်နှင့် မဲရုံ ၁၁ ရုံတို့တွင် အပိုမဲလက်မှတ်များတွေ့ရှိရသဖြင့် မဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။ ရပ်ကွက်အလိုက် ဆန္ဒမဲလက်မှတ် ပျောက်ဆုံး/အပို စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်အမည် | မဲရုံအမှတ် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်ကွက် (၁) | ၂ | ၁၁၀၀ | ၁၀၀၄ | ၉၆ | ၁၀၆ | | ၁၀ |
| ၂ | ရပ်ကွက် (၁) | ၃ | ၁၄၅၀ | ၉၅၆ | ၄၉၄ | ၅၉၄ | | ၁၀၀ |
| ၃ | ရပ်ကွက် (၂) | ၁ | ၁၈၅၀ | ၁၁၇၄ | ၆၇၆ | ၈၃၀ | | ၁၅၄ |
| ၄ | ရပ်ကွက် (၂) | ၂ | ၁၄၅၀ | ၇၉၄ | ၆၅၆ | ၆၅၂ | ၄ | |
| ၅ | ရပ်ကွက် (၂) | ၃ | ၁၀၅၀ | ၅၉၆ | ၄၅၄ | ၅၀၄ | | ၅၀ |
| ၆ | ရပ်ကွက် (၃) | ၁ | ၂၂၉၈ | ၁၁၅၅ | ၁၁၄၃ | ၃၀၆ | ၈၃၇ | |
| ၇ | ရပ်ကွက် (၃) | ၂ | ၂၂၀၀ | ၁၃၈၈ | ၈၁၂ | ၇၈၅ | ၂၇ | |
| ၈ | ရပ်ကွက် (၃) | ၃ | ၁၉၀၀ | ၁၂၄၆ | ၆၅၄ | ၅၂၂ | ၁၃၂ | |
| ၉ | ရပ်ကွက် (၃) | ၄ | ၂၉၀၀ | ၁၆၇၉ | ၁၂၂၁ | ၁၂၈၈ | | ၆၇ |
| ၁၀ | ရပ်ကွက် (၃) | ၅ | ၂၃၀၀ | ၁၀၆၅ | ၁၂၃၅ | ၆၈၅ | ၅၅၀ | |
| ၁၁ | ရပ်ကွက် (၃) | ၆ | ၂၄၅၀ | ၁၄၂၆ | ၁၀၂၄ | ၃၅၈ | ၆၆၆ | |
| ၁၂ | ရပ်ကွက် (၃) | ၇ | ၁၅၀၀ | ၁၀၀၂ | ၄၉၈ | ၅၂၈ | | ၃၀ |
| ၁၃ | ရပ်ကွက် (၄) | ၃ | ၁၈၂၆ | ၁၀၂၆ | ၈၀၀ | ၈၂၄ | | ၂၄ |
| ၁၄ | ရပ်ကွက် (၅) | ၁ | ၁၄၅၀ | ၁၄၁၈ | ၃၂ | ၇၃၂ | | ၇၀၀ |
| ၁၅ | ရပ်ကွက် (၅) | ၂ | ၁၈၅၀ | ၁၁၄၁ | ၇၀၉ | ၆၀၉ | ၁၀၀ | |
| ၁၆ | ရပ်ကွက် (၅) | ၃ | ၂၀၅၀ | ၉၉၆ | ၁၀၅၄ | ၇၅၄ | ၃၀၀ | |
| ၁၇ | ရပ်ကွက် (၆) | ၁ | ၂၁၀၀ | ၁၄၇၂ | ၆၂၈ | ၇၇၈ | | ၁၅၀ |
| ၁၈ | ရပ်ကွက် (၆) | ၂ | ၁၁၀၀ | ၁၀၄၂ | ၅၈ | ၃၀၈ | | ၂၅၀ |
| ၁၉ | ရပ်ကွက် (၈) | ၂ | ၁၃၀၀ | ၈၈၈ | ၄၁၂ | ၂၆၂ | ၁၅၀ | |
| ၂၀ | ရပ်ကွက် (၈) | ၄ | ၉၅၀ | ၇၁၄ | ၂၁၆ | ၄၆၆ | | ၂၅၀ |
| ၂၁ | ရပ်ကွက် (၁၀) | ၁ | ၁၃၅၀ | ၆၃၆ | ၇၁၄ | ၆၆၄ | ၅၀ | |
| | မြေပြင်လက်ကျန် | | | | | ၂၀ | | ၂၀ |
| စုစုပေါင်း | | | ၃၆၄၂၄ | ၂၂၈၃၈ | ၁၃၅၈၆ | ၁၂၅၇၅ | ၂၈၁၆ | ၁၈၀၅ |

## ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၃။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်တွင် မဲရုံပေါင်း ၁၃ ရုံ ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၂၂၅၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၆၆၃ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၆၅၈၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၁၆၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၇၃၆ | ၁၄၈၇၂ | ၅၈၆၄ | ၅၄၄၂ | ၅၃၇ | ၁၁၅ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၅၁၆ | ၇၉၁ | ၇၂၅ | ၇၂၅ | - | |
| | စုစုပေါင်း | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |

၁၄။ ဒဂုံမြို့နယ်၊ ရပ်ကွက် ၅ ရပ်ကွက်ရှိ မဲရုံ ၁၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၅၃၇ ပျောက်ဆုံးနေပြီး မဲရုံအလိုက်မဲလက်မှတ်ရွက်ရေ ၁၁၅ ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက်မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | ရပ်ကွက်အမည် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ယောမင်းကြီးရပ်ကွက် | ၅၇၅၀ | ၃၆၀၅ | ၂၁၄၅ | ၁၉၄၇ | ၂၄၅ | ၄၇ |
| ၂ | ဦးဝိစာရရပ်ကွက် | ၂၇၅၀ | ၁၈၆၃ | ၈၈၇ | ၈၈၇ | - | - |
| ၃ | ပြည်လမ်းအရှေ့ရပ်ကွက် | ၅၆၅၀ | ၄၀၅၀ | ၁၆၀၀ | ၁၄၀၂ | ၂၂၄ | ၂၆ |
| ၄ | ပြည်လမ်းအနောက်ရပ်ကွက် | ၃၆၅၀ | ၃၀၀၉ | ၆၄၁ | ၅၉၅ | ၄၆ | - |
| ၅ | ဘုရားကြီးရပ်ကွက် | ၂၉၃၆ | ၂၃၄၅ | ၅၉၁ | ၆၁၁ | ၂၂ | ၄၂ |
| ရပ်ကွက်ချုပ်စုစုပေါင်း | | ၂၀၇၃၆ | ၁၄၈၇၂ | ၅၈၆၄ | ၅၄၄၂ | ၅၃၇ | ၁၁၅ |
| မြို့နယ်ကြိုတင်ဆန္ဒမဲလက်မှတ် | | ၈၀၀ | ၇၉၁ | ၉ | ၉ | | |
| မြို့နယ်လက်ကျန် | | ၇၁၆ | | ၇၁၆ | ၇၁၆ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |

## ဆိပ်ကြီး/ခနောင်တိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမြို့နယ်တွင် ရပ်ကွက် ၉ ရပ်ကွက်၊ မဲရုံပေါင်း ၃၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၉၇၀၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၁၀၇၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၆၂၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၈၁၄ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၇၇၀၀ | ၂၀၉၄၀ | ၆၇၆၀ | ၆၆၀၂ | ၃၈၀ | ၂၂၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၅၁ | ၁၃၉ | ၁၂ | - | ၁၂ | – |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၈၅၆ | - | ၁၈၅၆ | ၂၂၁၂ | - | ၃၅၆ |
| | စုစုပေါင်း | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |

၁၆။ ဆိပ်ကြီး/ခနောင်တိုမြို့နယ်၊ ရပ်ကွက် ၉ ရပ်ကွက်ရှိ မဲရုံ ၃၅ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၈၀ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၂၂ အပိုတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့်လက်ကျန်အရေအတွက် ၁၈၅၆ ဖြစ်သော်လည်း မြေပြင်တွင် ၂၂၁၂ ကျန်ရှိနေသည်။

၁၇။ ဆိပ်ကြီး/ခနောင်တိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဆိပ်ကြီးအရှေ့ရပ်ကွက် | ၅၅၀၀ | ၄၀၈၇ | ၁၄၁၃ | ၁၃၆၀ | ၉၄ | ၄၁ |
| ၂ | ဆိပ်ကြီးအနောက်ရပ်ကွက် | ၄၇၅၀ | ၃၃၁၅ | ၁၄၃၅ | ၁၄၁၆ | ၃၆ | ၁၇ |
| ၃ | ခနောင်တိုအရှေ့ရပ်ကွက် | ၅၉၅၀ | ၄၅၈၆ | ၁၃၆၄ | ၁၄၃၁ | ၄၈ | ၁၁၅ |
| ၄ | ခနောင်တိုအနောက်ရပ်ကွက် | ၂၆၀၀ | ၁၉၈၅ | ၆၁၅ | ၅၆၉ | ၅၀ | ၄ |
| ၅ | အမှတ် ၅၊ ၆၊ ၇ ရပ်ကွက် | ၃၈၀၀ | ၂၆၇၉ | ၁၁၂၁ | ၉၈၀ | ၁၅၂ | ၁၁ |
| ၆ | ပန်းပင်ချောင်ရပ်ကွက် | ၁၃၅၀ | ၁၀၈၈ | ၂၆၂ | ၂၆၇ | | ၅ |
| ၇ | ဦးထွန်းအိုရပ်ကွက် | ၁၅၅၀ | ၁၃၅၆ | ၁၉၄ | ၂၀၄ | | ၁၀ |
| ၈ | ချောင်းဝိုင်းလေးရပ်ကွက် | ၉၅၀ | ၈၁၂ | ၁၃၈ | ၁၅၀ | | ၁၂ |
| ၉ | သခင်ဘသောင်းရပ်ကွက် | ၁၂၅၀ | ၁၀၃၂ | ၂၁၈ | ၂၂၅ | | ၇ |
| | ရပ်ကျေး စုစုပေါင်း | ၂၇၇၀၀ | ၂၀၉၄၀ | ၆၇၆၀ | ၆၆၀၂ | ၃၈၀ | ၂၂၂ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၅၁ | ၁၃၉ | ၁၂ | | ၁၂ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၈၅၆ | | ၁၈၅၆ | ၂၂၁၂ | | ၃၅၆ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၁၁-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**(ယမန်နေ့မှအဆက်)**

ဆက်လက်၍ **သူရိယနေဝန်း သတင်းဌာနမှ ဦးမိုးဟိန်း**က ဒုတိယမေးခွန်း ဖြည့်စွက်မေးချင်ကြောင်း၊ ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် နိုင်ငံတော်တစ်ခုကို အုပ်ချုပ်သည့် အစိုးရဆိုတာသည် ရွေးကောက်ပွဲနှင့် တက်လာသည့် အစိုးရဆိုတာရှိကြောင်း၊ ရွေးကောက်ပွဲမကျင်းပဘဲ တိုင်းပြည်ကို တည်ငြိမ်ပြီး တိုးတက်အောင် အုပ်ချုပ်နိုင်သည့် အစိုးရဆိုတာလည်းရှိကြောင်း၊ ဥပမာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်အင်အားကြီးနိုင်ငံ ငါးနိုင်ငံထဲမှာမှ ဟိုတုန်းက ဆိုဗီယက်ယူနီယံ၊ နောက်ပိုင်းမှာ ရုရှားဖက်ဒရေးရှင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒီနှစ်ခုစလုံးသည် ရွေးကောက်ပွဲနှင့် တက်လာသည့်အစိုးရများ မဟုတ်ဟု ကျွန်တော်မြင်ထားကြောင်း၊ ရုရှားဖက်ဒရေးရှင်းသည် ၁၉၁၇ ခုနှစ် Bolshevik တော်လှန်ရေးမှ ဘောဒိရစ်ဆင် ဖြစ်သည့်ကာလအထိ ဘာရွေးကောက်ပွဲမှမရှိကြောင်း၊ သို့ပေမယ့် ၎င်းကို နိုင်ငံတစ်ခုအစိုးရတစ်ရပ်အနေဖြင့် တစ်ကမ္ဘာလုံးက လက်ခံပြီး ဆက်ဆံကြောင်း၊ ကျင့်သုံးရကြောင်း၊ ဘာကြောင့်လဲဆိုတာသည် အချုပ်အခြာအာဏာသုံးရပ်ကို ၎င်းတို့ပိုင်ပိုင်နိုင်နိုင် ကျင့်သုံးနိုင်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုရင်လည်း ၁၉၄၉ ခုနှစ် မော်စီတုံးတော်လှန်ရေး အောင်မြင်သည့်အချိန်မှ ယနေ့အချိန်အထိ ဘာရွေးကောက်ပွဲမှမရှိကြောင်း၊ ဒါပေမယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အစိုးရတစ်ရပ်အဖြစ်တောင်မဟုတ် ကမ္ဘာ့အင်အားကြီးနိုင်ငံ၊ ကမ္ဘာ့နံပါတ်တစ်၊ နှစ် အထိရောက်သွားကြောင်း၊ ကျွန်တော်တို့ အိမ်နီး နားချင်း နိုင်ငံများမှာဆိုလျှင်လည်း ဘာရွေးကောက် ပွဲမှမရှိဘဲ တရားဝင်အစိုးရခန့်သည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နောက်ဆုံး ကမ္ဘောဒီးယားတောင်မှ ရွေးကောက်ပွဲဆိုသည်မှာ စတာသိပ်မကြာ သေးကြောင်း၊ ကျွန်တော်တို့သည် ရွေးကောက်ပွဲမရှိသည့် ကာလများကို ကျော်လာပြီး အခုမှရွေးကောက်ပွဲစနစ် တပ်မတော်မှ ခွင့်ပြုပြီး ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်၊ ယခု ၂၀၂၀ ပြည့်နှစ်ဆိုသည် မှာ သုံးကြိမ်မြောက်ဖြစ်လာကြောင်း၊ ဒီကာလမှ ကျွန်တော်တို့ ဒီလိုပြိုင်ဘက် ဖြစ်ရသည့်အခါမှာ ဒီနေ့ နစကအစိုးရအနေဖြင့် အာဏာသိမ်းအစိုးရလည်း မဟုတ်ကြောင်း၊ အာဏာထိန်းထားသည် ဖြစ်ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) အထဲမှနေပြီး လက်ရှိ အာဏာသုံးရပ်ကို ကျင့်သုံးနေသည် ဖြစ်သည့်အတွက်ကြောင့် ယခုအစိုးရပေါ်မှာ ဝေဖန်နေကြသည့် **“အစိုးရ ဖြစ်ကြောင်း၊ မဖြစ်ကြောင်း၊ တရားမဝင်ကြောင်း၊ CRPH မှ တရားဝင်ကြောင်း ဘယ်ဒေါက်တာသည် တရားဝင် ဖြစ်သည်”** ဆိုသည့်အချက်များနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အနေဖြင့် ထပ်ပြီး တော့ အကျယ်တဝင့် ရှင်းလင်းစေလိုပါကြောင်း ပြောကြားသည်။

**State ဆိုသည့် နိုင်ငံတစ်ခု**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တရားဝင်ခြင်း၊ မဝင်ခြင်းသည် တချို့လည်း ရေးကြကြောင်း၊ ပြောနေကြောင်း၊ နိုင်ငံတကာမှ မြန်မာအစိုးရဟု အသိအမှတ်မပြုကြောင်း၊ ဘယ်နိုင်ငံသည် ဘယ်လိုဘာဖြစ်ကြောင်း၊ ဘယ်လိုအသိအမှတ်မပြုကြောင်း၊ အာဆီယံမှ အသိအမှတ်ပြုရန်ခက်နေကြောင်း ဒီလိုပြောကြကြောင်း၊ နံပါတ်တစ် တပ်မတော်သည် အတွေ့အကြုံမရှိသည့် တပ်မတော်မဟုတ်ကြောင်း၊ ၁၉၈၈ ခုနှစ်အရေးအခင်းအပြီးတွင် တပ်မတော်မှ တာဝန်ယူလိုက်ကြောင်း၊ တာဝန်ယူလိုက်သည့် အချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးအဆင့်အတန်းကို ကြည့်သင့်ကြောင်း၊ အမေရိကန်သည် ဒီမှာယာယီသံမှူးသံရုံးယာယီတာဝန်ခံဖြင့် ထားခဲ့ကြောင်း၊ အခြားနိုင်ငံများလည်းရှိကြောင်း၊ ယခုကျွန်တော်ပြောချင်ခြင်းသည် ဒါတွေနှင့် နှိုင်းယှဉ်ပြီးတော့ ပြောချင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ နိုင်ငံကို ကိုယ်စားပြုသည့် သံအမတ်ကြီးများအားလုံး ရှိကြောင်း၊ မြန်မာနိုင်ငံမှနေပြီး ကျန်သည့်နိုင်ငံများမှာလည်း ကိုယ်စားပြုသည့် သံအမတ်ကြီးများအားလုံး ရှိကြောင်း၊ ဆက်သွယ်ဆက်ဆံမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ လိုရာဆွဲရေးသားမှုများ ရှိကောင်းရှိနိုင်သော်လည်း ဆက်သွယ်၊ ဆက်ဆံမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအာဏာများ ကောင်းစွာလည်ပတ်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်စွာ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိကြောင်း၊ ဒီအချက်များနှင့် ပြည့်စုံနေလျှင် State ဆိုသည့် နိုင်ငံတစ်ခု၊ Country ဆိုသည့်နိုင်ငံတစ်ခု ပြည့်စုံရန်အတွက် မည်သည့်အချက်အလက်တွေ ပြည့်စုံရမည်ဆိုသည်မှာ ရှိပြီးဖြစ်ကြောင်း၊ ဒီအရာများနှင့် ပြည့်စုံစွာ အုပ်ချုပ်နေသည့်အစိုးရကို တရားဝင်အစိုးရမဟုတ်ကြောင်း ပြောဖို့ရာ လေလှိုင်းပေါ်မှ အုပ်ချုပ်နေသည့်အစိုးရကို တရားဝင်အစိုးရလိုလို၊ လေလှိုင်းပေါ်မှ အုပ်ချုပ်နေသည့်၊ အွန်လိုင်းပေါ်မှ အုပ်ချုပ်နေသည့် မျက်နှာတောင်မမြင်ဖူးသည့်သူကို တရားဝင်အစိုးရလိုလို ပြောနေကြကြောင်း၊ သူများပြောလို့ လိုက်ပြောနေသည့်သူများသည် မြန်မာစကားပုံနှင့်ပြောရလျှင် **“ လေဖမ်း ဒန်းစီး”** ဒါမျိုးပုံစံလို့ ပြောချင်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဘယ်ဟာက ဘယ်လိုဖြစ်သည်ဆို၍ အချက်အလက်များနှင့် ငြင်းခုံနေရန်မလိုကြောင်း၊ ငြင်းခုံခြင်း မပြုလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် မဟုတ်မှန်းသိလျက်နှင့် မဟုတ်တာ ပြောနေသူကို အရေးတယူပြုလုပ်ကာ အဖက်လုပ်ပြောဆို ငြင်းခုံနေစရာ အကြောင်းမရှိပါကြောင်း၊ ထိုသို့ငြင်းခုံရန် မိမိတို့တွင် အချိန်လည်း မရှိပါကြောင်း၊ လက်ရှိတွင် ပြည်တွင်းအချုပ်အခြာအာဏာနှင့် ပတ်သက်ပြီး ရှိပြီးဖြစ်ပါကြောင်း၊ ပြည်ပတွင် ယခုလိုပဲ ထိုးနှက်နေကြောင်း၊ ပြည်ပတွင် မိမိတို့ အချုပ်အခြာအာဏာနှင့်ပတ်သက်ပြီး ရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာဥပဒေနှင့် ပတ်သက်ပြီး ပြောဆိုလေ့လာမည်ဆိုပါကလည်း နိုင်ငံတစ်နိုင်ငံကို အသိအမှတ်ပြုခြင်း၊ နိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်ပြီး တရားဝင်ခြင်းဆိုသည်များနှင့် ပတ်သက်ပြီး အားလုံးပြည့်စုံပြီး ဖြစ်သည့်အတွက် ထပ်ပြီး အငြင်းပွားနေစရာအကြောင်း မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

> **State ဆိုသည့် နိုင်ငံတစ်ခု၊ Country ဆိုသည့်နိုင်ငံတစ်ခု ပြည့်စုံရန်အတွက် မည်သည့် အချက်အလက်တွေ ပြည့်စုံရမည်ဆိုသည်မှာ ရှိပြီးဖြစ်ကြောင်း၊ ဒီအရာများနှင့် ပြည့်စုံစွာအုပ်ချုပ်နေသည့်အစိုးရကို တရားဝင်အစိုးရမဟုတ်ကြောင်း ပြောဖို့ရာ လေလှိုင်းပေါ်မှ အုပ်ချုပ်နေသည့်အစိုးရကို တရားဝင်အစိုးရလိုလို၊ လေလှိုင်းပေါ်မှ အုပ်ချုပ်နေသည့်၊ အွန်လိုင်းပေါ်မှ အုပ်ချုပ်နေသည့် မျက်နှာတောင် မမြင်ဖူးသည့်သူကို တရားဝင်အစိုးရလိုလို ပြောနေကြကြောင်း၊ သူများပြောလို့ လိုက်ပြောနေသည့်သူများသည် မြန်မာစကားပုံနှင့်ပြောရလျှင် “ လေဖမ်း ဒန်းစီး” ဒါမျိုးပုံစံလို့ ပြောချင်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဘယ်ဟာက ဘယ်လိုဖြစ်သည်ဆို၍ အချက်အလက်များနှင့် ငြင်းခုံနေရန်မလိုကြောင်း၊ ငြင်းခုံခြင်းမပြုလို။**

**စိုးရိမ်ပူပန်မှုလျော့နည်းအောင် မည်သို့ဆောင်ရွက်**

**One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က ယခုရက်ပိုင်း အချို့မြို့နယ်များ၏ ရပ်ကွက်အချို့၌ လုံခြုံရေးတပ်ဖွဲ့များက ညဘက်တွင် အသံဖိုးဖောက်ခြင်း၊ ပစ်ခတ်ခြင်းများ၊ အော်ဟစ်ကြိမ်းမောင်းခြင်းများ၊ အိမ်များကို လက်နှိပ်ဓာတ်မီးများဖြင့် ထိုးပြီး နေအိမ်တိုက်ခန်းများကို ပစ်ခတ်ခြင်းများ တွေ့ရပါကြောင်း၊ အချို့ဆိုင်ခန်းများကိုလည်း ဝင်ရောက်ဖျက်ဆီးခြင်း၊ ဆိုင်ထဲမှ လူများကို ဖမ်းဆီးခြင်း၊ လမ်းထဲရှိ ကား၊ ဆိုင်ကယ်များကို ကန်ကျောက်ဖျက်ဆီးခြင်းများကိုလည်း တွေ့ရပါကြောင်း၊ ထိုအတွက်ကြောင့် ရပ်ကွက်နေပြည်သူလူထုများမှာ စိုးရိမ်ပူပန်လျက်ရှိသည်ဟု သိရပါကြောင်း၊ ရပ်ကွက်နေ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုလျော့နည်းအောင် နစကအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဘက်နှစ်ဖက်စလုံးကို ကြည့်ရန်လို**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရပ်ကွက်တိုင်းကို ဖမ်းဆီးနေခြင်းမျိုး မရှိပါကြောင်း၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများကို ထိုသို့ပြုမူဆောင်ရွက်နေခြင်းမျိုးလည်း မရှိပါကြောင်း၊ ဆန္ဒပြခေါင်းဆောင်များ၊ လှုံ့ဆော်နေသူများ၏ သတင်းရလျှင် ဝင်ရောက်ဖမ်းဆီးပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဝင်ရောက်မဖမ်းဆီးမီ အသိပေးပါကြောင်း၊ အသိပေးပြီးမှ ဝင်ရောက်ဖမ်းဆီးခြင်း ဖြစ်ပါကြောင်း၊ တစ်ဖက်တည်းကို မကြည့်စေလိုကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဖြစ်စေ၊ တပ်မတော်မှဖြစ်စေ၊ လုံခြုံရေးအဖွဲ့များ ဝင်ရောက်သည့်အခါ အချို့က အပေါ်မှနေ၍ အော်ဟစ်ကြိမ်းမောင်းခြင်းများ၊ သံပုံးတီးခြင်းများ၊ လမ်းတစ်လျှောက်လုံး၌ ဆူပူခြင်းများ၊ အကြမ်းဖက်ဆန္ဒပြခေါင်းဆောင်များကို ပုန်းအောင်းစေခြင်းများ လုပ်ကိုင်လျက်ရှိကြောင်းကို တွေ့ရပါကြောင်း၊ သတင်းထောက်ကြီးပြောသလို ဘယ်ရပ်ကွက်၊ ဘယ်နေရာဟူ၍ ရပ်ကွက်အလိုက် ပစ်မှတ်ထားခြင်းမျိုးမရှိပါကြောင်း၊ မိမိတို့သည် လူပုဂ္ဂိုလ်အပေါ်သာ မူတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆူပူအကြမ်းဖက်မှုကို လှုံ့ဆော်နေသော ပုဂ္ဂိုလ်၊ အကြမ်းဖက်မှုကို ဦးဆောင်နေသော ပုဂ္ဂိုလ်များဖြစ်ပါက ဖမ်းဆီးရမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီးပြောသည့်ဖြစ်စဉ်မျိုး ရှိကောင်းရှိနိုင်ပါကြောင်း၊ သို့သော် ထိုကိစ္စမျိုးကို အကြောင်းမဲ့ပစ်ခတ်ခြင်းမျိုး မရှိနိုင်ပါကြောင်း၊ သို့သော် နှောင့်ယှက်မှုများ လုပ်လာသည့်အခါတွင်မူ အသံပေးခြောက်လှန့်မှုများ ရှိကောင်းရှိနိုင်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် ရပ်ကွက်/ ကျေးရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် အိပ်မပျော်ပါဟူသော ရေးသားချက်များကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန် လှည့်ကင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် လှည့်ကင်းကို ပြဿနာရှာခြင်းမျိုး၊ မလိုအပ်ဘူးဟု ဆိုခြင်းမျိုးများလည်းရှိပါကြောင်း၊ ပြဿနာရှာသည်ဆိုရာမှာလည်း ဒေသခံပြည်သူထက် လူမှုကွန်ရက် စာမျက်နှာများတွင်လည်း ရှိနေပါကြောင်း၊ ရပ်ကွက်ထဲ၌ သံပုံးတီးသောကြောင့် အိပ်မပျော်၍ ကန့်ကွက်ကြကြောင်း၊ သက်ဆိုင်ရာကို တိုင်ကြားကြကြောင်း၊ တိုင်ကြားသည့်အခါ ဝိုင်းပြီးရန်လုပ်သည့် ကိစ္စများရှိကြောင်း၊ အဓိကပြောလိုသည်မှာ ဘက်နှစ်ဖက်စလုံးကို တွေ့အောင်မြင်အောင် ကြည့်ရန် လိုအပ်သည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က ဆန္ဒထုတ်ဖော်သည့်လူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖြိုခွင်းခြင်း ရှိပါကြောင်း၊ ဒဏ်ရာရရှိသည့် လူများလည်း ရှိကြောင်း၊ သေဆုံးသူများ၊ ဖမ်းဆီးခံရသူများလည်းရှိကြောင်း၊ ဖမ်းဆီးခံရသည့်အထဲတွင် လူငယ်များ များပြားကြောင်း၊ ပြန်လွှတ်လာသည့် လူငယ်အချို့သည်လည်း ဒဏ်ရာဒဏ်ချက်များ ရရှိခြင်းကို အွန်လိုင်းတွင် မိမိတို့တွေ့ရပါကြောင်း၊ ဖမ်းဆီးခံရသည့်လူငယ်များကို ဘယ်တော့ပြန်လွှတ်ပေးမလဲ၊ ပြန်လွှတ်ပေးမည်လားဆိုသည်ကို သိလိုပါကြောင်း၊ မိဘအုပ်ထိန်းသူများအနေဖြင့် မည်ကဲ့သို့ဆက်သွယ်ဆောင်ရွက်ပြီး ခေါ်ရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**မလွဲမရှောင်သာ၍ ဖမ်းဆီး**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မနေ့က အထိ ဖမ်းဆီးထားသူများရှိကြောင်း၊ မနေ့ကအထိ ပြန်လွှတ်ပေးသည့် လူပေါင်း ၂၁၇၉ ဦးရှိကြောင်း၊ ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး မလွဲမရှောင်သာ၍ ဖမ်းဆီးရခြင်းများရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆန္ဒပြမှုများသည် အကြမ်းဖက်မှုအသွင် ပြောင်းလဲလာသည့်အတွက် လူစုလူဝေးဖြိုခွဲရန် ဖမ်းဆီးလိုက်ရသည်များရှိသကဲ့သို့ ဖမ်းဆီးပြီးပါက သက်ဆိုင်ရာနေရာများကို ခေါ်သွားကြောင်း၊ ခေါ်သွားပြီး ပြန်လွှတ်ကြောင်း၊ ပြန်လွှတ်ပြီးပါကလည်း ဘယ်အချိန်တွင် ပြန်လွှတ်ပြီးကြောင်းကို ထုတ်ပြန်လေ့ရှိကြောင်း၊ ကျန်ခဲ့သူများလည်း ရှိကောင်းရှိလိမ့်မည်ဖြစ်ကြောင်း၊ ကျန်ခဲ့ရခြင်းအကြောင်းမှာ ၎င်းတို့၏ လုပ်ဆောင်ချက်အပေါ် မူတည်ပြီးကျန်ခဲ့သည်ဖြစ်ကြောင်း၊ နံပါတ်တစ်အနေဖြင့် ၎င်းသည် ဆူပူအကြမ်းဖက်မှု ဖြစ်အောင် လှုံ့ဆော်သူဖြစ်ခြင်း၊ နံပါတ်နှစ်လူကို အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့်အတူ တွေ့ရှိရခြင်း၊ နံပါတ်သုံးအနေဖြင့် ၎င်းကို စစ်ဆေးသည့်အခါ ၎င်းသည် ဆူပူအကြမ်းဖက်မှုကို ဆက်လက်ဦးဆောင်သူ၊ လုပ်ဆောင်မည့်သူဖြစ်ခြင်း စသည့်အချက်များကြောင့် ကျန်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဆန္ဒပြရုံ သက်သက်ကြောင့် အကြောင်းမဲ့ မထိန်းသိမ်းပါကြောင်း၊ လိုအပ်သည့် ထိန်းသိမ်းမှုပြုလုပ်ပြီးပါက ပြန်လွှတ်ပေးပါကြောင်း ပြန်လည်ဖြေကြားသည်။

**စာမျက်နှာ ၂၁ သို့** ◆

◆ စာမျက်နှာ ၂၀ မှ

**One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က ယခု အသစ်ဖွဲ့ထားသည့် UEC အနေဖြင့် မဲစာရင်းများကို စိစစ်ထုတ်ပြန်ရာတွင် United National တို့၊ အာဆီယံတို့၊ International Audit ကဲ့သို့ ဘက်မလိုက်သည့် အဖွဲ့အစည်းတစ်ခုကို ဖိတ်ခေါ်ပြီး ထုတ်ဖော်ပြသရန် အခြေအနေ ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**တစ်ကမ္ဘာလုံးလာကြည့်နိုင်အောင်ထားမည်**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က UEC အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးခြင်းများ လုပ်နေပါကြောင်း၊ ပထမဦးဆုံး UEC ၏ လုပ်ငန်းတာဝန်အရ လုပ်ငန်းများကို ပြီးအောင်လုပ်ပြီးနောက် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပြည်သူလူထုကိုမှ အထူးဝိသေသအနေဖြင့် ထားမည်မဟုတ်ဘဲ တစ်ကမ္ဘာလုံး လာကြည့်နိုင်အောင်ထားမည်ဖြစ်ကြောင်း၊ သက်သေအထောက်အထားနှင့် ပြမည်ဖြစ်ကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲ ပြီးပါကလည်း မီဒီယာများအနေဖြင့် စစ်ဆေးပြီးသည်များကို ကြည့်ရှုနိုင်ပါကြောင်း၊ ဒါ့ထက်ပိုသေချာတာ မရှိတော့ကြောင်း၊ ဟိုကိုဖိတ်ခေါ်၊ ဒီကိုဖိတ်ခေါ်ပြီး ပြသနေစရာမလိုဘဲကြည့်လိုလျှင် လာရောက်ကြည့်ရှုနိုင်ကြောင်း၊ UEC အဖွဲ့ဝင်ဖြစ်သည့် ဦးခင်မောင်ဦးလည်း ပြောထားပြီးဖြစ်ကြောင်း၊ စာရင်းပြုစုနေဆဲ၊ လုပ်နေဆဲဖြစ်ကြောင်း၊ မြို့နယ်အဆင့်အထိ ပြီးစီးလျှင် မြို့နယ်အဆင့်အထိ ချပြမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က သက်ဆိုင်ရာမြို့နယ်များ၌ ရပ်ကွက်တစ်ရပ်ကွက်ကို နှစ်ဦး၊ ဆယ်ရပ်ကွက်လျှင် ဦး၂၀၊ မြို့နယ်အလိုက် မဲစာရင်းများကပ်ပြီး ရပ်ကွက်နေပြည်သူများက မေးမြန်းပိုင်ခွင့် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်သူများ လာရောက်မေးမြန်းနိုင်**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မေးမြန်းပိုင်ခွင့် မဟုတ်ဘဲ အကုန်သိခွင့်ရှိပါကြောင်း၊ စိတ်ပါဝင်စားလျှင် လာရောက်နိုင်ပါကြောင်း၊ စစ်ပြီးသမျှကို ရှင်းပြနိုင်ပါကြောင်း၊ လုပ်ငန်းစဉ်များ ပြီးဆုံးသွားပါက တစ်နိုင်ငံလုံးရှိ ပြည်သူများ လာရောက်မေးမြန်းနိုင်ပါကြောင်း၊ အစစ်မခံနိုင်ဘဲ ယခုကဲ့သို့ ခင်းကျင်းပြသထားစရာအကြောင်း မရှိကြောင်း၊ ယခုမေးသည့် မေးခွန်းသည် ပြည်သူလူထုထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရန်စေတနာထားပြီး မေးမြန်းသည့်မေးခွန်းဖြစ်သည်ကို သိရှိပါကြောင်း၊ အလေးအနက်လည်း ထားပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးခွင့်ရရှိစေရပါမည်ဟု ပြောလိုပါကြောင်း၊ Printed Media များ၊ Brocast Media များမှတစ်ဆင့် မိမိတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့မြေပြင်တွင် တွေ့ရှိစစ်ဆေးနိုင်အောင်လည်း ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြေပြင်သတင်းတချို့ တွေ့ရှိ**



၁၁-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းထောက်များကို တွေ့ရစဉ်။

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာနိုင်ဆွေဦး**က တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်ခြင်းဖြစ်ပြီး မတ်လ ၉၊ ၁၀ ရက်မှာ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတွင် ရှိသည့် တပ်ဌာနချုပ်တချို့ ၁၀၇ မမ ရော့တိုက်ဒုံးဖြင့် ပစ်ခံရခြင်းရှိကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း တပ်မတော်စခန်းတစ်ခု တိုက်ခိုက်ခံရတယ်ဆိုပြီး မြေပြင်သတင်းတချို့ တွေ့ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်တိုးတက်မှု နောက်ဆုံးအခြေအနေဖြစ်သည့်အတွက် ထိုအရာကိုသိလိုပါကြောင်း၊ ၁၀၇ မမ ရော့တိုက်ဒုံးဆိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တွင်လည်း လက်နက်စက်ရုံများရှိကြောင်း၊ သို့သော် ထိုဒုံးသီးများ ထုတ်လုပ်ရန် နည်းပညာရှိချင်မှရှိပါလိမ့်မည်၊ မိမိတို့သိရသလောက် နိုင်ငံကြီးတချို့မှရရှိသည်ဟု သိရှိရကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး တရုတ်သမ္မတ၏ ခရီးစဉ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တွင် မှောင်ခိုဈေးကွက်ရနိုင်သည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က Standard Issued – Rifle ၏ Export Version များတွေ့ရသည်ဟု ပြောထားသည်များရှိကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး တရုတ်သမ္မတကလည်း အရေးယူဆောင်ရွက်သွားမည်ဟု ပြောခဲ့သည်များရှိပြီး ထိုအရာနှင့် ပတ်သက်ပြီး နောက်ဆုံးအခြေအနေကို သိချင်ပါကြောင်း မေးမြန်းသည်။

**မှောင်ခိုဈေးကွက်က ရရှိ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တချို့ပြောသည့်သတင်းများသည် ကြားသည့်သတင်း မှားနေလိမ့်မည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်သမ္မတနှင့် တွေ့သည့်အချိန်တွင် မေးခွန်းတွင်ပြောခဲ့သည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ထုတ်သည့် Version ဖြစ်သည်ဟု ပြောဆိုခဲ့ခြင်းမရှိကြောင်း၊ ထိုလက်နက်တွေသည်လည်း PLA အနေဖြင့် ဆက်လက်ထုတ်လုပ်နေသည့် လက်နက်မဟုတ်ကြောင်း၊ တခြားနိုင်ငံများတွင်လည်း ဆက်လက်ထုတ်လုပ်နေသည့် လက်နက်များလည်း မဟုတ်ကြောင်း၊ သို့သော် ယခင်အဟောင်းများရှိနိုင်ပြီး မှောင်ခိုဈေးကွက်က နည်းလမ်းတစ်ခုကနေ ရရှိလာသည့် အရာတွေဖြစ်ကြောင်း၊ ထိုအရာနှင့်ပတ်သက်၍ တပ်တွေ အဝေးမှ ပစ်ခတ်ခံရခြင်းများရှိပြီး အဆောက်အအုံသာ အနည်းငယ်ပျက်စီးခြင်းရှိကြောင်း၊ သတင်းဆက်စပ်မှုများအရ ဘယ်သူတွေလုပ်သည်ကို ပြောနိုင်ကြောင်း၊ သို့သော် ပြောရန်မသင့်သေးသည့်အတွက် မပြောသေးခြင်းဖြစ်ပြီး ဘယ်သူတွေလုပ်တယ်၊ ဘာရည်ရွယ်ချက်နှင့် လုပ်သည်ကိုသိကြောင်း၊ သို့သော် မိမိပြောလိုသည်မှာ ထိုအရာများနှင့် ပတ်သက်ပြီး တပ်မတော်အနေဖြင့် အချိန်မီ၊ အရှိန်မီ ထိန်းသိမ်းသွားနိုင်ပါလိမ့်မည်၊ စိုးရိမ်ဖွယ်မရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာနိုင်ဆွေဦး**က ၁၉၈၈ ခုနှစ် တပ်မတော်မှ တာဝန်ယူသည့်အချိန်တွင် နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြည်ပမှ နိုင်ငံတကာမှ ရုံးစိုက်သည့် စစ်သံများကို ပုံမှန်သတင်းစာရှင်းလင်းခြင်းကို လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံခြားရေးဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှစ်ဦးက သံတမန်များကို ရှင်းလင်းခဲ့သည်ကို တွေ့ရကြောင်း၊ ပုံမှန်သတင်းစာရှင်းလင်းပွဲများ၊ သံတမန်များအတွက် လုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ စစ်သံတွေမှ မိမိတို့အား မကြာခဏဆိုသလို အစိုးရ၏သဘောထား၊ တပ်မတော်၏သဘောထားဆိုပြီး လာမေးလေ့ရှိကြောင်း၊ မိမိအနေဖြင့် အစိုးရ၊ တပ်မတော်ကိုယ်စားပြုသည့်သူ မဟုတ်သည့်အတွက် မိမိမှာ ဖြေခွင့်မရှိသည့်အတွက် မေးမြန်းခြင်းဖြစ်ကြောင်း မေးမြန်းသည်။

**စစ်သံရုံးများကို information Sheet ပေးလျက်ရှိ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မိမိတို့ဆောင်ရွက်ပေးမည်ဖြစ်ပြီး အဓိကအနေဖြင့် နိုင်ငံခြားသံရုံးများ၊ မြန်မာနိုင်ငံအခြေစိုက်သည့် စစ်သံရုံးများကို နေ့စဉ် Information Sheet ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် ဖြစ်ခဲ့သည့်သတင်းများနှင့် ပတ်သက်ပြီး နေ့စဉ်ပေးလျက်ရှိကြောင်း၊ ၎င်းတို့ ပို၍ကိုးကား၍ရစေရန် သတင်းစာရှင်းလင်းပွဲ လုပ်မှမဟုတ်ဘဲ နေ့စဉ်ပေးလျက်ရှိပြီး အနည်းဆုံး Information sheet သည် စာမျက်နှာ ၂၀ ကျော်ကျော်ခန့်ရှိကြောင်း၊ ထိုအထဲတွင် တစ်နိုင်ငံလုံးတွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများ၊ ဘာလုပ်နေသည်ဆိုသည့် အကြောင်းအရာများအားလုံး ပါဝင်ကြောင်း၊ သို့သော် လိုအပ်လာပါက သတင်းစာရှင်းလင်းပွဲများတွင် ဖိတ်ခေါ်ခြင်းများ၊ ပြန်ကြားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာနိုင်ဆွေဦး**က ICC ကိစ္စအပါအဝင် ရခိုင်အရေးအခင်းနှင့်ပတ်သက်ပြီး လက်ရှိအစိုးရ၏ နောက်ဆုံးဖြေရှင်းလုပ်ဆောင်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ICJ ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့နေချုပ်ရုံးအနေဖြင့် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို အကုန်လုံးပြင်ဆင်လုပ်ဆောင်ထားသည်များရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနအနေဖြင့် မည်သည့် Information ထပ်မံပေးနိုင်မည်ကို မေးမြန်းပြောကြားသည်။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဒေါ်မာလာသန်းထိုက်**က ICC ကို မြန်မာနိုင်ငံမှ အသိအမှတ်ပြုထားခြင်းမရှိကြောင်း၊ ICJ နှင့် ပတ်သက်၍ အစီရင်ခံစာတင်မည့်အချိန်တွင် တင်ထားပြီးဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ပူးပေါင်းတာဝန်ယူရန် သင့်**

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာနိုင်ဆွေဦး**က မိမိတို့နိုင်ငံကျင့်သုံးနေသည့်စနစ်က အမြဲတမ်းတပ်မတော်တစ်ခုပဲရှိပြီး အရန်တပ်ဖွဲ့ဆိုပြီး မရှိသေးပါကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဆိုသည်မှာလည်း အရန်အင်အားအဖြစ် သတ်မှတ်ထားသော်လည်း တပ်ဖွဲ့တစ်ခုအနေဖြင့် သတ်မှတ်ထားခြင်းမရှိကြောင်း၊ အကယ်၍ ယင်းတိုင်းပြည်တွင် Civil Unrest ဖြစ်လာခဲ့သည့်အချိန်မျိုးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ကို လက်နက်ပြန်လည်တပ်ဆင်ပေးပြီး သက်ဆိုင်ရာဒေသလုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းတာဝန်ယူရန်သင့်သည်ဟု အကြံပြုလိုကြောင်း၊ မိမိတို့က အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးအား ကာလအတန်ကြာ ပျက်ပြားခဲ့ခြင်းများရှိပြီး Civil Relation က မကောင်းခဲ့ဘူး။ ယခုအချိန်မှာပြန်လည်တည်ဆောက်ရမည့် အနေအထားဖြစ်ပြီး မိမိတို့က တည်ငြိမ်သွားသည့် အချိန်ကာလတစ်ခုမှာ ပြည်သူလူထုကို Army Open House Day တို့၊ Navy Open House Day တို့ ဒါမျိုး ပြုလုပ်ပေးပြီးတော့ဖြစ်စေ၊ တစ်ဖက် Exhibation တွေ ပြုလုပ်ပြီးဖြစ်စေ နောက်ဆုံးတပ်မတော်၏ ပူးပေါင်းလေ့ကျင့်ရေး လေ့ကျင့်ခန်းတွေမှာ သတင်းမီဒီယာများသာမက ရွေးချယ်သတ်မှတ်ထားသည့် ပြည်သူလူထုကို ဖိတ်ခေါ်ပြသ၍ Select Military Relationship ပြန်ကောင်းလာအောင် လုပ်ဆောင်သင့်သည်ဟု အကြံပြုလိုကြောင်း ပြောကြားသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် မကြာသေးခင်က ကောင်စီအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း၊ အခြေအနေငြိမ်းချမ်းလာသည့်အချိန်တွင် မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးဖို့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုအရာသည် လက်ရှိအခြေအနေမဟုတ်ကြောင်း၊ အခြေအနေအေးချမ်းသွားမှဖြစ်ကြောင်း၊ မိမိတို့မြင်သည်မှာ ထိုအရာသည် လုပ်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၏ မဟာဗျူဟာပထဝီအနေအထားအရ လည်းကောင်း၊ ဘေးမှာဝန်းရံနေသည့် အိမ်နီးချင်းနိုင်ငံများနှင့် ပတ်သက်ပြီးလည်းကောင်း လုပ်ဆောင်သင့်ကြောင်း၊ အိမ်နီးချင်းငါးနိုင်ငံထဲမှာ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး တစ်ဝက်တစ်ပျက် ကျင့်သုံးနေသည့် နိုင်ငံရှိကြောင်း၊ ထိုင်းနိုင်ငံ တစ်ဝက်တစ်ပျက်၊ လာအိုနိုင်ငံ အပြည့်အဝ ကျင့်သုံးနေကြောင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်က မကျင့်သုံးပါကြောင်း၊ တရုတ်သည်လည်း လူဦးရေအရ ပြဋ္ဌာန်းထားပြီး အခြားကျင့်သုံးသည့်နိုင်ငံများရှိကြောင်း၊ နှိုင်းယှဉ်ပြီးကြည့်ရမည်ဆိုလျှင် နိုင်ငံငယ်များ မိမိတို့နှင့် တန်းတူရှိသည့်နိုင်ငံများ ကျင့်သုံးနေပြီဖြစ်ကြောင်း၊ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်လျှင် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး ပိုပြီးတော့အထောက်အကူပြုနိုင်မည်ဟု ထင်ကြောင်း၊ ထိုအရာများသည် ရှေ့ဆက်ပြီး ဆောင်ရွက်သွားရမည့်လုပ်ငန်းများဖြစ်ပြီး အကြံပြုချက်များကိုလည်း ကျေးဇူးအများကြီးတင်ရှိကြောင်း ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည် ချက် (၉) ရပ်အတိုင်း ရှေ့ဆက်အကောင်အထည် ဖော်သွားမည်ဖြစ်ပြီး စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်၊ ပြည်သူလူထုလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်သွားရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။ ။

# ရိုးသား နိုးကြား ကြိုးစား အကျိုးတရား တိုးပွားမည်

**မောင်သမ္မာဒိဋ္ဌိ**

> **“ဝီရိယ”ဟူသော တရားသဘောကို စောကြောစိစစ်ကြည့်ပါက ဝီရိယသည် ကောင်းမြတ်သော ကုသိုလ်တရားလည်းဖြစ်နိုင်သလို ယုတ်ညံ့သော အကုသိုလ်တရားလည်း ဖြစ်နိုင်ပါသည်။ ကောင်းမြတ်မှန်ကန်သော ဝီရိယကိုသာ “သမ္မာဝါယမ”ဟု ခေါ်ဆိုပြီး ယုတ်ညံ့သော ဝီရိယကို “မိစ္ဆာဝါယမ”ဟု ခေါ်ပါသည်။ သာဓကအားဖြင့် နိုင်ငံတော်နှင့် ပြည်သူကို သစ္စာစောင့်သိပြီး ဝန်ထမ်းကျင့်ဝတ်များ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်သိသိ သစ္စာရှိရှိ လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းတိုင်းသည် ကောင်းမြတ်သောဝီရိယဖြစ်သော “သမ္မာဝါယမ” ကျင့်စဉ်ကို ဆောင်ရွက်ရာရောက်ရှိနေသောကြောင့် သန့်ရှင်းဖြူစင်မွန်မြတ်လှပါသည်။ ထိုသို့မဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူကို သစ္စာမစောင့်သိဘဲ “အစိုးရ၏ တရားမျှတသော အမိန့်အာဏာများကို ဆန့်ကျင်ရေးလှုပ်ရှားမှု” (CDM-Civil Disobedience Movement) ကို လုပ်ဆောင်နေသူများ၊ တာဝန်သိသိ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေသူများကို အကျပ်ကိုင် ဖိအားပေးခြိမ်းခြောက်နေသူများ၊ မဟုတ်မှန်သော မက်လုံးများပေးမြူဆွယ်၍ ချောက်ထဲသို့ တွန်းချနေကြသူများမှာ ယုတ်ညံ့ဆိုးရွား အောက်တန်းကျလွန်းလှသော ဝီရိယဖြစ်သည့် “မိစ္ဆာဝါယမ” အလုပ်ဖြစ်နေသောကြောင့် ဝန်ထမ်းစည်းမျဉ်းများ၊ ဥပဒေ၊ နည်းဥပဒေတို့၏ ပြစ်ဒဏ်ပေးခြင်းကို ခံစားကြရမည်မှာ မြေကြီးလက်ခတ် မလွဲပါ။**

(၁)

လောက၌ လူတို့ မကြည့်၍ မရသော အရာနှစ်ခုရှိ၏။ ထိုအရာမှာ (၁) အချိန်နာရီ၊ (၂) ကြည့်မှန်တို့ဖြစ်ကြသည်။ အချိန်နာရီသည် လူတိုင်းအတွက်အရေးကြီးလှသည်။ အချိန် အရေးကြီးလှကြောင်းကို “အချိန်နှင့် ဒီရေသည် လူကိုမစောင့်” ဟူသောစကားက သတိပေးထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

မြန်မာမှုလူမှုရေးနယ်ပယ်တွင် အချိန်ကို အရေးထား လေးစားနေစေရန် မြတ်ဗုဒ္ဓ၏ သင်္ဂါလောဝါဒသုတ်လာ ပျင်းရိခြင်း (၆)ပါးဖြင့် သတိပေးထားပါသည်။

(၁) အချိန်စောလွန်းသေးသည်ဟု ပျင်းရိနေခြင်း၊
(၂) အချိန်နောက်ကျလွန်းသေးသည်ဟု ပျင်းရိနေခြင်း၊
(၃) အေးလွန်းလှသည်ဟုဆိုကာ လုပ်ဆောင်ရမည့်အလုပ်ကို မလုပ်ဘဲ တုံ့ဆိုင်းရှောင်လွှဲနေခြင်း၊
(၄) ပူလွန်းလှသည်ဟုဆိုကာ လုပ်ဆောင်ရမည့်အလုပ်ကို မလုပ်ဘဲ တုံ့ဆိုင်းရှောင်လွှဲနေခြင်း၊
(၅) အစားအစာ ဆာလောင်မွတ်သိပ်သည်ဟုဆိုကာ လုပ်ဆောင်ရမည့်အလုပ်ကို မလုပ်ဘဲ တုံ့ဆိုင်းရှောင်လွှဲနေခြင်း၊
(၆) အစာဝလွန်းသည်ဟုဆိုကာ လုပ်ဆောင်ရမည့်အလုပ်ကို တုံ့ဆိုင်းရှောင်လွှဲနေခြင်း။

အထက်ပါပျင်းရိခြင်း (၆)ပါးကို ရှောင်ကြဉ်ပြီး အချိန်ကို အရေးထား လေးစားရန်နှင့် အကျိုးရှိစွာ အသုံးချကြရန် အရေးကြီးလှပါသည်။ အချိန်ကို အကျိုးရှိစွာ အသုံးချရေးသည် အပြောလွယ်လှသလောက် အလုပ်ခက်လှသည်။ တော်ရုံအသိ၊ တော်ရုံဖွဲ့၊ တန်ရုံလုံ့လ၊ တန်ရုံဝီရိယလောက်တို့နှင့် မရနိုင်ပါ။ မြတ်ဗုဒ္ဓ၏ “သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော်” ဒေသနာတွင် “ဥဋ္ဌာထာ ဝိန္ဒတေစနံ– ဝီရိယရှိသောသူသာလျှင် စီးပွားဥစ္စာ ကောင်းရနိုင်သည်” ဟူသော ဟောကြားချက်မှာ အချိန်ကို တန်ဖိုးရှိရှိ အကျိုးရှိစွာ အသုံးချရေးကို ညွှန်ပြတော်မူခြင်းပင် ဖြစ်ပါသည်။

အနောက်တိုင်း ဆိုရိုးစကားတစ်ခုတွင်လည်း “Fortune is a prize to be won. Adventure is the road to it. Chance is what may lurk in the Shadow at the roadside.” ဟူ၍ ရှိသည်။ အဓိပ္ပာယ်မှာ “အောင်မြင်မှုသည် ဆွတ်ခူးရမည့် ဆုလာဘ်ကြီးတစ်ခုဖြစ်သည်။ စွန့်စားမှုဆိုသည်မှာ ထိုဆုကြီးကို ဆွတ်ခူးနိုင်ရန်အတွက် လျှောက်လှမ်းရမည့် လမ်းဖြစ်သည်၊ အခွင့်အလမ်းသည် ထိုလမ်းမကြီး၏ အမှောင်ရိပ်များ၌ ပုန်းလျှိုးကောင်း ပုန်းလျှိုးနေလိမ့်မည်” ဟူ၍ ဖြစ်သည်။ ဤဆိုရိုးစကားမှာလည်း အချိန်ကို တန်ဖိုးရှိရှိ ဝီရိယဖြင့် အသုံးချ၍ အောင်မြင်မှုကိုရယူရန် ညွှန်းဆိုထားခြင်းပင်ဖြစ်ပါသည်။

လူတိုင်းလူတိုင်းသည် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ဖို့ အထူးလိုလှပါသည်။ နည်းနည်းသုံးတတ်လျှင် နည်းနည်းအကျိုးရှိပြီး များများအသုံးချတတ်လျှင် များများအကျိုးရှိမည်ဖြစ်ပါသည်။ သာဓကဆိုကြပါစို့ ချိန်းဆိုထားသော အချိန်အတိုင်း အချိန်မီမရောက်လာ၍ အဆင်မပြေဖြစ်သွားသည့် ချစ်သူစုံတွဲများ၊ လမ်းခွဲသွားကြသူများ ဒုနှင့်ဒေးရှိပါသည်။ ထို့ကြောင့် “အလာကောင်းသော်လည်း အခါနှောင်းသွားပြီ” ဟူသော စကားမှာလည်း အချိန်ကိုမလေးစား၍ ဖြစ်ပေါ်လာသည့် စကားဖြစ်ပါသည်။ အစည်းအဝေး စတင်ကျင်းပချိန်ကို မလေးစား၍ အစည်းအဝေးခန်းမထဲသို့ မဝံ့မရဲဝင်ကြရသည့် အဖြစ်များ၊ ရထားထွက်ချိန်၊ မော်တော်ကားထွက်ချိန်၊ လေယာဉ်ထွက်ချိန်၊ သင်္ဘောထွက်ချိန်ကို မလေးစား၍ လိုရာခရီးကို မသွားရောက်နိုင်တော့ဘဲ ကျန်ရစ်ခဲ့ရသည့်ဖြစ်ရပ်များ၊ ကျောင်းချိန်ကို မလေးစား၍ ကျောင်းနောက်ကျရသည့်အဖြစ်များ၊ အချိန်မီ ဆေးကုသရန် မကြိုးစား၍ ရောဂါကျွမ်းသွားရသည့်ဖြစ်အင်များမှာ အချိန်ကို မလေးစားခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသည့် အနိဋ္ဌာရုံဆိုးကျိုးများပင်ဖြစ်ကြသည်။

(၂)

“မြန်မာစံတော်ချိန်ပဲကွာ” ဟူ၍ အချိန်ကို အရေးမထား မလေးစားဘဲ စည်းကမ်းလျော့ရဲဖြစ်မှုကို လှောင်ပြောင်သရော် ပြက်ရယ်ပြုလေ့ရှိသော ထိုစကားကို မြန်မာ့လူနေမှုအဖွဲ့အစည်းမှ လုံးဝပပျောက်သွားအောင် ဖျောက်ဖျက်ပစ်ဖို့ ကောင်းလှပါပြီ။

အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင် ကိုယ်တော်တိုင် ဝီရိယပါရမီကို ကြိုးစားဖြည့်ဆည်းတော်မူခဲ့၍ သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရပါသည်။ ဘုရားဖြစ်တော်မူပြီးမှသည် ပရိနိဗ္ဗာန်စံဝင်ချိန်အထိ ကျွတ်ထိုက်သူ မှန်သမျှကို အကျွတ်တရားရရှိစေခဲ့ပြီး မြတ်နိဗ္ဗာန်ခေမာလမ်းကို သွားရောက်နိုင်ရန် စဉ်ဆက်မပြတ် လမ်းညွှန်ဟောကြားပြသတော်မူခဲ့ပါသည်။ ဤနေရာတွင် ဝီရိယကောင်းရန်ဆိုသည်မှာ ဆင်ကန်းတောတိုး အကျိုးမများသော ဝီရိယကို ဆိုလိုခြင်းမျိုးမဟုတ်ဘဲ “အသိဉာဏ်နှင့် ယှဉ်တွဲသော ဝီရိယ” မျိုး (အချိန်ကို အကျိုးရှိစွာ အသုံးချခြင်း) ကို ဆိုလိုပါသည်။

နာရီသည် အချိန်ကာလကို အမြဲညွှန်ပြနေ၍ မကြည့်မဖြစ်သော အရာဖြစ်သကဲ့သို့ “ကြေးမုံပြင်” ခေါ် “ကြည့်မှန်” သည်လည်း လူတို့၏ ရုပ်ရည်ရူပါနှင့် ပြင်ဆင်ခြယ်သမှု အချိုးကျ မကျ၊ စက္ခုပသာဒဖြစ် မဖြစ်ကို ညွှန်ပြနေသောအရာဖြစ်၍ မကြည့်မဖြစ်သော ပစ္စည်းတစ်ခုဖြစ်ပါသည်။ ထို့အတူ ဝီရိယဖြင့် အချိန်ရှိခိုက်တွင် လုံ့လစိုက်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်၍ ထိုလုပ်ကိုင် ဆောင်ရွက်မှုမှန်သမျှတို့သည်လည်း မှန်ကန်မှု ရှိ၊ မရှိကို သတိတရားဟူသော အသိတရားဖြင့် ဆင်ခြင်တုံတရား ကြေးမုံပြင်ပေါ်၌ အရိပ်ထင်အောင် ဆန်းစစ်ကြည့်တတ်ကြဖို့ အထူးလိုအပ်လှပါသည်။

အချိန်ကို ကောင်းစွာအသုံးချခြင်းသည် အမှန်ကန်ဆုံးသော အလုပ်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံမှ ကမ္ဘာကျော်ထေရဝါဒဗုဒ္ဓသာသနာပြု ပုဂ္ဂိုလ်ကြီး ဒေါက်တာ ဂိုအင်ကာက – “ကြိုးစားအားထုတ်မှုမှန်ကန်တယ်ဆိုရင် အကျိုးတရားကို သီးသန့်မျှော်လင့်နေစရာ မလိုပါဘူး။ လုံ့လ၊ ဝီရိယမှန်ကန်ရင် ဒါမှမဟုတ် အလုပ်မှန်ကန်ရင် ကောင်းတဲ့ အကျိုးတရားဖြစ်မှာပါ။ တရားကိုစောင့်ရှောက်တဲ့သူကို တရားကလည်း ပြန်ပြီးစောင့်ရှောက်ပါတယ်။ ဒါ့ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရားကို သီးသန့်မျှော်လင့်နေစရာ မလိုပါဘူး။ အလုပ်ကောင်းကောင်း လုပ်ကိုင်ကြဖို့၊ ကောင်းတဲ့ အလုပ်ကို ရွေးချယ်လုပ်ကိုင်တတ်ဖို့သာ လိုအပ်ပါတယ်” ဟု “The Art of Living” စာအုပ်တွင် လမ်းညွှန်ရေးသား ဖော်ပြထားသည်ကို တွေ့ရသည်။

(၃)

လုံ့လဝီရိယနှင့် စပ်လျဉ်း၍ သုတရတနာဆုံးမစာတွင် –

“လုံ့လအပ်စွာ၊ အရာရာ၊ ကံသာမရိုးနှင့်၊
လုံ့လနှင့်ကံ၊ မျှအောင်ကြံ၊ ဉာဏ်မလွတ်ကြနှင့်၊
လုံ့လအရာ၊ ဘယ်အခါ၊ ပညာမကင်းကြစေနှင့်” ဟု လမ်းညွှန်ဖော်ပြထားသကဲ့သို့

ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးကလည်း မဃဒေဝလင်္ကာကျမ်းကြီးတွင် –

“ယောကျ်ားတကာ၊ အားထုတ်ရာသည့်
ကြီးစွာလုံ့လ၊ ဝါယမမူ
မချကောင်းချေ၊ မသေမချင်း
ပြုအပ်လျင်း၏၊ မယွင်းမှန်လှ
ဤလောက၌၊ လုံ့လမမူ
နတ်မကူဘူး၊ လူလည်းလုံ့လ
နတ်လည်းမ၏” ဟု ဩဝါဒကထာပြုတော်မူခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုနေရာတွင် စပ်လျဉ်း၍ အသက်စွန့်ရတော့မည့် အခြေအနေဆိုးကြီးနှင့် ရင်ဆိုင်ကြုံတွေ့နေရစေကာမူ မှန်ကန်သော လုံ့လဝီရိယဖွဲ့ဖြင့် ကမ်းမမြင်လမ်းမမြင် မဟာသမုဒ္ဒရာ ရေပြင်ကျယ်ကြီးတွင် ကူးခတ်နေခဲ့သော ဘုရားလောင်းလျာ မဟာဇနကမင်းသားနှင့် မဏိမေခလာနတ်သမီးတို့ အပြန်အလှန်မေးမြန်းပုံများနှင့် ဖြေဆိုပုံများကို သာဓကအဖြစ် ကောက်နုတ် ဖော်ပြလိုပါသည်–

**မဏိမေခလာ နတ်သမီး၊** “အမောင်ဇနကမင်းသား၊ အပြောကျယ်လှစွာသော ဤမဟာသမုဒ္ဒရာရေပြင်အလယ်၌ ချင့်ရွယ်မျှော်လှမ်း၍ ကမ်းကိုမမြင်ဘဲလျက် ရဲရဲဝံ့ဝံ့ကူးနေသူကား အဘယ်သူနည်း။ တစ်ဖက်ကမ်းသို့ မရောက်နိုင်ရာသော ဤသမုဒ္ဒရာ၌ တပင်တပန်း ကူးခတ်သဖြင့် အဘယ်အကျိုးထူးကိုရ၍ မရပ်မနား ကြိုးစားအားထုတ်ခြင်းကို ပြုဘိသလော၊ ယခုကဲ့သို့ မရပ်မနားရေကူးနေ၍ အဘယ်အကျိုးရှိပါသနည်း။”

**မဟာဇနကမင်းသား၊** “နတ်သမီး၊ လောက၌ ဤသို့ပြုလျှင် ဤအပြစ်ဖြစ်နိုင်၏။ ဤသို့ပြုလျှင် ဤအပြစ်မှ လွတ်ကင်း၏။ ဤအမှုကိုပြုလျှင် ပစ္စုပ္ပန်တွင်သာ အကျိုးရှိ၏။ ဤအမှုကို ပြုလျှင် သံသရာမှာလည်း အကျိုးရှိ၏ စသည်ဖြင့် သိရှိနားလည်ကုန်သော ယောကျ်ားကောင်းတို့၏ လုံ့လဝီရိယတို့သည် အကျိုးမဲ့ဖြစ်ဖူးသည်ဟူ၍ မရှိပါ။ ယခု အပြောကျယ်လှသော ဤမဟာသမုဒ္ဒရာ ရေပြင်ကျယ်ကြီး၌လည်း ယောကျ်ားတို့၏ လုံ့လကို မလျှော့သဖြင့် တစ်ခုခုသော အကျိုးစီးပွားနှင့် လွတ်ကင်းတော့မည်မဟုတ်ဟု ယုံကြည်ပါသည်။ ဤမဟာသမုဒ္ဒရာကြီး၏ ကမ်းစပ်ကို မမြင်ကာမျှနှင့် အဘယ်ကြောင့် ယောကျ်ားတို့၏ လုံ့လကို လျှော့ရမည်နည်း။ ကမ်းကိုမြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ ဖွဲလုံ့လဖြင့် အားထုတ်ကြိုးပမ်းလျှင် အကျိုးတရားဖြစ်ထွန်းမည်ဟု ယုံကြည်၍ ယခုကဲ့သို့ မရပ်မနားကူးခတ်နေခြင်းဖြစ်ပါသည်” ဟု ပြန်လည်ဖြေကြားခဲ့သည်။

ဖော်ပြပါ မဟာဇနကမင်းသားနှင့် မဏိမေခလာနတ်သမီးတို့၏ မေးမြန်းဖြေကြားပုံများကို ကြည့်ခြင်းအားဖြင့် လုံ့လဝီရိယဟူသည် အချိန်ကိုတန်ဖိုးသိပြီး အကျိုးရှိစွာ အသုံးပြုလုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။

စာမျက်နှာ ၂၃ သို့ ❂

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၇**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြုကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်း၊ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကိုဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ကလေးမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၂ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းနှင့် အရုဏ်ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ မြို့သစ်ရပ်ကွက်ရှိ ကြည်သာအေးမြ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော သံဃာတော်များအား မတ် ၁၆ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက အဆိုပါကျောင်းတိုက်သို့သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းအပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားရိပ်သာနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိ စာသင်တိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဘိုးဘွားများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❂ စာမျက်နှာ ၂၂ မှ

"ဝီရိယ"ဟူသော တရားသဘောကို စောကြောစိစစ်ကြည့်ပါက ဝီရိယသည် ကောင်းမြတ်သော ကုသိုလ်တရားလည်းဖြစ်နိုင်သလို ယုတ်ညံ့သော အကုသိုလ်တရားလည်း ဖြစ်နိုင်ပါသည်။ ကောင်းမြတ်မှန်ကန်သော ဝီရိယကိုသာ "သမ္မာဝါယမ" ဟု ခေါ်ဆိုပြီး ယုတ်ညံ့သော ဝီရိယကို "မိစ္ဆာဝါယမ"ဟု ခေါ်ပါသည်။ သာဓကအားဖြင့် နိုင်ငံတော်နှင့် ပြည်သူကို သစ္စာစောင့်သိပြီး ဝန်ထမ်းကျင့်ဝတ်များ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တာဝန်သိသိ သစ္စာရှိရှိ လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းတိုင်းသည် ကောင်းမြတ်သော ဝီရိယဖြစ်သော "သမ္မာဝါယမ" ကျင့်စဉ်ကို ဆောင်ရွက်ရာ ရောက်ရှိနေသောကြောင့် သန့်ရှင်းဖြူစင်မွန်မြတ်လှပါသည်။ ထိုသို့မဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူကို သစ္စာမစောင့်သိဘဲ "အစိုးရ၏ တရားမျှတသော အမိန့်အာဏာများကို ဆန့်ကျင်ရေးလှုပ်ရှားမှု" (CDM–Civil Disobedience Movement) ကို လုပ်ဆောင်နေသူများ၊ တာဝန်သိသိ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေသူများကို အကျပ်ကိုင် ဖိအားပေး ခြိမ်းခြောက်နေသူများ၊ မဟုတ်မှန်သော မက်လုံးများပေးမြှူဆွယ်၍ ချောက်ထဲသို့ တွန်းချနေကြသူများမှာ ယုတ်ညံ့ဆိုးရွား အောက်တန်းကျလွန်းလှသော ဝီရိယဖြစ်သည့် "မိစ္ဆာဝါယမ" အလုပ်ဖြစ်နေသောကြောင့် ဝန်ထမ်းစည်းမျဉ်းများ၊ ဥပဒေ၊ နည်းဥပဒေတို့၏ ပြစ်ဒဏ်ပေးခြင်းကို ခံစားကြရမည်မှာ မြေကြီးလက်ခတ်မလွဲပါ။

ကောင်းမွန်သောအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ပါက ကောင်းသော ဝီရိယဖြစ်နေသောကြောင့် ထိုအလုပ်ကို မြတ်ဗုဒ္ဓ၏ (၃၈)ဖြာသော မင်္ဂလသုတ်တရားဒေသနာတော်အရ အပြစ်ကင်းစင် သန့်ရှင်း စင်ကြယ်သော "အနဝဇ္ဇကမ္မန္တာ" တရားနှင့် ညီညွတ်နေပြီဖြစ်ပါသည်။ တစ်နည်းဆိုပါလျှင် ယုတ်ညံ့ဆိုးရွားအောက်တန်းကျလွန်းလှသော ဝီရိယဖြစ်သည့် "မိစ္ဆာဝါယမ" အလုပ်ကို ရှောင်ကြဉ်ကာ ကောင်းမြတ်မှန်ကန်မွန်မြတ်လှသည့် ဝီရိယဖြစ်သော "သမ္မာဝါယမ" အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ကြရပါမည်။ တစ်နည်းဆိုပါလျှင် "ရိုးသားနိုးကြားကြိုးစားပါက အကျိုးတရားတိုးပွား" မည်မှာ ကေန် ဧကတရားဖြစ်ပါကြောင်း ဆွေသဟာအပေါင်းတို့အား စေတနာကောင်းဖြင့်အရေးထား လေးစားစွာ ရေးသားတိုက်တွန်းအပ်ပါသည်။

**အကိုးအထောက်**

၁။ မဟာဗုဒ္ဓဝင် အနုဒီပနီကျမ်း, ပထမတွဲ ပထမပိုင်း (တိပိဋကဆရာတော် အရှင်ဦးဝိစိတ္တသာရာ ဘိဝံသ) သာသနာရေးဦးစီးဌာန

၂။ ပရိတ်ကြီး နိဿယသစ် (သပြေကန်ဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရော ဏော် အရှင်ဝါသေဋ္ဌာဘိဝံသ)

၃။ The Art of Living (Dr. Goenka, India)

# ရပ်စောက်မြို့ ရွှေချင်းစိမ်း ချင်းမျိုးစေ့ထုတ်သမဝါယမအသင်း မျိုးကောင်း၊ မျိုးသန့်ချင်းများ စိုက်ပျိုးထုတ်လုပ်

**ရပ်စောက် မတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အလည်ချောင်းကျေးရွာအုပ်စု တောယားကျေးရွာရှိ ရွှေချင်းစိမ်းမျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက်မှ သမဝါယမအသင်းသားပိုင်မြေ ၅၂ ဧကပေါ်တွင် အရည်အသွေးကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်ချင်းများ စိုက်ပျိုးထားရှိပြီး ထွက်ရှိလာပါက မြို့နယ်သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ ကျောက်ရစ်ရဲကင်းစခန်းအား မသမာသူတချို့က မီးကွင်းပစ် ကျွန်းလှ-ကောလင်း ကားလမ်းပေါ်ရှိ ဒေါင်းမြူးချောင်းကူးတံတားကို မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၁၇**

ပြည်သူလူထု၏ အေးချမ်းသာယာစွာ နေထိုင်စားသောက်မှုကို မလိုလားသည့် မသမာသူတို့ အနေဖြင့် နောက်ကွယ်မှ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့လူအုပ်စုများ ရောက်ရှိအောင်၊ ဆူပူအကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက် အကြမ်းဖက်ရန်ပြုခြင်း၊ မီးရှို့ခြင်းများကို တစ်နေ့တခြား ပိုမိုတိုးမြှင့်လုပ်ဆောင်လာသည်ကိုတွေ့ရှိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ မတ် ၁၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ရစ်နယ်မြေရဲကင်းစခန်းကို အကြမ်းဖက်သူတစ်ဦးက ခြံစည်းရိုးအပြင်ဘက်မှ ခတ်ဆီဆွတ်ထားသည့် မီးကွင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့သည်။ ထိုသို့ လုပ်ဆောင်လာသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ မီးကွင်းလာရောက်ပစ်ခတ်သူ ကျောက်ရစ်ကျေးရွာနေ မြင့်ဇော်ဦး (၃၉) နှစ် (ဘ) ဦးငွေဋ္ဌေးအား ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့ နံနက် ၁ နာရီခန့်တွင်လည်း ကျွန်းလှမြို့နယ် ကျွန်းလှ-ကောလင်း ကားလမ်း မိုင်တိုင်အမှတ် (၃၄ နှင့် ၃၅) ကြားရှိ ဒေါင်းမြူးချောင်း သစ်သားဘေလီတံတားကို တုတ်၊ ဓားများ ကိုင်ဆောင်ထားသော မသမာသူလူတစ်စုက ကားတာယာများ၊ အမှိုက်များဖြင့် စုပုံမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့မှုကြောင့် တံတားကြမ်းခင်းနှင့် သစ်သားပေါင်များ မီးလောင်ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရနိုင်တော့သဖြင့် ကန့်ဘလူခရိုင် လမ်းဦးစီးဌာနမှ အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများကို ပိတ်ဆို့စေရေး၊ ဆက်သွယ်မှုပြတ်တောက်အောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကျူးလွန်သူများကို ဥပဒေနှင့်အညီ စိစစ်ဖော်ထုတ်အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက် ဆန္ဒပြလူစုလူဝေးများက လမ်းမများပေါ်တွင် ပိတ်ဆို့ထားသော အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖယ်ရှားရှင်းလင်း



**နေပြည်တော် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက် ဆန္ဒပြလူစုလူဝေးများက လမ်းမများပေါ်တွင် ပိတ်ဆို့ထားသော အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**လမ်းပိတ်ဆို့ထား**

ယင်းသတင်း ထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာလမ်းနှင့် ဒဂုံစင်တာရှေ့၊ ကြည့်မြင်တိုင်နှင့် လှိုင်သာယာအနောက်မြို့နယ်များအတွင်းရှိ လမ်းမများပေါ်တွင် ဆူပူအကြမ်းဖက် လူစုလူဝေးများက အများပြည်သူသွားလာ၍ မရစေရန်၊ မီးဘေးအန္တရာယ်အတွက် မီးငြိမ်းသတ်ရန်သွားရောက်မည့် မီးသတ်ယာဉ်များ သွားလာ၍မရစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့များ အလွယ်တကူသွားလာ၍ မရစေရန် စသည့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လမ်းမများပေါ်တွင် တာယာကွင်းများ၊ သဲအိတ်များ၊ သစ်ကိုင်းများ၊ အုတ်ခဲကျိုးများ၊ သံချောင်းများ အစရှိသည့် ပစ္စည်းမျိုးစုံကို အသုံးပြုကာ လမ်းပိတ်ဆို့ထားရှိမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ဖော်ပြပါကဲ့သို့ ဆောင်ရွက်နေမှုများသည် စည်ပင်သာယာရေးဥပဒေအရ သော်လည်းကောင်း၊ ရာဇသတ်ကြီးဥပဒေအရသော်လည်းကောင်း ဥပဒေနှင့်ငြိစွန်းလျက်ရှိနေကြသည်ကို ဂရုမပြုဘဲ "အများနှင့်လုပ်ဆောင်ပါက အရေးယူ၍ မရနိုင်"ဆိုသည့် အတွေးအခေါ်အယူအဆ အမှားများကို သွေးထိုးလှုံ့ဆော်ရိုက်သွင်းကာ နိုင်ငံတော်ဆန့်ကျင်ရေးကို ဆောင်ရွက်နေကြကြောင်း။

ထိုကဲ့သို့ လမ်းပိတ်ဆို့ထားသည့် အတားအဆီးများရှိနေခြင်းအား လက်မခံနိုင်သည့်၊ လုံခြုံတည်ငြိမ်အေးချမ်းသာယာရေးကို လိုလားကြသည့် ပြည်သူလူထုများ၏ တောင်းဆိုမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အချို့သောနေရာများတွင် ပြည်သူလူထုအချို့က ၎င်းတို့၏သဘောဆန္ဒဖြင့် ပူးပေါင်းပါဝင်ကာ လမ်းပိတ်ဆို့ထားသည့် အတားအဆီးများကို ယာဉ်/ယန္တရားများဖြင့် ရှင်းလင်းခြင်းကို ယနေ့တွင် စုပေါင်းရှင်းလင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကောလင်းမြို့နယ် ခံသာနယ်မြေရဲစခန်းကို လူစုလူဝေးများက အကြမ်းဖက်ဝင်ရောက်စီးနင်းတိုက်ခိုက်

**နေပြည်တော် မတ် ၁၇**

ကောလင်းမြို့နယ် ခံသာနယ်မြေရဲစခန်းကို လူစုလူဝေးများက အကြမ်းဖက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**အကြမ်းဖက်တိုက်ခိုက်**

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ကောလင်းမြို့နယ် ညောင်ပင်သာ၊ ရှမ်းကုန်းနှင့် ကညွတ်အင်းကျေးရွာတို့မှ ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၁၀၀ ခန့်သည် ယမန်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် တုတ်၊ ဓား၊ တူမီးသေနတ်များ ကိုင်ဆောင်ကာ ခံသာရဲကင်းစခန်းအား လာရောက်ရန်ပြုအကြမ်းဖက် တိုက်ခိုက်ခဲ့ကြကြောင်း။

ထိုသို့လာရောက်ရန်ပြုအကြမ်းဖက်တိုက်ခိုက်ချိန်တွင် ရဲကင်းစခန်း၌ တပ်ဖွဲ့ဝင်အင်အား နည်းပါးသော်လည်း ကိုယ်စီတပ်ဆင်ပေးထားသော မောင်းပြန်ရိုင်ဖယ်များဖြင့် ပြန်လည်ခုခံ ပစ်ခတ်ပါက မလိုလားအပ်သော ထိခိုက်သေကျေဒဏ်ရာရရှိမှုများ ဖြစ်ပေါ်စေနိုင်သည့်အတွက် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်မှုမရှိဘဲ လက်နက်ခဲယမ်းအချို့ကို လုံခြုံသောနေရာတွင် သိမ်းဆည်းထားရှိခဲ့ပြီး အကြမ်းဖက်လူအုပ်စုနှင့် ကင်းလွတ်ရာသို့တိမ်းရှောင်ခဲ့ရကြောင်း။

ရဲကင်းစခန်း အကြမ်းဖက်တိုက်ခိုက်ခံရသည်ကို သတင်းရရှိချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေကို ထိန်းသိမ်းနိုင်ရန်အတွက် သွားရောက်ခဲ့ရာ ည ၁၂ နာရီ ၅၅ မိနစ်ခန့်တွင် ရဲကင်းစခန်းသို့ ရောက်ရှိခဲ့ပြီး တပ်ဖွဲ့ဝင် နှစ်ဦးကို ရှာဖွေတွေ့ရှိရကာ တစ်ဦးတွင် ဦးခေါင်းထိပ်၊ ယာပခုံး၊ လက်ခွကြား ပြတ်ရှဒဏ်ရာများ ရရှိထား၍ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ရဲကင်းစခန်းအကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် တပ်ဖွဲ့ဝင်များ သိမ်းဆည်းထားရှိခဲ့သည့် လက်နက်ခဲယမ်းများအနက် သေနတ်တစ်လက်နှင့် ဆက်စပ်ခဲယမ်းအချို့ ပျောက်ဆုံးလျက်ရှိသဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း။

ဖြစ်စဉ်၌ ရဲကင်းစခန်းကို အကြမ်းဖက်ရန်ပြုတိုက်ခိုက်ရာတွင် ဦးဆောင်ပြုလုပ်ခဲ့သူ ကျောက်ပုထိုးကျေးရွာနေ သာရိုန်၊ ဖိုးဇော်နှင့် ခံသာကျေးရွာနေ ဝင်းဗိုလ်တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့ကာ ပူးပေါင်းပါဝင်သူများအား ဖော်ထုတ်အရေးယူနိုင်ရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

**စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်**

အလားတူ ယနေ့ နံနက် ၉ နာရီတွင် ခံသာရဲကင်းစခန်း၌ လုံခြုံရေးဖြည့်တင်းဆောင်ရွက်နိုင်ရန်အတွက် ထွက်ခွာလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို သွားရောက်ခေါ်ဆောင်သည့် ဒုရဲမှူး ဦးစီး လုံခြုံရေးအဖွဲ့ဝင်များသည် ကောလင်းမြို့နယ် ခံသာကျေးရွာနှင့် ကျောက်တန်းကျေးရွာ လမ်းဆုံအရောက်၌ ခံသာကျေးရွာဘက်မှ ကျောက်တန်းကျေးရွာဘက်သို့ သိန်းဇော် (၄၇)နှစ် (ဘ) ဦးအောင်ဒင်နှင့် ညိုလင်း (၃၉)နှစ် (ဘ) ဦးမောင်ငွေတို့သည် ဓားရှည်ကိုယ်စီလွယ်လျက် ဆိုင်ကယ်မောင်းနှင်လာသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်နိုင်ရန်အတွက် တားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် သတိပေး ပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၁၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၁ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းစာရှင်းလင်းပွဲ မှတ်တမ်းသတင်း ကော်လံ ၅ ဒုတိယစာပိုဒ် စာကြောင်းရေရှစ်ကြောင်းမြောက်တွင်ပါရှိသည့် **ဒေါက်တာသက်နှင်းဦး** အစား **ဒေါက်တာသန့်မြင့်ဦး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၇**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

## ဆူပူအော်ဟစ်ဆန္ဒပြမှုနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ဖြိုခွဲထိန်းသိမ်း

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်အတွင်း လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြမှုမှ ဆူပူဆန္ဒပြခြင်း၊ ဆူပူဆန္ဒပြရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုခြင်း၊ လူပုဂ္ဂိုလ်ဆိုင်ရာ အငြိုးအတေးများကို အခြေခံ၍ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ စက်ရုံအလုပ်ရုံများ၊ လုံခြုံရေးစခန်းများအား မီးကွင်းပစ်ခြင်း၊ မီးရှို့ ဖျက်ဆီးခြင်း၊ ပစ္စည်းများလုယူခြင်းနှင့် ရဲကင်းစခန်းများအား အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့စွာ ဝင်ရောက်စီးနင်းရန် ကြံစည်အားထုတ်နေမှုများကို တွေ့ရှိနေရသည်။

ယနေ့တွင် မြို့နယ်အချို့၌ ဆူပူအော်ဟစ်ဆန္ဒပြမှုနှင့် အကြမ်းဖက်မှုများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရပြီး ဖြစ်စဉ်များတွင် ပါဝင်သူ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၄၈ ဦးတို့ကို ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ဖော်ပြပါကဲ့သို့ ဆူပူအကြမ်းဖက်မှု ပုံသဏ္ဌာန်ဖြင့် ဆောင်ရွက်နေမှုများသည် လူငယ်ထုကို ဗဟိုပြုမြှောက်ပင့်ဆောင်ရွက်နေကြပြီး နောက်ကွယ်မှ စေခိုင်းသူများအနေဖြင့် အန္တရာယ်လွတ်ကင်းသောနေရာတွင် ပုန်းခိုကာ အခြားသောအထောက်အပံ့များကို အေးချမ်းသာယာစွာ ခံစားနေထိုင်နေကြသည်ကို တွေ့မြင်ကြားသိနေရသဖြင့် အချို့သောလူငယ်ထုအနေဖြင့် ဆူပူအကြမ်းဖက် လုပ်ရပ်များတွင် ယခင်ကထက် ပါဝင်လာမှုလျော့နည်းလာသည်ဟု နိုင်ငံအရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

**သတင်းစဉ်**





## မြို့နယ်များရှိ အတားအဆီးများကို သွားလာရေးအဆင်ပြေရန်အတွက် ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်းမပေါ်၌ နှောင့်ယှက်လိုသူများက ပိတ်ဆို့တားဆီးထားသော အတားအဆီးများကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအင်အားဖြင့် ရှင်းလင်းနေမှုအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဒေါက်တာဇော်ဝင်းနှင့် ဦးအောင်နိုင်တို့ သွားရောက်ကြည့်ရှုသည်။

ထိုသို့ရှင်းလင်းရာတွင် လှိုင်မြို့နယ် အင်းစိန်လမ်းမကြီး (သီရိရတနာဈေးရှေ့မှ သုခလမ်းအထိ) အတားအဆီးများနှင့် လမ်းသွယ်များမှ အတားအဆီးများကို ရှင်းလင်းဖယ်ရှားပြီး တာဝန်ထမ်းဆောင်နေသူများအား ရပ်ကွက်နေ အလှူရှင်ပြည်သူများက ရေသန့်၊ အချိုရည်၊ မုန့်နှင့် အသီးအနှံများကို စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အလားတူ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဗိုလ်မြတ်ထွန်းလမ်းနှင့် သိမ်ဖြူလမ်းကြား)၊ ဗိုလ်မြတ်ထွန်းလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာ လမ်းကြား)ရှိ အတားအဆီးငါးခုကို Loader တစ်စီး၊ Tipper ယာဉ်နှစ်စီးဖြင့် သိမ်းဆည်း၍ ရန်ကုန်မြစ်ကမ်းဘေးသို့လည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်း၊ ကျိုက္ကဆံလမ်း Y တံတားရှိ အတားအဆီးများကို Tipper ယာဉ်နှစ်စီးဖြင့် သိမ်းဆည်း၍ ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ စွန့်ပစ်အမှိုက်ပုံသို့လည်းကောင်း၊ အလုံမြို့နယ် အလုံလမ်း (အောက်ကြည့်မြင်တိုင်လမ်းနှင့် ငုဝါလမ်းကြား)ရှိ အတားအဆီးများကို Loader တစ်စီး၊ Tipper နှစ်စီးဖြင့် သိမ်းဆည်း၍ မင်းရဲကျော်စွာလမ်း အမှိုက်ပုံသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း (မင်းဓမ္မလမ်းနှင့် အင်းစိန်လမ်းကြား)ရှိ အတားအဆီးများကို Dozer တစ်စီး၊ မော်တော်ယာဉ်သုံးစီးဖြင့် သိမ်းဆည်း၍ ကျိုက်ဝိုင်းဘုရား ဘောလုံးကွင်းသို့ လည်းကောင်း၊ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် အရှေ့ရွှေဂုံတိုင်လမ်း (သာသနာ့ရိပ်သာလမ်းနှင့် အနောက်မြင်းပြိုင်ကွင်း လမ်းကြား)ရှိ အတားအဆီးများကို ယာဉ်ငါးစီးဖြင့် သိမ်းဆည်း၍ သာသနာ့ရိပ်သာလမ်း အမှိုက်ကန်သို့လည်းကောင်း၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (ဗိုလ်အောင်ကျော်လမ်းနှင့် ပန်းဆိုးတန်းလမ်းကြား)၊ ဗိုလ်အောင်ကျော်လမ်းထိပ်၊ ၃၉ လမ်းထိပ်၊ ၃၈ လမ်းထိပ်၊ ၃၇ လမ်းထိပ် ပိတ်ဆို့ထားသော အတားအဆီးများကို ယာဉ်ငါးစီးဖြင့် သိမ်းဆည်း၍လည်းကောင်း စွန့်ပစ်ခဲ့သည်။

ထို့ပြင် ရန်ကင်းမြို့နယ် ရန်ကင်းလမ်း၊ ရန်ရှင်းလမ်း၊ မိုးကောင်းလမ်း (သစ္စာလမ်းနှင့် အောင်ဇေယျလမ်းကြား)၊ ကမ္ဘာအေးဘုရားလမ်း၊ ပါရမီလမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်း၊ စက်မှု(၁)လမ်း (ဗဟိုဘဏ်)ရှေ့ရှိ သံဆူးကြိုးဂိတ်များ၊ သဲအိတ်များ၊ မြေကြီးအိတ်များ၊ အုတ်ခဲကျိုးများ၊ သစ်တိုသစ်စ၊ ကျောက်ခဲများ၊ ကားတာယာအဟောင်းများ၊ ဝါးကပ်များ၊ ဝါးလုံးများ၊ မဆလာဖျော်စက်အဟောင်းများ၊ သွပ်ပြားများ၊ သံဖရိန်တန်းများဖြင့် စုစုပေါင်း ၄၁ နေရာတွင်ပိတ်ဆို့ထားရာ ပူးပေါင်းရှင်းလင်းရေးအဖွဲ့က ရှင်းလင်းဆောင်ရွက်ခဲ့သဖြင့် မော်တော်ယာဉ်များနှင့် လမ်းအသုံးပြုသူ ပြည်သူများသွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်မြေသာစံမြို့နယ်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက အပြစ်မဲ့ပြည်သူများကို ဝိုင်းဝန်းရိုက်နှက်

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံအတွင်း အချို့မြို့ကြီးများတွင် ဆန္ဒပြမှုများဖြစ်ပွားလျက်ရှိပြီး ၎င်းဆန္ဒပြသူများအနက် အချို့သောလူပုဂ္ဂိုလ်များသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံမှုကို ထိခိုက်စေရန်ရည်ရွယ်၍ ၎င်းတို့ကို ထောက်ခံဝန်းရံခြင်းမရှိသူများကို သတင်းပေးများအဖြစ် စွပ်စွဲခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေသည့်အထိ တရားမဲ့ပြုကျင့်ခြင်း၊ နေအိမ်အဆောက်အဦနှင့် ယာဉ်များအား ဖျက်ဆီးခြင်းတို့ကို အုပ်စုဖွဲ့၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ မတ် ၁၆ ရက် ည ၁၁ နာရီခွဲခန့်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ် ၈၉ လမ်း၊ ၁၁ လမ်းနှင့် ၁၂ လမ်းကြားနေ ဦးဆန်းမော် (၆၀)နှစ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းပေးဟုစွပ်စွဲကာ ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က နေအိမ်ကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ လေးခွများ၊ ကုံးသီးများဖြင့် ပစ်ခတ်ခြင်း၊ အိမ်နံရံကျောက်ပြားများ ကွဲကြေအောင် ထုရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ၎င်းပိုင်ဆိုင်သည့် INSIGHT အမျိုးအစားမော်တော်ယာဉ်၏ မှန်များနှင့် ကိုယ်ထည်များကို ရိုက်ခွဲဖျက်ဆီးခဲ့သည်။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသဖြင့် အိမ်နီးချင်းဖြစ်သည့် ဦးမိုးခိုင်က ဝင်ရောက်တောင်းပန်ဖျန်ဖြေခဲ့သော်လည်း ဆူပူအကြမ်းဖက်ဆန္ဒပြသူများက ၎င်းအား ကြိုးတုတ်ခေါ်ဆောင်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဆူပူအကြမ်းဖက်သူများအနက်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီးနှစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ လုပ်ရပ်ကြောင့် ဦးဆန်းမော်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဇနီးဖြစ်သူ ဒေါ်သန္တာ၏ ဝဲဘက်ခြေထောက် နာကျင်ဒဏ်ရာ တစ်ချက်၊ ဒေါ်သန္တာ၏ တူမဝမ်းကွဲတော်စပ်သူ မသန်းသန်းကြွယ်၏ အပေါ်သွားကျိုး ဒဏ်ရာ တစ်ချက်နှင့် ဦးမိုးခိုင်တွင် ဦးခေါင်း၌ ဓားခုတ်ဒဏ်ရာ တစ်ချက်၊ ဝဲဘက်ကျောတွင် ဂျင်ကလိစိုက်ဝင်ဒဏ်ရာ သုံးချက်စသည့် ဒဏ်ရာများ ရရှိခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာ အေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းကစတင်၍ လုံခြုံရေး ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကယားပြည်နယ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**လွိုင်ကော် မတ် ၁၇**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ ရက် မွန်းလွဲပိုင်းက ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး(ခ)ဘူးရယ်က မိမိတို့မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှု အခြေအနေများကြောင့် နိုင်ငံတော်အဆင့် စုစည်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်အဆင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ချီးမြှင့်ဆက်ကပ်ခြင်းခံရသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား မိမိတို့ပြည်နယ်မှ ထပ်ဆင့်ချီးမြှင့်ဆက်ကပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကော်မတီဝင် ဦးစန်းဝေက မဟာမင်္ဂလာအခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးက ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်နိုင်ရေး ပဲခူးတွင်စည်းဝေး

**ပဲခူး မတ် ၁၇**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအဆင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်မည့် အခမ်းအနားဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ ပြည့်စုံရန် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကြွရောက်လာကြမည့် ဆရာတော်များနှင့် သီလရှင်များအတွက် ခေတ္တသီတင်းသုံးမည့် နေရာများ သန့်ရှင်းသပ်ရပ်စေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အခမ်းအနားအား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်နှင့်အညီ ကျင်းပရန် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ သံဃာတော်များကြိုဆိုပင့်ဆောင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ဆွမ်းဆက်ကပ်ရေး၊ ဧည့်ခံရေးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီနှင့် တည်းခိုနေထိုင်ရေး ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက လုပ်ငန်းကြိုတင်စီစဉ် ဆောင်ရွက်နေမှုအခြေအနေများနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကောင်စီဝင် (၄) က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**တင်စိုး(ပဲခူး)**





## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး မတ် ၁၇**

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ယခုလက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးပေးနေကြောင်း၊ စဝ်စံထွန်းဆေးရုံ၌ ဆရာဆရာမနှင့် အခြားဝန်ထမ်း ၁၂၅ ဦး ပြန်လည်တက်ရောက်နေပြီဖြစ်ကြောင်း၊ အမျိုးသမီးနှင့် ကလေးဆေးရုံကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ CDM တွင် ပါဝင်လာအောင် နည်းအမျိုးမျိုးဖြင့် မဲဆွယ်သောကြောင့် ဝန်ထမ်းငယ်များပါလာကြောင်း၊ ရုံးဝန်ထမ်းများ ခြိမ်းခြောက်မှုခံရပြီး မှားယွင်းမှုများရှိခဲ့သော်လည်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ဌာနဆိုင်ရာများအနေဖြင့် ပြန်လည်လက်ခံပေးရန် မှာကြားလိုကြောင်း၊ ကမ္ဘောဇဘဏ်ဝန်ထမ်းများလည်း ပြန်လည်၍ လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီးလှဦး၊ အဖွဲ့ဝင် (၂) ဦးခွန်သိန်းမောင်နှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား မတ် ၁၇**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်အတွင်း ဝန်ထမ်းများ CDM တွင် ပါဝင်သော ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ယနေ့ ဌာနဆိုင်ရာအသီးသီးတွင် အခြေအနေအရပ်ရပ်ကြောင့် CDM တွင်ပါဝင်သောဝန်ထမ်းများရှိသကဲ့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာသူများ ရှိနေသည်ကိုလည်း သိရကြောင်း၊ သို့ရာတွင်CDM တွင် ပါဝင်နေသောဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီစိစစ်အရေးယူနိုင်ရေးကိုလည်းညွှန်ကြားထားပြီးဖြစ်သောကြောင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အရေးယူဆောင်ရွက်နေမှုအခြေအနေကို တင်ပြသွားရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများ CDM တွင်ပါဝင်နေသော ဌာနဆိုင်ရာ ၅၈ ခုမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများ CDM ဆောင်ရွက်နေမှု အခြေအနေ၊ ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာမှုအခြေအနေနှင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရေး စည်းရုံးလှုံ့ဆော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့ဝန်ထမ်းများအား မိမိတို့သားသမီးများကဲ့သို့ စည်းရုံးဆက်သွယ် ဆောင်ရွက်နေမှုအခြေအနေကို သိရှိရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ သို့သော်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့်ဆောင်ရွက်ရသည့်အတွက် ညွှန်ကြားချက်များကို အလေးထား လိုက်နာဆောင်ရွက်သွားကြရေးကို ထပ်မံ တိုက်တွန်းလိုကြောင်း မှာကြားသည်။

**ပြည်နယ် (ပြန်/ဆက်)**



# သံဃာတော်များ၊ ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး



**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မတ် ၁၇ ရက် နံနက်ပိုင်းမှ စတင်ကာ ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြိတ်မြို့တွင် စုစုပေါင်း ၅၀၀၀ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပထမဦးစွာ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ ထိုးနှံပေးလျက်ရှိပြီး ဆရာတော်၊ သံဃာတော်၊ သီလရှင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပုဂ္ဂလိကဆေးရုံများမှ ဝန်ထမ်းများအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့ရှိ နိုင်ငံ့ဝန်ထမ်းများမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ တစ်နေ့လျှင်လူဦးရေစုစုပေါင်း ၄၀၀ အား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြိတ်ခရိုင် (ပြန်/ဆက်)**

**မိုင်းယောင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အမှတ်(၄) ရပ်ကွက်ရှိ မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ မတ် ၁၆ ရက်က ထိုးနှံပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာတွင်သံဃာတော်များ၊ လူငယ်လူရွယ်များ၊ လူကြီးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် မြို့ရွာအတွင်း နေထိုင်ကြသည့်ဒေသခံပြည်သူများအား နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သားဆရာဝန်များ၊ ဆေးမှူးများနှင့် သူနာပြုများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီးနောက် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးနေမြတ်သူနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား အားပေးစကားပြောကြားသည်။

မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မတ် ၁၁ ရက်က စတင်ထိုးနှံပေးခဲ့ရာ မတ် ၁၁ ရက်တွင် ဒေသခံပြည်သူ ၄၁၀ ကိုလည်းကောင်း၊ မတ် ၁၂ ရက်တွင် ၁၀၄၀ ကိုလည်းကောင်း၊ မတ် ၁၃ ရက်တွင် ၃၈၀ ကိုလည်းကောင်း၊ မတ် ၁၄ ရက်တွင် ၃၂၀ ကိုလည်းကောင်း၊ မတ် ၁၅ ရက်တွင် ၄၅၀ ကိုလည်းကောင်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှု အဆင်ပြေစေရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ မျိုးဆက်သစ်ရောင်နီ ပရဟိတလူမှုကူညီရေးအသင်းတို့က ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**



## မိုင်းဆတ်မြို့၌ လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် မတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

"ဝမ်ကောင်း-ပါမူ ကျေးရွာချင်းဆက်လမ်း အရှည်သုံးမိုင်မှာ ကျန်နှစ်မိုင် အပြီးသတ်ကျောက်ခင်းခြင်း၊ အဲဒီလမ်းပေါ်မှာပဲ အရှည် ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်းနဲ့ ငါးပေ Box Culvert လေးစင်း တည်ဆောက်နေတာပါ၊ လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးနေပါပြီ၊ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း များနဲ့အညီ အချိန်မီပြီးစီးရေးအတွက် လိုအပ်တာတွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောကြားသည်။

အဆိုပါလမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဝမ်ကောင်း၊ မာမှုအဲ၊ ဟားကွယ်၊ နားခုမ်း၊ ပါမူ၊ ထူးကွေနှင့် မယ်တေးကျေးရွာရှိ အိမ်ခြေ ၂၀၂ အိမ်၊ လူဦးရေ ၁၁၇၉ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာပြီး ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော် (မိုင်းဆတ်)**



## ပွင့်ဖြူ၌ မြို့နယ်အဆင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်း စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ မတ် ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အခြေခံပညာဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိဆရာ ဆရာမများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် မြို့နယ်အဆင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပွင့်ဖြူမြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် မြို့နယ်အတွင်းရှိ အခြေခံကျောင်းများရှိ ကျောင်းအုပ်ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာဆည်းပူးလေ့လာသင်ယူနိုင်ရန်နှင့် ပညာရည်မြင့်မားရေး စီမံခန့်ခွဲမှုနည်းစနစ်များကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဖွင့်လှစ်ပို့ချ သင်ကြားပေးခြင်းဖြစ်၍ တက်ရောက်လာသည့် အခြေခံပညာအထက်တန်းနှင့်အလယ်တန်းအဆင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားမည့်သင်ခန်းစာများကို ဂရုတစိုက် လေ့လာသင်ယူသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးနွေဝင့်ကျော်က သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းဆွေးနွေးပြောကြားပြီး သင်တန်းနည်းပြ ဆရာများက တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများကို အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများ စီမံခန့်ခွဲမှုဆိုင်ရာနည်းစနစ်များကို စာတွေ့လက်တွေ့ ဖွင့်လှစ်ပို့ချ သင်ကြားပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာထက်တန်းကျောင်း ၁၀ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ၂၂ ကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာ ဆရာမ ၃၂ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကာ မတ် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာသုံးရွာသို့ သောက်သုံးရေလှူဒါန်း

**မိတ္ထီလာ မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် မတ် ၁၆ ရက် နံနက်က သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြသည်။

မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိကျေးရွာများတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာပါက သောက်သုံးရေများကို မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြန့်ဝေ လှူဒါန်းလျက်ရှိသည်။

ထိုသို့ဖြန့်ဝေလှူဒါန်းလျက်ရှိရာမှ အင်းပလက်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေ လှူဒါန်းပေးခဲ့သည့်အပြင် ဆူးဖြူကွက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ သောက်သုံးရေအဆင်ပြေစေရန် ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေ လှူဒါန်းပေးခဲ့သည်။

ထို့အပြင် အရာတော်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် သစ္စာပြု တောင်ဘုန်းတော်ကြီးများသို့ မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၃၂၀၀ ကို သွားရောက်ဖြန့်ဝေ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ညောင်ဦးမြို့နယ်တွင် ကုလားပဲစိုက်တောင်သူများ စတင်ရိတ်သိမ်း မနှစ်ကဈေးနှုန်းထက် ဈေးမကျရန်မျှော်လင့်

**ညောင်ဦး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သူကောင်းတည် မြစ်ရေတင်စိုက်ကွင်းရှိ ကုလားပဲစိုက်တောင်သူများ စတင်ရိတ်သိမ်းနေကြပြီဖြစ်ရာ ကုလားပဲရောင်းချချိန် မနှစ်ကရောင်းချရသည့်ဈေးနှုန်း တစ်တင်း ကျပ် ၂၆၀၀၀ အောက်ဈေးမကျရန် မျှော်လင့်နေကြကြောင်း အောက်ညဥ့်ကျေးရွာ ကုလားပဲစိုက်တောင်သူ ဦးတင်စိုးက ပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် ကုလားပဲသီးနှံ စတင်စိုက်ပျိုးချိန်က တန်ဆောင်မုန်းလတွင် စတင်ကြပက်စိုက်ပျိုးခဲ့ရာ တပို့တွဲ၊ တပေါင်းလတို့တွင် ရိတ်သိမ်းလေ့ရှိကြောင်း၊ ထွက်ရှိလာသည့်ကုလားပဲများကို ပခုက္ကူဈေးကွက်သို့သာ အဓိကသွားရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်မှထွက်ရှိသည့် ကောက်ပဲသီးနှံအမျိုးမျိုးအား ပခုက္ကူဈေးကွက်ကိုသာ အဓိကအားထားရောင်းချလျက်ရှိကြောင်း သိရသည်။ ယခုနှစ် ကုလားပဲတစ်တင်းလျှင် ကျပ် ၂၃၀၀၀ ရှိပြီး တစ်တင်းလျှင် ကုလားပဲ ၁၉ ပိဿာရှိကြောင်း၊ လာရောက်ရောင်းချသည့် ကုလားပဲများကို ကျပ် ၂၃၅၀၀ ဈေးနှုန်းပေးဝယ်နေကြောင်း ပခုက္ကူမြို့ နီလာပွဲရုံ ဦးဘိုကြီးနိုင်ထံမှ သိရသည်။

မြစ်ရေတင်စိုက်ကွင်းများတွင် စိုက်ပျိုးသည့် ကုလားပဲစိုက်ခင်းများဖြစ်သော်လည်း ရေသွင်းစိုက်ပျိုးစရာမလိုဘဲ စပါးစိုက်ခင်း ရိုးကျွတ်များတွင် ကြဲပက်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ထွန်ယက်ကြဲပက်စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင်သာ စရိတ်စက ကုန်ကျပြီး ကုလားပဲရိတ်သူတစ်ဦး တစ်နေ့ကုန်ကျပ် ၃၀၀၀၊ ထွန်စက်ထွန်ယက်ခ တစ်နာရီ ကျပ် ၂၀၀၀၀ ပေးရကြောင်း၊ စိုက်ပျိုးပြီးချိန်မှစ၍ ဆေးဖျန်းခြင်းမပြုလုပ်ကြဘဲ သဘာဝမြေသြဇာဖြစ်သည့် နွားချေး၊ ဆိတ်ချေး၊ သစ်ရွက်မြေဆွေးများသာ ထည့်သွင်းစိုက်ပျိုးထားခြင်းလည်းဖြစ်ကြောင်း ကုလားပဲစိုက်တောင်သူများက ရှင်းပြသည်။

**ကိုထိန် (KPD)**

■

## ခရမ်းချဉ်သီးများ ဈေးနှုန်းပြန်လည်မြင့်တက်၍ စိုက်ပျိုးသူများအဆင်ပြေ

**ပွင့်ဖြူ မတ် ၁၇**


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဒေသခံ တောင်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေကိုအမှီပြု၍ ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး စားပင်သီးနှံများစိုက်ပျိုးရာတွင် ခရမ်းချဉ်သီးကို စီးပွားဖြစ် အဓိကစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခင်က ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀ ခန့်သာ ရောင်းချခဲ့ရာမှ ယခုအခါ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချနေရ၍ ခရမ်းချဉ်သီးစိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြကြောင်း ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာရှိ ဒေသခံများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်သည် ရာသီဥတုမျှတကောင်းမွန်ပြီး စိုက်ပျိုးရေပေါကြွယ်ဝမှုကြောင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း) ရာသီမပြတ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ ထိုသို့စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာအပါအဝင် မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံ တောင်သူများသည် မုန်းချောင်းရေကို အမှီပြု၍ ဥယျာဉ်ခြံမြေများပြုလုပ်ကာ နှစ်ရှည်သီးနှံနှင့် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံတို့ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ်တွင် တောင်သူများ စီးပွားဖြစ် အဓိကစိုက်ပျိုးလုပ်ကိုင်သည့် ခရမ်းချဉ်သီးနှံမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ခရမ်းချဉ်သီးများ စတင်ဆွတ်ခူးရောင်းချရချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ ခန့်သာ ရောင်းချရ၍ လုပ်ငန်းအခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ ခရမ်းချဉ်သီးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ်၅၀၀ ခန့်ပြန်လည်ရောင်းချနေရသဖြင့် လုပ်ငန်းအဆင်ပြေလာကြောင်း ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ ခရမ်းချဉ်သီးနှံစိုက်သူ ကိုဟန်ဇော်သက်က ပြောကြားသည်။

"စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့ တောင်သူအများစုဟာ (နွေ၊ မိုး၊ ဆောင်း) ရာသီမပြတ် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေက စပါး၊ နှမ်း၊ မြေပဲ၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ ပဲထောပတ် စတဲ့သီးနှံတွေအပြင် ဥယျာဉ်ခြံမြေများပြုလုပ်ပြီး နှစ်ရှည်သီးနှံဖြစ်တဲ့ သရက်၊ ပိန္နဲ၊ သနပ်ခါး၊ မန်ကျည်းရှား၊ ဒန့်သလွန်၊ လျှော်ဖြူ စတဲ့သီးနှံတွေကိုလည်း စိုက်ပျိုးကြပါတယ်။ ဟင်းသီးဟင်းရွက်စားပင်သီးနှံတွေထဲမှာ ခရမ်းချဉ်သီးနှံက ဈေးကွက်သာရှိမယ်ဆိုရင် တောင်သူတွေအတွက် ဝင်ငွေ ပိုမိုအကျိုးအမြတ်ရရှိလို့ ပိုပြီးတော့ အားထားစိုက်ပျိုးကြပါတယ်။ အခုနှစ်မှာဆိုရင် ခရမ်းချဉ်သီးနှံစိုက်ခင်းဟာ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ခရမ်းချဉ်သီးများ စတင်ဆွတ်ခူး ရောင်းချတဲ့အချိန်မှာ ဈေးကွက်ကမကောင်းဘူးပေါ့။ တစ်ပိဿာ ငွေကျပ် ၃၀၀ လောက်နဲ့ ရောင်းချရပါတယ်။ အခုလက်ရှိတော့ ဈေးနှုန်းက နည်းနည်းပြန်တက်လာတော့ ခရမ်းချဉ်သီးနှံစိုက်ပျိုးတောင်သူတွေ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြပါတယ်"ဟုငင်းကဆက်လက်ပြောကြားသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**



## ကျောက်ပန်းတောင်း



## ကျိုက်မရောမြို့နယ်၌ ခရမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ မိသားစုဝင်ငွေတိုး

**ကျိုက်မရော မတ် ၁၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာတွင် စိုက်ပျိုးထားသော ခရမ်းစိမ်းသီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ ခရမ်းအစိမ်းရောင်သီးများ စိုက်ပျိုးရာတွင် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက် ဆောင်ပုဒ်နှင့်အညီ ခရမ်းသီးပင်များကို မျိုးစေ့မှ ပျိုးပင်လေးများပျိုးကာ ဇန်နဝါရီလအကုန်တွင် စတင်စိုက်ပျိုးပြီး ပျိုးပင်များကို တစ်ပင်နှင့်တစ်ပင် တစ်ပေခြားကာ စိုက်ပျိုးရကြောင်း၊ အပင်များရှင်သန်ချိန်တွင် အရွက်များပိုးမကျစေရန် အထူးဂရုစိုက်၍ အပင်ရွက်ဖျန်းအားဆေးကျွေးပေးကာ နေ့စဉ်ရေစုပ်စက်ဖြင့် ရေလောင်းရပြီး ရေလောင်းရာတွင် အချိန်ကုန်သက်သာစေရန်နှင့် လူအင်အားမကုန်စေရန် ဒလက်ပန်ကာဖြင့် တစ်ရက်ခြားရေပေး၍ အသီးကြီးထွားစေရန်အတွက် သဘာဝမြေသြဇာလည်း ပံ့မှန်ထည့်ပေးရကြောင်း ခရမ်းသီးစိုက်ပျိုးသည့်တောင်သူ ဦးစိုးဦးက ပြောကြားသည်။

ယခင်နှစ်က ခရမ်းသီးများ ဈေးကောင်းရခဲ့ပြီး ယခုကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ခရမ်းသီးတစ်လုံးလျှင် ငွေကျပ် ၅၀ သာရရှိပြီး တစ်နေ့လျှင်ခရမ်းသီးအလုံးရေ ၄၀၀ ကျော်၅၀၀ ခန့် ခူးယူရရှိပြီး မော်လမြိုင်မြို့ရှိ သံလွင်ဈေးသို့ ဖောက်သည်သွင်းရသဖြင့် ပုံမှန်ဝင်ငွေရရှိကာ မိသားစု စားဝတ်နေရေးအတွက် အထောက်အကူ ပေးလျက်ရှိကြောင်း၊ ခရမ်းသီးစိုက်ပျိုးသူ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနက ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းနှင့် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးသဖြင့် ခရမ်းသီးများ ပိုမိုအထွက်ကောင်းလျက်ရှိကြောင်း ခရမ်းသီးစိုက်တောင်သူများထံမှ သိရသည်။

**ချိုချို (ပြန်/ဆက်)**

## ငဖဲမြို့နယ် ဆုံကုန်းကျေးရွာ၌ ကွမ်းနုဝါစိုက်ပျိုးရောင်းချပြီး မိသားစုပုံမှန်ဝင်ငွေရရှိ

**ငဖဲ မတ် ၁၇**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဆုံကုန်းကျေးရွာမှ တောင်သူများအနေဖြင့် လယ်ယာနှင့် ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိ၍ မိမိတို့၏ အိမ်ခြံမြေဝင်းအတွင်းတွင်လည်း ကွမ်းနုဝါစိုက်ပျိုးရေးလုပ်ငန်းကို မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးရောင်းချပြီး နေ့စဉ် ပုံမှန်အပိုဝင်ငွေရရှိနေကြောင်း သိရသည်။

အဆိုပါကွမ်းနုဝါပင်များကို စတင်စိုက်ပျိုးမည်ဆိုပါက အပင်သက်တမ်းနှစ်လမှစ၍ အပင်သန့်ရှင်းရေးလုပ်ပေးရပြီး အရည်အသွေးမြင့် အပင်အားဆေး ပက်ဖျန်းပေးရကြောင်း၊ ယခုအချိန်တွင် အပင်သက်တမ်း နှစ်နှစ်ခန့်ရှိပြီး ကွမ်းနုဝါအပင်ပေါင်း ၈၅၀ စိုက်ပျိုးထားကြောင်း၊ နေ့စဉ်လူငှားနှစ်ဦးဖြင့် တစ်ရက်ပျမ်းမျှ ၁၀ ပိဿာခန့် ခူးဆွတ်ရကြောင်း၊ ငှားရမ်းခအနေဖြင့် ကွမ်းတစ်ပိဿာကို ငွေကျပ် ၆၀၀ နှုန်းပေးရပြီး ကွမ်းရွက်များကို ဖောက်သည်ဈေးဖြင့် ယာကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းနှင့် ကွမ်းရွက်အသေးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ကွမ်းဈေးအတက်အကျပေါ်မူတည်၍ ပဒါန်းကျေးရွာနှင့် လက်ပံတံခါးကျေးရွာတို့သို့ပေးသွင်းရကြောင်း၊ တစ်နေ့ပျမ်းမျှဝင်ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ ထိ ရရှိ၍ မိသားစု နေ့စဉ် ပုံမှန်အပိုဝင်ငွေရရှိကြောင်း ဆုံကုန်းကျေးရွာနေ ကွမ်းနုဝါစိုက်ပျိုးရောင်းချသူ ဦးမောင်မောင်မြင့်ထံမှ သိရသည်။

**မယု (ငဖဲ)**



# စံချိန်သစ်တင်လိုက်တဲ့ ရို့စ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရို့စ်ဟာ သူ့ရဲ့ ပထမဆုံးတစ်ကိုယ်တော်တေးအယ်လ်ဘမ်နဲ့ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။


သူ့ရဲ့ တေးအယ်လ်ဘမ်ဟာ အမျိုးသမီးကေပေါ့ပ် တေးသံရှင်တွေ ထုတ်လွှင့်ခဲ့သမျှသော တေးအယ်လ်ဘမ်တွေအနက် ပထမသီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရို့စ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် R ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ပထမသီတင်းပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၂၈၂၆၇၄ ခု ရောင်းချခဲ့ရကာ အဆိုပါ အရေအတွက်ဟာ ယခင်က အိုင်ယူတင်ထားတဲ့ ရောင်းအားအကောင်းဆုံးစံချိန်ကို ချိုးဖျက်ကာ စံချိန်သစ်တင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် အဆိုပါ တေးအယ်လ်ဘမ်ကို ကြိုတင်မှာယူမှုတွေလည်း အလွန်များပြားခဲ့ပါတယ်။ ဒေသတွင်းပရိသတ်တွေသာမက အမေရိကန်နဲ့ ဂျပန်၊ တရုတ်နိုင်ငံတို့မှာလည်း မှာယူမှုတွေရှိခဲ့ရာ စုစုပေါင်းတေးအယ်လ်ဘမ် ၅၀၀၀၀၀ ကြိုတင်မှာယူမှုရှိခဲ့ကြောင်းလည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ On The Ground ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ပေးခဲ့ရာ အဆိုပါ တေးဗီဒီယိုဟာ ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယားတွေကိုလည်း ဦးဆောင်ခဲ့ပါတယ်။

အဆိုပါ တေးသီချင်းဟာ စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်း နိုင်ငံနဲ့ ဒေသပေါင်း ၅၁ ခုမှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားတွေရဲ့ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။



# ဇာတ်လမ်းတွဲသစ်နဲ့အတူ ပြန်လည်တွေ့မြင်ရတော့မယ့် လီယောင်အေး



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ လီယောင်အေးကို မြန်မာပရိသတ်တွေအနေနဲ့ နန်းတွင်းရတနာဇာတ်လမ်းတွဲရုပ်ရှင်မှာ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ချန်ဂင်အဖြစ် အသိများပါတယ်။ လီယောင်အေးဟာ မကြာမီမှာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာတော့မှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီယောင်အေးဟာ Koo Kyung လို့ အမည်ပေးဖွယ်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်မှာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သွားမှာပါ။ အဆိုပါ ဇာတ်လမ်းတွဲဟာ စုံထောက်ရုပ်ရှင်မျိုးဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ဖို့ရာ အတည်ပြုလိုက်ပြီဖြစ်ကြောင်း လီယောင်အေးက မတ် ၁၇ ရက်က ထုတ်ဖော်အသိပေးခဲ့တာပါ။ လီယောင်အေးဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း အနုပညာလှုပ်ရှားမှုတွေ နည်းပါးခဲ့ကာ ဇာတ်လမ်းတွဲတွေလည်း ရိုက်ကူးခဲ့ခြင်းမရှိတာ အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ လတ်တလော အတည်ပြုပေးခဲ့တဲ့ အဆိုပါ ဇာတ်လမ်းတွဲဟာ လီယောင်အေးအတွက် ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ပထမဆုံးပြန်လည်ရိုက်ကူးသွားမယ့် ဇာတ်လမ်းတွဲလည်း ဖြစ်လာမှာပါ။

အဆိုပါ ဇာတ်လမ်းတွဲဟာ အမျိုးသမီးဇာတ်ကောင် Koo Kyung အကြောင်းကို ပုံဖော်သွားမှာဖြစ်ပါတယ်။ သူဟာ စုံထောက်တစ်ဦးဖြစ်ပြီး ယခင်က ရဲဝန်ထမ်းတစ်ဦးလည်း ဖြစ်ခဲ့သူပါ။ လီယောင်အေးကတော့ အဆိုပါအမျိုးသမီးဇာတ်ကောင်နေရာမှာ ပါဝင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# Super Junior ရဲ့ ၁၀ ခုမြောက် တေးအယ်လ်ဘမ် The Renaissance



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ အဖွဲ့ဝင်တွေ စစ်မှုထမ်းဆောင်မှုတွေကြောင့် ပြီးခဲ့တဲ့နှစ်တွေအတွင်း တေးအယ်လ်ဘမ် သစ်တွေ ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိဘဲ ပရိသတ်တွေကတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို အချိန်အတော်ကြာ စောင့်မျှော်နေခဲ့ရတာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ အဆိုပါ တေးဂီတအဖွဲ့က အဖွဲ့ရဲ့ ၁၀ ခုမြောက် တေးအယ်လ်ဘမ်နဲ့ ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ၁၀ ခုမြောက် တေးအယ်လ်ဘမ်ကို The Renaissance လို့ အမည်ပေးထားပြီး အဆိုပါ တေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးကတော့ House Party ဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ထုတ်လွှင့်ဖို့ရာ ကနဦးစီစဉ်ထားခဲ့ပေမယ့် ထုတ်လုပ်ရေးအပိုင်းမှာ ကြန့်ကြာခဲ့တာကြောင့် တေးအယ်လ်ဘမ် ထုတ်လွှင့်မယ့်ရက်ကို ရွှေ့ဆိုင်းထားခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။ မတ် ၁၆ ရက်မှာ အဆိုပါ တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ပေးခဲ့ပြီဖြစ်ပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး လတ်တလော ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ Super Junior ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အွန်းဟွတ်က အဆိုပါ တေးအယ်လ်ဘမ်ကို အတော်လေး အားစိုက်ပြင်ဆင်ခဲ့ရကြောင်းနဲ့ ပရိသတ်တွေအတွက် စောင့်မျှော်ရကျိုးနပ်မယ့် တေးအယ်လ်ဘမ်တစ်ခု ဖြစ်တယ်လို့ ဆိုပါတယ်။

အဖွဲ့ခေါင်းဆောင် ဖြစ်သူ လီတက်ခ်ကတော့ ယင်း တေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ ယခင်ထွက်ရှိခဲ့ပြီး တေးအယ်လ်ဘမ်တွေနဲ့မတူတဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ကာ အလှည့်အပြောင်း တစ်ခုအဖြစ်လည်း ဖန်တီးထားကြောင်း၊ အဖွဲ့အနေနဲ့ တေးဂီတလောကမှာ ရှင်သန်နိုင်အောင်ကြိုးစားနေပြီး အဆိုပါ တေးအယ်လ်ဘမ်က အဆုံးအဖြတ် ဖြစ်လာမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ အရောင်းမြှင့်တင်ရေး လုပ်ငန်းတွေကိုလည်း လုပ်ဆောင်သွားဖို့ရာ ရည်ရွယ်ထားပြီး အဖွဲ့လိုက် လှုပ်ရှားမှုတွေအပြင် တစ်ဦးချင်းနဲ့ အဖွဲ့ဝင်အချို့တွဲဖက်ကာ လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်
ရေးသားသည်

# ရှုကိုပီမြို့ရဲ့ ဂုဏ်ထူးဆောင်မြို့တော်သားတွေဖြစ်လာတဲ့ BTS




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာတော့ အမေရိကန်ပြည်ထောင်စု မီနီဆိုးတားပြည်နယ်မှာရှိတဲ့ ရှုကိုပီမြို့ရဲ့ ဂုဏ်ထူးဆောင်မြို့သားအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS ရဲ့ အဖွဲ့ဝင်အားလုံးဟာ တောင်ကိုရီးယားမှာ မွေးဖွားကြီးပြင်းလာခဲ့ကြတာဖြစ်ပေမယ့် သူတို့ဟာ ရှုကိုပီမြို့ရဲ့ ဂုဏ်ထူးဆောင်မြို့သားတွေအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ရှုကိုပီမြို့တော်ကောင်စီရဲ့ ထုတ်ပြန်ချက်အရ BTS ဟာ မြို့တော်ရဲ့ နောက်ဆုံးဂုဏ်ထူးဆောင်မြို့သားတွေဖြစ်ကြောင်းလည်း သိရပါတယ်။

BTS အဖွဲ့ဝင်တွေအနက် ရှုဂါနဲ့ ဗွီဟာ ဒယ်ဂူးမြို့မှာ ကြီးပြင်းခဲ့တာဖြစ်ပြီး ဂျီမင်းနဲ့ ဂျုံးဂုတို့ကတော့ ဘူဆန်မြို့သားတွေဖြစ်ကြပါတယ်။ ဂျေဟုတ်ကတော့ ဂွမ်ဂျူးမြို့ကဖြစ်ပြီး ဂျင်ကတော့ ဂွါချွန်းမြို့ကဖြစ်ကာ အာရမ်ကတော့ အီဆန်မြို့မှာ ကြီးပြင်းခဲ့သူတစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။

# အတ္တလန္တာအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်လှမ်း

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အတ္တလန္တာအသင်းတို့ မတ် ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ဒုတိယအကျော့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက အတ္တလန္တာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အတ္တလန္တာအသင်းတို့ရဲ့ ဒုတိယအကျော့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၄ မိနစ်မှာ ဘင်ဇီမာ၊ မိနစ် ၆၀ မှာ ရာမို့စ်(ပင်နယ်တီ)နဲ့ ၈၄ မိနစ်မှာ အလွန်ဆိုတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး အတ္တလန္တာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၈၃ မိနစ်မှာ မူရီယယ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဘင်ဇီမာဟာ အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ၂၁ ဂိုးအထိရှိလာခဲ့ပြီး ချန်ပီယံလိဂ်သွင်းဂိုးစုစုပေါင်း ၇၀ အထိ ရှိလာခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းကတော့ အတ္တလန္တာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို ၃၆ ကြိမ်မြောက်အဖြစ် တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ဆုဖလားကို ၁၃ ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး နောက်ဆုံးဘောလုံးရာသီသုံးရာသီအတွင်းမှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။



# ဂျူဗင်တပ်အသင်းမှ ထွက်ခွာခဲ့ပါက မန်ယူအသင်းသို့ တိုက်စစ်မှူး စီရိုနယ်လ်ဒို ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိနေ



တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ လက်ရှိကလပ် ဂျူဗင်တပ်အသင်းကနေ ထွက်ခွာခဲ့ပါက အသင်းဟောင်းတွေထဲက မန်ယူအသင်းဆီကိုသာ ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိနေတယ်လို့ သိရပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ အသင်းဟောင်းတွေထဲက ရီးယဲလ်မက်ဒရစ်အသင်းကတော့ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူဖို့ စီစဉ်နေတာကြောင့် စီရိုနယ်လ်ဒိုကို ပြန်လည်ခေါ်ယူဖို့ မရှိဘူးလို့ သိရပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုဟာ ဂျူဗင်တပ်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီးနောက် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဂျူဗင်တပ်အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပြီးခဲ့တဲ့တစ်ပတ်အတွင်းက ဂျူဗင်တပ်အသင်းနဲ့ ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ဒုတိယအကျော့ပွဲစဉ်မှာ ပေါ်တိုအသင်းဘက်ကို အလွတ်တည်ကန်ဘောကနေ ဂိုးပေးလိုက်ရချိန်မှာ ခြေထောက်ကို ဟပေးခဲ့သလို ဖြစ်ခဲ့ကာ ပေါ်တိုအသင်းကို ဂိုးပေးလိုက်ရပြီးနောက် ပြစ်တင်ဝေဖန်မှုတွေခံခဲ့ရတာလည်း ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းနဲ့အတူ ဘောလုံးရာသီခြောက်ရာသီ ပါဝင်ကစားပေးခဲ့ရာမှာ ပရီမီယာလိဂ်ဖလား သုံးကြိမ်နဲ့ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်ရယူပေးခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ မန်ယူအသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ လက်ရှိကလပ် ဂျူဗင်တပ်အသင်းနဲ့ချုပ်ဆိုထားတဲ့ စာချုပ်က ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ဂျူဗင်တပ်အသင်းကနေ ထွက်ခွာခဲ့ပါက အသင်းဟောင်းမန်ယူအသင်းဆီကိုသာ ပြောင်းရွှေ့ကစားလိမ့်မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေခဲ့တာ ဖြစ်ပါတယ်။

❖ မန်စီးတီးအသင်းမှ

ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီလည်းဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးဘောလုံးရာသီရှစ်ရာသီမှာ သွင်းဂိုး ၁၀၀ ကျော်သွင်းယူနိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းက မိုချန်ဂလာဘတ်ချ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲ အရပ်ရပ် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၅ ပွဲမှာ ၂၄ ပွဲအထိ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အဲဒီ ၂၅ ပွဲမှာ မန်ယူအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်တစ်ပွဲသာ ရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ မိုချန်ဂလာဘတ်ချ်ကို အနိုင်ရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ဆုဖလားလေးလုံးအထိ ရယူဆွတ်ခူးနိုင်မယ့် မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေသလို အက်ဖ်အေဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်၊ ကာရာဘောင်ဖလားပွဲစဉ်မှာ နောက်ဆုံးဗိုလ်လုပွဲအဆင့် အသီးသီးတက်လှမ်းခွင့်ရရှိထားတာဖြစ်ပါတယ်။

နည်းပြဂွာဒီယိုလာဟာ ဘာစီလိုနာအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့စဉ်က ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် မန်စီးတီးအသင်းနည်းပြဖြစ်လာချိန်မှာတော့ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်မှ ရယူပေးနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နည်းပြဂွာဒီယိုလာဟာ ဘောလုံးရာသီလေးရာသီအတွင်းမှာ မန်စီးတီးအသင်းကို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို သုံးကြိမ်နဲ့ ၁၆ သင်းအဆင့်ကို တစ်ကြိမ် အသီးသီးတက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဆွီဒင်အသင်းနှင့်အတူ ပြန်လည်ပါဝင်လာတော့မည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်



ဆွီဒင်အသင်းရဲ့ စံချိန်တင်ဂိုးသွင်းရှင်တစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ နိုင်ငံလက်ရွေးစင် ကစားသမားဘဝကနေ အနားယူခဲ့ပြီးနောက် ငါးနှစ်အကြာမှာ ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်းက ပြန်လည်ခေါ်ယူခဲ့တာကြောင့် ယခုလအတွင်းမှာ ကျင်းပမယ့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေမှာ ပြန်လည်ပါဝင်လာတော့မှာ ဖြစ်ပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်း ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ အုပ်စုအဆင့်ကနေ မထွက်ရမီကာလအတွင်း ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်းအတွက် ၁၁၆ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးစုစုပေါင်း ၆၂ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက သတင်းစာတစ်ခုနဲ့ အင်တာဗျူးမှာ ဆွီဒင်အသင်းကနေ ပြန်လည်ခေါ်ယူပါက အမြဲတမ်း တံခါးဖွင့်ထားကြောင်း ပြောကြားခဲ့တာကြောင့် ဆွီဒင်နိုင်ငံ လက်ရွေးစင်အသင်းရဲ့ နည်းပြဂျန်နီအန်ဒါဆန်ဟာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို နိုင်ငံအသင်းမှာ ပြန်လည်ခေါ်ယူရေး တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ဖို့ မီလန်မြို့ဆီ သွားရောက်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေပွဲစဉ် ၁၄ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၄ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဆွီဒင်နိုင်ငံ လက်ရွေးစင်အသင်းဟာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် မတ် ၂၅ ရက်မှာ ဂျော်ဂျီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မတ် ၂၈ ရက်မှာ ကိုဆိုဗိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အသက် ၁၉ နှစ်အရွယ်မှာ ဆွီဒင်နိုင်ငံ လက်ရွေးစင်အသင်းနဲ့ ဖာရိုးကျွန်းစုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာ နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့တာဖြစ်ပြီး အဇာဘိုင်ဂျန်အသင်းနဲ့ပွဲစဉ်မှာ ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ယူရို ၂၀၁၂ ပြိုင်ပွဲမှာ ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံခဲ့ရတာဖြစ်ပါတယ်။ အီဘရာဟီမိုဗစ်ဟာ အင်တာမီလန်အသင်း၊ ဂျူဗင်တပ်အသင်း၊ ဘာစီလိုနာအသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ မန်ယူအသင်းတို့မှာ ကစားသမားဘဝဖြတ်သန်းခဲ့ရာမှာ ပွဲစဉ်စုစုပေါင်း ၈၂၉ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး စုစုပေါင်း ၅၀၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ မန်ယူအသင်းမှာ ရှိနေစဉ် ပွဲစဉ်စုစုပေါင်း ၅၃ ပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုးစုစုပေါင်း ၂၉ ဂိုးသွင်းယူပေးခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ အမေရိကန်မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ၂၀၂၀ ဇန်နဝါရီလအတွင်းမှာတော့ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းဆီ ခြောက်လစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

❒ ကျောဖုံးမှ

ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ သောက်သုံးရေအဆင်ပြေစေရန် ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထို့ပြင် အရာတော်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် သစ္စာပြုတောင်ဘုန်းတော်ကြီးကျောင်းများသို့ မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၃၂၀၀ ကို သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# COVID-19 Fund မှ ချေးငွေ ရယူထားသူများ ချေးငွေပြန်ဆပ်ရန်ကာလ နောက်ထပ် (၆) လ တိုးမြှင့်ပေးကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

သတင်းထုတ်ပြန်ချက် (၁/၂၀၂၁)
၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်

၁။ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက COVID–19 ကပ်ရောဂါကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) ဖြင့် COVID–19 Fund မှ ချေးငွေထုတ်ပေးခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ အစောဆုံးထုတ်ပေးခဲ့သည့် ချေးငွေများမှာ မကြာမီကာလအတွင်း တစ်နှစ်ပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့်ကာလ စေ့ရောက်တော့မည် ဖြစ်ပါသည်။

၂။ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန်ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၃။ သို့ပါ၍ COVID–19 Fund မှ ချေးငွေ ရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။



## မိတ္ထီလာမြို့နယ်မီးသတ်ဦးစီးဌာနက သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများကို သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**မိတ္ထီလာ မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနက သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများကို မတ် ၁၆ ရက် နံနက်ပိုင်းတွင် သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာပါက သောက်သုံးရေများကို မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။ ထိုသို့ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ အင်းပလက်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့သည့်အပြင် ဆူးဖြူကွက်ကျေးရွာရှိ **စာမျက်နှာ ၃၀ ကော်လံ ၁ သို့** ❒

## ကြေးမုံ ယနေ့ ဇတ်စရာ

**သုခတော်ဝင်အိမ်ရာတွင် ဒုတိယအဆင့် ဆောက်လုပ်ပြီးစီးသည့် တိုက်များမှ ငွေပေးသွင်းပြီးသော မြေညီထပ် အခန်း (၃၀)၊ ပထမထပ်(၂၂)ခန်းနှင့် ဒုတိယထပ် (၁၄)ခန်း စုစုပေါင်း(၆၆)ခန်းတို့အား မဲနှိုက်နေရာချထားခြင်း အခမ်းအနားကျင်းပ**

စာမျက်နှာ » ၉

**အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၀၀ ခန့် ထပ်မံတွေ့ရှိ**

စာမျက်နှာ » ၁၃

**ရိုးသား နိုးကြား ကြိုးစား အကျိုးတရား တိုးပွားမည်**

စာမျက်နှာ » ၂၂

**အတ္တလန်တာအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တက်လှမ်း**

စာမျက်နှာ » ၃၀

# မန်စီးတီးအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ ဘောလုံးရာသီလေးရာသီဆက်တိုက် တက်လှမ်း

မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ် ၁၇ ရက် နံနက်ပိုင်းက မိုချန်ဂလာဘတ်ချ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ပထမအကျော့မှာလည်း နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပါတယ်။



### လေးရာသီဆက်တိုက် တက်လှမ်းနိုင်ခဲ့

မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို ဘောလုံးရာသီလေးရာသီဆက်တိုက် တက်လှမ်းနိုင်ခဲ့တာဖြစ်ပြီး ယခုဒုတိယအကျော့မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၁၂ မိနစ်မှာ ဒီဘရိုင်းက တစ်ဂိုးနဲ့ ပွဲကစားချိန် ၁၈ မိနစ်မှာ ဂွန်ဒိုဂန်က တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ မိုချန်ဂလာဘတ်ချ်အသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ် နှစ်ကျော့စလုံးကို ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ရှိ ပက်စ်ကက်စ်အရီနာဘောလုံးကွင်းမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ တိုက်စစ်ကစားသမားစစ်စစ်မပါခဲ့ပေမယ့် မိုချန်ဂလာဘတ်ချ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး အဲဒီပွဲစဉ်မှာ နှစ်ဂိုးရရှိခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ **စာမျက်နှာ ၃၀ ကော်လံ ၁ သို့** ❖